


# The VOICE Daily




Vol. 5 / No. 210 | Established in 2004 | ၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ( ၁၀ ) ရက်၊ (Wednesday, December 13, 2017)




## အစိုးရ၏ စီးပွားရေးမူဝါဒ မပြတ်သား၍ ပြည်ပရင်းနှီးမြှုပ်နှံမှု သိသာစွာလျော့ကျဟု စစ်တမ်းဆို

စာ 7

## မန္တလေးမြို့ပေါ်တွင် အစိုးရအကူးအပြောင်း၌ ချထားပေးခဲ့သော မြေကွက် ၁၃၅ ကွက်ကို ဂရန်ဖျက်သိမ်း

စာ 2

## ကနီမြို့ အထက်တန်းကျောင်းတွင် ရိုက်ပွဲဖြစ်၊ ကျောင်းသားခြောက်ဦး ဒဏ်ရာရ

စာ 28

## ရန်ကုန်၌ ကားနေရာဦးသည့် ပစ္စည်းများကို တစ်ပတ် နှစ်ကြိမ် သိမ်းဆည်း

စာ 3

# မြန်မာလူဦးရေ သုံးပုံတစ်ပုံခန့် ဆင်းရဲနွမ်းပါးဟု အစိုးရနှင့် ကမ္ဘာ့ဘဏ် ပူးတွဲထုတ်ပြန်

ရန်ကုန်၊ ဒီဇင်ဘာ ၁၂

မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ ဆင်းရဲနွမ်းပါးသည့် အခြေအနေ၌ရှိကာ ကျေးလက်၌ ၁၃ သန်းကျော်နှင့် မြို့ပြ၌ ၂ သန်းရှိကြောင်း အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ ပူးတွဲထုတ်ပြန်လိုက်သည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့က နေပြည်တော်၌ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေ လေ့လာစိစစ်ချက်အစီရင်ခံစာ ဒုတိယတွဲကို ထုတ်ပြန်ခြင်းဖြစ်သည်။

ယခုအစီရင်ခံစာကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ ဆင်းရဲမှုနှင့် စားဝတ်နေရေးအခြေအနေ လေ့လာမှုစစ်တမ်း ပထမအတွဲပါ အချက်အလက်

စာ 2




ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာဆူရာကီယတ် ဆက်သီရာထိုင်းတို့ နေပြည်တော်တွင် ဩဂုတ်လ ၉ ရက်က တွေ့ဆုံစဉ်

**Bangkok Post သတင်းစာပါ Larry Jagan ၏ Myanmar launches diplomatic offesinve ဆောင်းပါးကို NLM ဘာသာပြန်သည်။**

မြန်မာနိုင်ငံသည် မွတ်ဆလင်ရိုဟင်ဂျာများအပေါ် ပြုမူကိုင်တွယ်ပုံနှင့် ပတ်သက်၍ နိုင်ငံတကာ ပြစ်တင်ဝေဖန်မှုများ ကြီးထွားလာခြင်းကြောင့် သံတမန်ထိုးစစ်ကို စတင်လိုက်ပြီဖြစ်သည်။ မြားဦးသုံးဖက်ပါသော ထိုးစစ်သည် ကုလသမဂ္ဂကို ဖြေရှင်းရန်၊ အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရေး တောင်းဆိုမှုများကို ဖယ်ရှားရန်၊ ရခိုင်ပြည်နယ် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်သင့်မြတ်ရေး အစီအစဉ်များတွင် နိုင်ငံတကာအသိုင်းအဝိုင်းအား ထိတွေ့ဖို့ ကြိုးစားရန် ရည်ရွယ်သည်။

အဆိုပါပြောင်မြောက်သော ထိုးစစ်သည် ကုလ လုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများ ပြန်လည် ချမှတ်ရေး ကြိုးပမ်းမှုများ၏ နောက်ကွယ်တွင် ကိုင်တွယ်နေသည်ဟု ယူဆရသော အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အာရှမွတ်ဆလင်နိုင်ငံ များကို အဓိကရည်ရွယ်သည်။ ပြီးခဲ့သော အပတ်က မြန်မာအစိုးရ၏ အနေအထား

စာ 15



# မန္တလေးမြို့ပေါ်တွင် အစိုးရအကူးအပြောင်း၌ ချထားပေးခဲ့သော မြေကွက် ၁၃၅ ကွက်ကို ဂရန်ဖျက်သိမ်း

**မန္တလေး၊ ဒီဇင်ဘာ ၁၂**

ကြံ့ခိုင်ရေးပါတီ အစိုးရမှ NLD အစိုးရသို့ အကူးအပြောင်းကာလအတွင်း မန္တလေးမြို့ပေါ်တွင် လူပုဂ္ဂိုလ်အမည်များဖြင့် ချထားပေးခဲ့သည့် အများပြည်သူနှင့် သက်ဆိုင်သော ဧကကျယ်မြေကွက်နှင့် ပလပ်မြေ ၁၃၅ ကွက်ကို ဂရန်များ ပယ်ဖျက်ပြီး အစိုးရစီမံခန့်ခွဲပိုင်ခွင့်မြေ (အစိုးရမြေ) အဖြစ် ပြန်လည်သိမ်းထားကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

"အစိုးရအကူးအပြောင်းကာလမှာ လုပ်သွားတဲ့မြေတွေကို ပြန်သိမ်းဖို့ပဲ။ အခု စိစစ်ထားတဲ့ မြေကွက်ပေါင်း ၁၃၅ ကွက်လုံးကို မြေပေးမိန့်တွေပယ်ဖျက်လိုက်ပြီ။ ဂရန်တွေလည်း ပယ်ဖျက်လိုက်ပြီ။ ကျန်တာတွေကို မြို့တော်စည်ပင်ကပဲ လုပ်သွားလိမ့်မယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲ အလွန် အာဏာမလွှဲပြောင်းမီကာလဖြစ်သော ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်မှ ၂၀၁၆ခုနှစ်၊ ဩဂုတ် ၃၀ အတွင်း ကျောင်း၊ အားကစားကွင်း၊ ဆေးရုံ၊ ဆေးခန်း ဖွင့်လှစ်ရန်နှင့် စီမံကိန်းတစ်ခုလုပ်ဆောင်ရန် လျာထားသည့်မြေကွက်များ၊ မြို့မြေယာစီမံခန့်ခွဲရေးကော်မတီက မြေကွက်ရိုက်ချထားပြီး ကျန်ရှိနေသည့်မြေကွက်များနှင့် စည်ပင်သာယာက စီမံခန့်ခွဲခွင့်ရှိသည့် မြေကွက်များ၊ အများပြည်သူနှင့် သက်ဆိုင်သောမြေများကို လူပုဂ္ဂိုလ်အမည်များဖြင့် တစ်ဦးတည်းပိုင်မြေများအဖြစ် ချထားပေးခဲ့ခြင်းဖြစ်သည်။

အစိုးရအကူးအပြောင်းကာလမှာ ယခင်တိုင်းဒေသကြီး အစိုးရလက်ထက်က ချထားပေးခဲ့တဲ့ မြေကွက် ပေါင်း ၂၀၀ ကျော်ရှိခဲ့တယ်။ အဲဒီထဲကမှ ပြန်လည်စိစစ်ပြီး ဂရန်မြေပြန်သိမ်းတာက ၁၃၅ ကွက်ပါ။ ကျန်တဲ့အကွက်တွေဟာ စီးပွားရေးလုပ်ငန်းရှင်တွေက တောင်သူတွေဆီကနေဝယ်ယူပြီး အခြားနည်းသုံးစွဲခွင့်လျှောက်လို့ရတဲ့ ဟာတွေရှိသလို၊ မြို့မြေဂရန်တွေအဖြစ် လုပ်ဆောင်ထားတာတွေလည်းရှိတယ်။ အခုပြန်သိမ်းတဲ့ အကွက်ပေါင်း ၁၃၅ ကွက်ဆိုတာကလည်း လူဦးရေ ၁၃၅ ဦးပိုင်ဆိုင်တာ မဟုတ်ဘူး။ တစ်ဦးတစ်ယောက်တည်းကနေ သုံး၊ လေး၊ ငါးကွက် ပိုင်ဆိုင်ထားတဲ့သူတွေ ဖြစ်နေတယ်။ အရေအတွက်ကျတော့ ပြောလို့မရသေးဘူး။ ခုလက်ရှိ ဂရန်သိမ်းထားတာတွေက လုပ်ထုံးလုပ်နည်းနှင့် မညီဘဲ ချပေးခဲ့တဲ့မြေ ရာနှုန်းပြည့် ပြန်သိမ်းတယ်လို့ပြောလို့ရပါတယ်" ဟု ချမ်းမြသာစည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောကြားသည်။

မြေကွက်များချထားပေးမှုတွင် လူပုဂ္ဂိုလ်အမည်များ၊ ပါတီနှင့် အသင်းအဖွဲ့အစည်းများကို ချထားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့အနက်အသက် (၁၈) နှစ်မပြည့်သေးသည့် ကလေးငယ်တစ်ဦးကိုမြေကွက်ချထားပေးမှုလည်း ပါရှိခဲ့ကြောင်း၊ မြေကွက်များကိုကာလပေါက်ဈေးအတိုင်းမဟုတ်ဘဲ တစ်ပေပတ်လည်လျှင် ၄၀၀၀၊ ၁၀,၀၀၀ ကျပ်နှုန်းဖြင့်ပေးခဲ့ရာ အကွက်ပေါင်း ၁၃၅ ကွက်အတွက် စုစုပေါင်းဧက ၂၀၀ ကျော်ခန့်ရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အစိုးရအကူးအပြောင်းကာလတွင် အမည်ပေါက်ချထားပေးခဲ့သည့် မြေကွက်များမှာ အနည်းဆုံး ပေလေးဆယ်ခြောက်ဆယ်မြေကွက်မှ ခြောက်ဧကကျော် အကျယ်အဝန်းရှိသည့် မြေကွက်များလည်းပါဝင်ပြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ၈၅ ကွက်အထိရှိကာ အများဆုံးချပေးခဲ့သည့် မြို့နယ်ဖြစ်ကြောင်း၊ ချမ်းမြသာစည်မြို့နယ်တွင် အကွက်ပေါင်း လေးဆယ်ရှိကြောင်းနှင့် အမရပူရမြို့နယ်တွင် ကိုးကွက်၊ ချမ်းအေးသာစံမြို့နယ်တွင် တစ်ကွက်တို့ပါဝင်ကြောင်း ဦးမြင့်အောင်မိုးက ဆိုသည်။

အစိုးရအကူးအပြောင်း ကာလအတွင်း မန္တလေးတိုင်းဒေသကြီးရှိ အများပြည်သူနှင့် သက်ဆိုင်သောဧကကျယ် မြေကွက်များနှင့် ပလပ်မြေများကို လူပုဂ္ဂိုလ်အမည်များဖြင့် ချထားပေးခဲ့သည့်အကွက်ပေါင်း ၂၂၈ ကွက်ရှိသည့်အနက် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၁၃၅ ကွက်မှာ လုပ်ထုံးလုပ်နည်းများအညီ ချထားပေးခဲ့ခြင်း မဟုတ်ကြောင်း စိစစ်တွေ့ရှိခဲ့သည့်အတွက် ဂရန်မြေအဖြစ်မှ ပယ်ဖျက်ပြီး အစိုးရပိုင် မြေအဖြစ်ပြန်လည်သိမ်းယူခဲ့ခြင်းဖြစ်ကာ သိမ်းယူခံရသူများ ပေးသွင်းထားခဲ့သော ငွေများကိုလည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ပြန်လည်ပေးအပ်သွားမည် ဖြစ်သည်။

အစိုးရက ပြန်လည်သိမ်းယူထားသည့် မြေကွက်များအနက် အချို့မြေကွက်များကို ဌာနဆိုင်ရာများ အဆောက်အအုံအဖြစ် ဆောက်လုပ်နိုင်ရန်ချထားပေးသွားမည်ဖြစ်ပြီး ရုံးဆောက်လုပ်မည့် ဌာနအနေနှင့် မူလမြေပိုင်ရှင် သွင်းထားခဲ့သည့်တန်ဖိုးငွေအတိုင်း ပေးသွင်းရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။ ■ M-04

# NEWS PHOTO



ဓာတ်ပုံ - မြမိုးညို

သီရိမင်္ဂလာဈေးသစ်အနီး ဘုရင့်နောင်လမ်းမ ကွန်ကရစ်အစပ်ပေါ်တွင် အမှိုက်နှင့် သဲမြေစာများ စွန့်ပစ်ပုံနေသည့် မော်တော်ယာဉ်တစ်စီးကို ဒီဇင်ဘာလ ၁၂ ရက်နေ့ ညနေပိုင်းက တွေ့မြင်ရစဉ်။ ယင်းကဲ့သို့ မြေကြီးများ စွန့်ပစ်ထားသည်ကို ရန်ကုန်မြို့၏ လမ်းမကြီး နေရာအတော်များများတွင်လည်း တွေ့နေရသည်။

## မျက်နှာဖုံး - မြန်မာလူဦးရေ၏ သုံးပုံတစ်ပုံခန့် ဆင်းရဲနွမ်းပါးမှ အဆက်

များကို အခြေအနေ အချိန်အခါနှင့်လျော်ညီသည့်အိမ်ထောင်စုများ၏ သုံးစွဲမှုပုံစံများကို ထည့်သွင်းတွက်ချက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုတိုင်းတာသည့်နည်းလမ်းကို ပြန်လည်စိစစ်သုံးသပ်နိုင်ရန် အကြံပြုဖော်ပြသည့် အစီရင်ခံစာဖြစ်သည်။

၂၀၀၄ မှ ၂၀၁၅ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ဆင်းရဲနွမ်းပါးမှုနှုန်းမှာ စုစုပေါင်းလူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏လူဦးရေ စုစုပေါင်း ၁၅ ဒသမ ၈သန်းမှာ ဆင်းရဲနွမ်းပါးသည့် အခြေအနေတွင် နေထိုင်လျက်ရှိပြီး ၁၃ ဒသမ ၈ သန်းမှာ ကျေးလက်တွင်နေထိုင်ကာ ကျန်ရှိသည့် ၂ သန်းမှာ မြို့ပြများတွင် နေထိုင်ကြောင်း ယင်းအစီရင်ခံစာအရ သိရသည်။

ယခုအစီရင်ခံစာတွင် ကျန်းမာရေးနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် စီးပွားရေးအပေါ်သက်ရောက်မှုရှိစေသည်ကို ဖော်ပြထားပြီး ကျန်းမာရေးမကောင်းမှုကြောင့် တစ်နှစ်အတွင်း အလုပ်လုပ်နိုင်သည့် နေ့ရက်များ၏ ၄ ရာခိုင်နှုန်းကို ဆုံးရှုံးနေရကာ နိုင်ငံ၏ လူဦးရေအများစုမှာ ယင်းပြဿနာနှင့် ရင်ဆိုင်နေကြသည်။

"ဆင်းရဲနွမ်းပါးတဲ့အခြေအနေကို သိလာရတာ ကောင်းပါတယ်။ နိုင်ငံတော်က ပြည်သူတွေအတွက် ဘဝတိုးတက်ရေးအတွက် အစီအစဉ်တွေဆွဲတဲ့အခါ အထောက်အကူဖြစ်တယ်။ ဒီအစီရင်ခံစာက အစိုးရနဲ့ ကမ္ဘာ့ဘဏ်နဲ့ပေါင်းပြီးလုပ်တာပါ" ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်၏ ပြောကြားချက်ကို ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

၂၀၀၄ ခုနှစ်က ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၄၈ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၅ ခုနှစ်တွင် ၃၁ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းရာခိုင်နှုန်းများကို ကြည့်မည်ဆိုလျှင် လွန်ခဲ့သည့် ၁၀ နှစ်က ဆင်းရဲနွမ်းပါးမှုမှာ လူဦးရေ စုစုပေါင်း၏ တစ်ဝက်ခန့်ရှိပြီး ၂၀၁၅ ခုနှစ်တွင် သုံးပုံတစ်ပုံရှိသည့်အတွက် ဆင်းရဲနွမ်းပါးမှုမှာ အနည်းငယ်လျော့ကျခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူ နည်းပါးပြီး မှီခိုသူ လူဦးရေများပြားကြောင်း၊ ဝင်ငွေရှာပေးနိုင်သည့် မြေယာနှင့် လယ်ယာသုံးပစ္စည်းများမှာလည်း အနည်းငယ်ရှိကြောင်း၊ အလွန်အမင်းဆင်းရဲသူများမှာ ကျပန်းအလုပ်သမားများ သို့မဟုတ် မြေယာအနည်းငယ်ပိုင်ဆိုင်သူများဖြစ်ပြီး ဝင်ငွေရသည့် အခြားနည်းလမ်းမှာလည်း အနည်းငယ်သာ ရှိကြောင်း အစီရင်ခံစာကဆိုသည်။

ဆင်းရဲနွမ်းပါးမှုကို စစ်တမ်းကောက်ခံရာတွင် အိမ်ထောင်စုများ၏ အသုံးစရိတ်၊ မိုဘိုင်းလ်ဖုန်းကဲ့သို့ တာရှည်ခံပစ္စည်းများ သုံးစွဲနိုင်မှုစသည့် အခြေအနေများပေါ်တွင် တွက်ချက်ထားခြင်းဖြစ်ပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွက် စစ်တမ်းကိုမူ ၂၀၁၈ အကုန်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း ယင်းပူးတွဲအစီရင်ခံစာအရ သိရသည်။ ■ J-13

## ဒြပ်မဲ့ယဉ်ကျေးမှု ဆယ်မျိုးကို အမျိုးသားအဆင့်တင်သွင်းရန် စီစဉ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

နိုင်ငံအနှံ့ကောက်ယူထားသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမျိုးအစားများမှ ပဏာမ ဆယ်မျိုးကို ယခုနှစ်အတွက် အမျိုးသားအဆင့် တင်သွင်းရန် စီစဉ်နေကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ အနုပညာဦးစီးဌာနမှ သုတေသနလက်ထောက် (၁) ဦးတင်လတ်ယုက ပြောကြားသည်။

"သတ်မှတ်တာကတော့ ယဉ်ကျေးမှုဗဟိုကော်မတီက သတ်မှတ်မှာပါ။ လက်ရှိမှာပဏာမ ဆယ်မျိုး သတ်မှတ်ထားတယ်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာနဲ့ စာရင်းပြုစုပြီးဌာနက တင်သွင်းမှာပါ" ဟု ၎င်းကဆိုသည်။

ပဏာမတင်သွင်းမည့်ဒြပ်မဲ့ယဉ်ကျေးမှု ဆယ်မျိုးသည် ကချင်သစ်ခွချည်လုပ်ငန်း၊ ကယန်းပဒေါင်ကြေးကွင်းစွပ်ဓလေ့၊ ကရင်ဖားစည်၊ ချင်းအထိမ်းအမှတ်မော်ကွန်းကမ္ပည်းတိုင်စိုက်ထူခြင်း၊ သနပ်ခါး၊ မွန်မိကျောင်းတူရိယာ၊ ရခိုင်နံ့သာ သွေးပွဲ၊ ရှမ်းအင်းလေးကြာချည်ထုတ်လုပ်ငန်း၊ လွန်းရာကျော်ချိတ်လုပ်ငန်းနှင့် ထားဝယ်ရေအိုးရွက်ယိမ်းတို့ ပါဝင်ကြောင်း အနုပညာဦးစီးဌာနထံမှ သိရသည်။

ဒြပ်မဲ့ယဉ်ကျေးမှုများကို အမျိုးသားအဆင့်သတ်မှတ်နိုင်ရန် နိုင်ငံအနှံ့တွင် ယူနက်စကိုနည်းလမ်းများအတိုင်း စာရင်းကောက်ယူမှုများရှိခဲ့ပြီး လာမည့်နှစ်မှစ၍ အမျိုးသားအဆင့်သတ်မှတ်ရန် ဌာနအတွင်း ညှိနှိုင်းမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုများကို စာရင်းကောက်ယူရာတွင် ယူနက်စကိုမှ သတ်မှတ်ထားသည့်စံနှုန်းများဖြစ်သည့် ပါးစပ်ရာဇဝင်နှင့်ဘာသာစကားများ၊ ဖျော်ဖြေမှုအနုပညာများ၊ ရိုးရာဓလေ့အလေ့အထနှင့်လူမှုရေးအစဉ်အလာများ၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတများ၊ ရိုးရာလက်မှုပညာများကို အဓိကကဏ္ဍ ငါးခုအဖြစ် သတ်မှတ်ကောက်ယူလေ့ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနထံမှသိရသည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုများကို ရိုးရာဓလေ့အရသာ သားစဉ်မြေးဆက် ထိန်းသိမ်းသည့်ပုံစံရှိခဲ့ပြီး စနစ်တကျထိန်းသိမ်းထားခြင်း မရှိသေးကြောင်းနှင့် အဆိုပါဒြပ်မဲ့များသည် အခြားယဉ်ကျေးမှုများ၏ ရိုက်ခတ်မှုများကို ခံရစမြဲဖြစ်သောကြောင့် စနစ်တကျထိန်းသိမ်းထားရန် လိုအပ်ကြောင်း ရှေးဟောင်းပညာရှင်များထံမှသိရသည်။ ■ J-14

MIHARA
3 to 45 CAR RENTAL & TOURS
Ph: 09-420773444, 09-5009552, 09-49218700

မိဘမေတ္တာ (Gas)
Ph: 09-73232280, 09-5061497, 09-795061497

စာပေးစာယူဥပဒေ
ဆရာကြီးရာဇာဇော်ဝင်း (LL.B)
Ph: 01-394727, 01-399426
09-73009994, 09-5152521

# ရန်ကုန်၌ ကားနေရာဦးသည့် ပစ္စည်းများကို တစ်ပတ် နှစ်ကြိမ် သိမ်းဆည်း

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြို့တွင်း မြို့နယ်များရှိ စည်ပင်ပိုင်မြေပေါ်တွင် ကားရပ်နားရန် ကျူးကျော်နေရာချထားသည့်ပစ္စည်းများကို တစ်ပတ်လျှင် နှစ်ကြိမ်ခန့်အထိ တိုးမြှင့်ကာ သိမ်းဆည်းလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

ယခုလက်ရှိ မြို့တွင်းမြို့နယ်များရှိ ကွန်ဒို၊ တိုက်ခန်းများ၊ ကုမ္ပဏီများ၊ ဘဏ်များ၊ ရှော့ပင်းစင်တာများရှေ့တွင် တစ်ဦးတည်းပိုင်အဖြစ် ကားရပ်နားရန် နေရာဦးထားသည့် ဆိုင်းဘုတ်များ၊ တာယာများ၊ တွန်းလှည်းများ၊ ပန်းအိုးများ၊ ခုံများနှင့် ဝါးလုံးများကို သက်ဆိုင်ရာမြို့နယ်စည်ပင်ရုံးများမှ ရုံးကားဖြင့် သိမ်းဆည်းနေကြောင်း ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

“အခုလက်ရှိ ညွှန်ကြားချက်နဲ့ အိမ်ရှေ့တွေမှာ နေရာဦးထားတဲ့ ပစ္စည်းတွေကို တစ်ပတ်ကိုတစ်ရက် မဖြစ်မနေ သိမ်းတယ်။ အခုဆို တစ်ပတ်ကို နှစ်ရက် သိမ်းဆည်းတယ်။ တာယာကွင်း၊ ပန်းအိုးတွေသိမ်းလည်း လိုက်နာမှုမရှိဘူး။ ပြန်ရောက်လာတာပဲ။ သိမ်းလည်း ဘာမှတော့ မပြောဘူး။ ပစ္စည်းချတာဘယ်တော့မှ ဝန်မခံတော့ တရားစွဲဆိုလို့ မရဘူး” ဟု ၎င်းကဆိုသည်။

ယခုလက်ရှိ ရန်ကုန်မြို့တွင်း မြို့နယ်နှင့် ဆက်စပ်မြို့နယ်များတွင် ကားပါကင်နေရာနှင့် လမ်းနယ်ကျူးကျော်သူများကို စည်ပင်ထံသို့ တိုင်ကြားနိုင်ပြီး တိုင်ကြားစာများကို အလေးထားဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

“လသာ၊ လမ်းမတော်မြို့နယ်မှာဆို တာယာတွေ၊ ပန်းအိုးတွေနဲ့ ကားပါကင် နေရာဦးထားတဲ့သူတွေက အများကြီးပဲ။ စည်ပင်ပိုင်မြေပေါ်မှာ သူတို့ပိုင်သလိုမျိုး ကားပါကင်နေရာဦးထားတာတွေကို အမြဲတမ်းသိမ်းဆည်းပေးမယ်ဆို ကောင်းပါတယ်” ဟု လသာမြို့နယ်တွင် နေထိုင်သူ ဦးအောင်က ဆိုသည်။

စည်ပင်မြေပေါ် ကျူးကျော်ကာ တစ်ဦးတည်းပိုင်အဖြစ် ပြုလုပ်ထားသူများကို ဖမ်းဆီးရမိပါက စည်ပင်သာယာအက်ဥပဒေပုဒ်မ ၆၈ အရ ဒဏ်ငွေ ကျပ်တစ်သောင်းမှ ငါးသိန်းအထိ ဒဏ်ရိုက်နိုင်ပြီး တရားသူကြီး၏ ချမှတ်သည့် ဥပဒေအရ ဒဏ်ကြေးဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ **J-10**

# ရန်ကုန်ရှိ ထိန်းသိမ်းထားသည့်တောင်းရမ်းကလေးငယ် သုံးဆယ်ခန့်ကို လူမှုဝန်ထမ်းထံ အပ်နှံ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ရန်ကုန်မြို့တွင် တောင်းရမ်းစားသောက်နေသည့် လေလွင့်ကလေးငယ် သုံးဆယ်ခန့်ကို ဒီဇင်ဘာလဆန်းက စီမံချက်ဖြင့် ထိန်းသိမ်းကာ လူမှုဝန်ထမ်းဦးစီးဌာနသို့ အပ်နှံထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနထံမှ သိရသည်။

ကလေးငယ်များသည် အသက် ၆ နှစ်မှ ၁၃ နှစ်ကြားရှိပြီး လူစည်ကားသော တန်ခိုးကြီးဘုရားစေတီများ၊ လမ်းဆုံများနှင့် ရုပ်ရှင်ရုံများအပါအဝင် ယာဉ်ကြောပိတ်ဆို့သည့် မြို့တွင်းလမ်းမများတွင် နေ့စဉ်တောင်းရမ်းမှု ထူပြောလာခြင်းကြောင့် မြို့နယ်အဆင့်အလိုက် အထွေထွေအုပ်ချုပ်ရေးမှူး၊ စည်ပင်ရဲတပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဌာနတို့ ပူးပေါင်း၍ စီမံချက်အသွင်ဖြင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာနမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

“မီးပွိုင့်တွေမှာ ယာဉ်ကြောပိတ်နေချိန် စောင့်ပြီး တောင်းနေကြတယ်။ ယာဉ်မတော်တဆဖြစ်နိုင်သလို အန္တရာယ်လည်းများတယ်။ အရွယ်နဲ့မမျှဘူးလေ။ နောက်ပိုင်းကလေးတွေ ကိုယ်တိုင်အသက်မွေးဝမ်းကျောင်းအလုပ်ကို စိတ်ဝင်စားလာအောင် မွမ်းမံပေးမယ်။ သူတို့စိတ်ဓာတ်ပိုင်းလေးတွေ တိုးတက်ကောင်းမွန်ဖို့ ရည်ရွယ်တာပါ” ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့တွင် အရွယ်မရောက်ဘဲ တောင်းရမ်းစားသောက်နေရသော ကလေးငယ် ၁၅၀၀ ခန့် ရှိနိုင်သည်ဟု လူမှုဝန်ထမ်းဦးစီးဌာနက ခန့်မှန်းထားသော်လည်း စာရင်းအတိအကျကို စာရင်းပြုစုနေဆဲဖြစ်ပြီး ယခုနှစ်ဩဂုတ်က ကောက်ယူခဲ့သော အကြမ်းဖျင်းစာရင်းအရ တောင်းရမ်းကလေးငယ် ၉၀၀ ကျော်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနထံမှ သိရသည်။

လက်ရှိတွင် ကလေးသူငယ်များကို ကိုယ်ကျိုးစီးပွားရေးအတွက် တောင်းရမ်းရန်စေခိုင်းသည့် မည်သူမဆို ဥပဒေအရ အမြင့်ဆုံးပြစ်ဒဏ် ၅နှစ်အပါအဝင် ဒဏ်ငွေ ၇ သိန်းမှ ၁၅ သိန်းကြားဖြစ်စေ ချမှတ်နိုင်သည့် ဥပဒေကြမ်းတစ်ရပ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲထားပြီး ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုဆုံးဖြတ်မည်ဖြစ်သည်။

“အကျိုးစီးပွားပေါ် အခြေခံပြီး တောင်းခိုင်းမှုဖြစ်စဉ်တွေ နောက်ကွယ်မှာ များလာတယ်။ ဒါတွေကို ဖော်ထုတ်ပြီး ပြင်းပြင်း ထန်ထန် အရေးယူမှာပါ” ဟု ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့အပြင် ထိန်းသိမ်းစောင့်ရှောက်ထားသော လူငယ်ပြုပြင်ရေးသင်တန်းကျောင်းတွင်လည်း ကလေးငယ်အချို့မှာ အခွင့်အရေးရရှိပါက နှစ်စဉ်ထွက်ပြေးလျက်ရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာနထံမှ သိရသည်။

တောင်းရမ်းမှု အထူးထပ်ဆုံး နေရာများအဖြစ် မြို့တွင်းရုပ်ရှင်ရုံ၊ တန်ခိုးကြီးဘုရားစေတီ၊ ညဈေးတန်း၊ လသာမြို့နယ်၊ ၁၉လမ်း (တရုတ်တန်း) နှင့် အောင်မင်္ဂလာအဝေးပြေး၊ ဒဂုံရောအဝေးပြေး၊ လှည်းတန်းလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ မြေနီကုန်း၊ အင်းလျားကန်ဘောင်၊ ဆူးလေတို့တွင် အများဆုံးတွေ့ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနထံမှ သိရသည်။ **J-17**



# EDITORIAL

# စီးပွားရေးအတွက် အားနည်းချက်တွေကို မြန်မြန်ကုစားပါ

ယမန်နေ့က ဆိုခဲ့သည့် ကုန်သည်များ၏ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) နှင့် ဂျာမနီအခြေစိုက် စီးပွားရေး Think Tank တစ်ခုတို့ပြုလုပ်သော 'မြန်မာ့စီးပွားရေးစစ်တမ်း ၂၀၁၇' ထွက်ပေါ်လာချိန်တွင် ယင်းစစ်တမ်းဖတ်ရှုရသည်မှာ မြန်မာ့စီးပွားရေးနှင့်ပတ်သက်၍ မျှော်လင့်ထားသည့်အတိုင်းပင် အားရစရာကောင်းလှသည့် အချက်များမပါဝင်ခဲ့ပေ။ ပိုဆိုးသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုအပေါ် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်စိတ်ချမှုသည် ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၅ ရာခိုင်နှုန်း အထိပင် ကျဆင်းသွားခြင်းနှင့် အစိုးရ၏ မူဝါဒများရှင်းလင်းပြတ်သားမှု မရှိခြင်းတို့ပင်ဖြစ်ပေသည်။

UMFCCI စစ်တမ်း၏ အစီရင်ခံစာဖော်ပြချက်အရ စီးပွားရေးမူဝါဒများသာမက စီမံကိန်းများ ရှင်းရှင်းလင်းလင်းမရှိခြင်းသည် Business Confidence ဟုဆိုသည့် အဆိုပါ စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုလျော့ကျသွားခြင်းအတွက် အဓိကအခရာဖြစ်သည်ဟု ဆိုထားရာ မည်သည့်မူဝါဒများနှင့် စီမံကိန်းများက ရှင်းရှင်းလင်း၊ ပြတ်ပြတ်သားသားမရှိဘဲဖြစ်နေသည်ကို အစိုးရအဖွဲ့အနေနှင့် အလေးအနက်ထား ပြန်လည်ဆန်းစစ်ကြည့်ရမည်ဖြစ်ပေသည်။ လျှပ်စစ်မီးကဲ့သို့သော အခြေခံအဆောက်အဦကိစ္စမှာမူ The Voice Daily က အစဉ်တစိုက် အထူးအရေးကြီးကြောင်း ထောက်ပြခဲ့ပြီးဖြစ်သည့်အတွက်ကြောင့် ထပ်မံ၍ ထွေထွေထူးထူး မဖော်ပြလိုတော့ပေ။

သို့သော် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်ဟူသော အချက်ကို ယုံကြည်ထားသည်ဖြစ်ရာ ယခုစစ်တမ်းနှင့် အစီရင်ခံစာကို အချိန်ယူကာ အလေးအနက်ထား ထုတ်ပြန်ပေးသော UMFCCI အပါအဝင် ဂျာမန် Think Tank တို့ကိုလည်း အထူးပင်အသိအမှတ်ပြုပါကြောင်း ဖော်ပြလိုပေသည်။ အကြောင်းမှာ ယခင်ခေတ်အဆက်ဆက်က အစိုးရ၏ လွဲမှားမှုများကို တရားဝင်သဘောဖြင့် လွတ်လပ်စွာထောက်ပြနိုင်ခဲ့သည့် အခြေအနေမျိုးမရှိခဲ့သည်ကတစ်ကြောင်း၊ လက်ရှိအစိုးရသည် ဒီမိုကရေစီအစိုးရဖြစ်သည့်အားလျော်စွာ ပညာရှင်အဖွဲ့အစည်းများ၏ အသံကိုကောင်းစွာ နားထောင်မည်ဟု ယုံကြည်သည်ကတစ်ကြောင်း ဖြစ်ပေသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ တစ်နည်းအားဖြင့် တာဝန်ယူမှုပြည့်ဝသော နိုင်ငံတကာကော်ပိုရိတ်ကြီးများနှင့် ပြည်ပစီးပွားရေးလုပ်ငန်းများဟူသည် နိုင်ငံတစ်နိုင်ငံ၌ မျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒနှင့် ယင်းနှင့်ဆက်စပ်သော စည်းမျဉ်းဥပဒေများရှိမှသာ ရင်းနှီးမြှုပ်နှံလိုကြစမြဲဖြစ်ရာ ဒီမိုကရေစီအစိုးရလက်ထက်၌ မူဝါဒများသဲသဲကွဲကွဲဖြစ်အောင် ဖန်တီးပေးထားခြင်းမရှိပါဘဲ၊ အခြေခံအဆောက်အဦကောင်းများ ဖန်တီးမပေးဘဲ ပြည်ပရင်းနှီးမြှုပ်နှံမှုကို မျှော်လင့်နေခြင်းသည် ဘောလုံးကွင်းဖြင့်မရှိဘဲ ဘောလုံးပြိုင်ပွဲကျင်းပပေးမည့်အကြောင်း ကြွေးကြော်နေသကဲ့သို့ပင် ဖြစ်နေပါလိမ့်မည်။ ယနေ့စီးပွားရေးအင်အားတောင့်တင်းလှသည့် နိုင်ငံကြီးများ အထူးအလေးထားနေသည့် လွတ်လပ်စွာကုန်သွယ်မှု(Free Trade) ဟူသောကိစ္စမှာလည်း မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသော အခြေအနေတစ်ရပ်သာ အရေးအကြီးဆုံးဖြစ်သည်ကို မြန်မာ့စီးပွားရေးဂျက်အင်ဂျင်ကို လိုလားတောင့်တနေသည့် အစိုးရအတွက် အထူးသတိချပ်သင့်ပေသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိမြန်မာ့စီးပွားရေး အခြေအနေနှင့် ယခုထွက်လာသည့် စစ်တမ်းကိုကြည့်မည်ဆိုလျှင် ဒီမိုကရေစီအစိုးရတွင် စီးပွားရေးစွမ်းဆောင်ရည်နှင့်ပတ်သက်၍ အားနည်းချက်အတော်များများရှိနေသည်ဟူသော အချက်ကို လက်သင့်ခံရမည်ဖြစ်ပြီး ယင်းအားနည်းချက်များကို အမြန်ဆုံးပြုပြင်ကုစားပစ်ရမည်ဖြစ်ကြောင်း မေတ္တာရပ်ခံဖော်ပြလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ ( ၁၂ - ၁၂ - ၂၀၁၇ )**

# မြန်မာဂျာနယ်လစ်ကွန်ရက် အလုပ်အမှုဆောင်ရွေးချယ်ပွဲတွင် လူဟောင်းများ ပြန်လည်ရွေးချယ်ခံရ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ သတင်းမီဒီယာသမားအများဆုံးပါဝင်သည့် မြန်မာဂျာနယ်လစ်ကွန်ရက်၏ ဒီဇင်ဘာလ ၁၂ ရက် စတုတ္ထအကြိမ်မြောက်အလုပ်အမှုဆောင်ရွေးချယ်ပွဲတွင် လူဟောင်းများ ပြန်လည်ရွေးချယ်ခံခဲ့ရကြောင်း အဆိုပါကွန်ရက်အလုပ်အမှုဆောင် ဦးမြင့်ကျော်က ပြောကြားသည်။

"အတွင်းရေးမှူးတွေကတော့ နောက်တစ်ခေါက်အစည်းအဝေးကျမှ ရွေးမယ်။ လူဟောင်းတွေလည်း ပြန်ပါတယ်။ လူသစ်က လေးယောက်ပါတယ်" ဟု ၎င်းက ဆိုသည်။

အလုပ်အမှုဆောင်ရွေးချယ်ပွဲသို့ ကိုယ်စားလှယ် ၂၀ ဦးမှဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကိုယ်စားလှယ် ၁၁ ဦးကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြောင်း၊ယင်းအလုပ်အမှုဆောင် ၁၁ ဦးထဲမှ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (၁) နှင့် (၂) သုံးဦးကိုလာမည့်အပတ်တွင် ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ထို့အပြင် ယခုနှစ်မှ စတင်ကာ အလုပ်အမှုဆောင်အဖွဲ့တွင် နယ်ကိုယ်စားပြုအနေနှင့် ဧရာဝတီတိုင်း၊ မုံရွာ၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကိုယ်စားပြုတစ်ဦးစီ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြန်မာဂျာနယ်လစ်ကွန်ရက်သည် ၂ နှစ်တစ်ကြိမ် အလုပ်အမှုဆောင် ရွေးချယ်ခဲ့ရာတွင် ယခုအလုပ်အမှုဆောင် ရွေးချယ်ပွဲသည် စတုတ္ထအကြိမ်မြောက်ဖြစ်သည်။

မြန်မာဂျာနယ်လစ်ကွန်ရက်ကို ၂၀၁၁ ခုနှစ်က စက်တင်ဘာလမှ စတင်ဖွဲ့စည်းခဲ့ပြီး ကွန်ရက်အဖွဲ့ဝင် ၃၆၀ ကျော်ရှိပြီး မြန်မာဂျာနယ်လစ်သတင်းအချက်အလက်မျှဝေသည့် လူမှုကွန်ရက်စာမျက်နှာတွင် အဖွဲ့ဝင် ၈၀၀၀ ကျော်ရှိကြောင်း ၎င်းက ပြောကြားသည်။ ■ j-18

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 (**Newsroom**), 09 785555772(**Advertising**), 09 785555773(**Distribution**)
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

X'mas & New Year **PROMOTION** In YANGON

# 5BB BROADBAND

Global Technology Company

အကောင်းဆုံးနှင့်
အတန်ဆုံး
ဖိုင်ဘာ အင်တာနက်

## The Best and Cheapest FTTH Internet

| 3 Mbps XS | 9 Mbps S | 14 Mbps M | 22 Mbps L | 40 Mbps XL |
|---|---|---|---|---|

### For Home User

| | | | Initial Fees | Monthly Fees | |
|---|---|---|---|---|---|
| XS | Plan | 3 Mbps | 300,000 ks | 49,500 ks | 6 Months Free |
| S | Plan | 9 Mbps | 300,000 ks | 99,500 ks | 3 Months Free |

### For High Speed User

| | | | | Monthly Fees |
|---|---|---|---|---|
| M | Plan | 14 Mbps | ~~300,000 ks~~ | 149,500 ks |
| L | Plan | 22 Mbps | ~~300,000 ks~~ | 249,500 ks |
| XL | Plan | 40 Mbps | ~~300,000 ks~~ | 449,500 ks |

Terms and Conditions Apply

**Promotion Period 11st - 22nd December 2017**

- ဈေးအတန်ဆုံးအင်တာနက်
- လိုင်းအကောင်းဆုံးအငြိမ်ဆုံး
- အကန့်အသတ်မရှိ(Unlimited Data Download)
- 24x7 Call Center
- Lifetime warranty for Equipments

**SPEED**
လက်ဆောင်လာပါပြီး

X'mas & New Year
အထိမ်းအမှတ်အဖြစ်
**SPEED**
အထူးလက်ဆောင်လာပါပြီ....




471, Pyay Road, Kamayut Township, Yangon, Myanmar

Phone : 01524978,0949208223,0949208224 Call Center : 012305425

5BBbroadband

www.5BB.com.mm

# နိုင်ငံခြားဘဏ်များက ပို့ကုန်လုပ်ငန်းရှင်များကို ချေးငွေပေးခွင့် ဗဟိုဘဏ်ခွင့်ပြု

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ပြည်တွင်း၌ လာရောက်ဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်ခွဲများက ပို့ကုန်လုပ်ငန်းရှင်များထံ ချေးငွေထုတ်ချေးခွင့်နှင့် ပို့ကုန်လုပ်ငန်းဆိုင်ရာ ဘဏ်ဝန်ဆောင်မှုများလုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုလိုက်ပြီဖြစ်သည်။

ယင်းကဲ့သို့ လုပ်ကိုင်ခွင့်ပေးလိုက်သည့်အတွက် ပို့ကုန်လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်လိုသည့် နိုင်ငံခြားဘဏ်များမှာ ဗဟိုဘဏ်သို့ ယခုလအတွင်း လာရောက်လျှောက်ထားနိုင်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သည်။

လတ်တလောအနေအထားတွင် ပြည်တွင်း၌ သွင်းကုန်လုပ်ငန်းများသာ ရာခိုင်နှုန်းများပြီး ပို့ကုန်လုပ်ငန်း လုပ်ကိုင်သူများမှာ ရာခိုင်နှုန်းနည်းပါးကြောင်း၊ ယခုထုတ်ပြန်ချက်သည် ပို့ကုန်လုပ်ငန်း တိုးတက်ရေးအတွက် အစိုးရကခွင့်ပြုသည့်အတွက် ပို့ကုန်တင်ပို့မှုတွင် တိုးတက်လာနိုင်ကြောင်း ကမ္ဘောဇရတနာဘဏ်၏ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာလှည္ဘန့်က မှတ်ချက်ပြုပြောကြားသည်။

"နိုင်ငံခြားဘဏ်တွေ အခွင့်အရေးပိုရလေ ပြည်တွင်းဘဏ်တွေက လုပ်အားကျလာလေဖြစ်မှာပါ" ဟု ၎င်းကပြောဆိုသည်။

နောက်ပိုင်းတွင် နိုင်ငံခြားဘဏ်များကို ပြည်တွင်းဘဏ်များနည်းတူ လုပ်ကိုင်ခွင့် ပေးလာနိုင်သည့်အတွက် ပြည်တွင်းဘဏ်များက ပူးပေါင်း၍ ဈေးကွက်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ဘဏ်အများစုက ပူးပေါင်းလိုစိတ် မရှိကြောင်း UAB ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အမှန်ဆို ပြည်တွင်းဘဏ်နှစ်ခု၊ သုံးခုပေါင်းတာတောင် ပြည်ပဘဏ်ရဲ့ ငွေအရင်းအနှီးကို မမီဘူး။ အခုက ပိုက်ဆံအားမရှိတော့ ကုန်သွယ်မှုလုပ်ငန်းတွေကို အများကြီး ထုတ်ချေးမပေးနိုင်ဘူး" ဟု ၎င်းကဆိုသည်။

ပြည်တွင်းဘဏ်အများစုမှာ ချေးငွေကို အပေါင်ပစ္စည်းဖြင့်သာ ထုတ်ချေးပြီး ဝန်ဆောင်မှုနှင့်ပတ်သက်၍လည်း ကြန့်ကြာမှုများရှိသည့်အတွက် နိုင်ငံခြားဘဏ်များကို လုပ်ကိုင်ခွင့်ပေးလိုက်သည့်အပေါ် ကြိုဆိုကြောင်း ရေထွက်ပို့ကုန် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ပြည်တွင်းမှာဆိုရင် အပေါင်တန်ဖိုးရဲ့ ၆၀ လောက်ချေးတယ်။ အပေါင်မပါရင် လိုအပ်တဲ့ငွေရဲ့ ၃၀ ရာခိုင်နှုန်းပဲ ထုတ်ချေးတာ အဆင်မပြေဘူး။ အတိုးကလည်းများတယ်။ နိုင်ငံခြားဘဏ်တွေက ပြည်တွင်းဘဏ်တွေထက် အတိုးသက်သာမှာပါ" ဟု ၎င်းကဆိုသည်။

ပြည်တွင်းတွင်လာရောက်ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်များကို ပို့ကုန်လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးခွင့်ပေးလိုက်ပြီး ပို့ကုန်နှင့်ပတ်သက်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ခွင့်ပြုပေးလိုက်သည်။

လက်ရှိအချိန်အထိ ပြည်တွင်း၌ နိုင်ငံခြားဘဏ်ခွဲပေါင်း ၁၃ ခုကို ခွင့်ပြုပေးထားပြီး လက်ကားဘဏ်စနစ်ကိုသာ လုပ်ကိုင်ခွင့်ပေးထားကာ ပြည်တွင်းလုပ်ငန်းရှင်များအတွက်မူ တစ်ဆင့်ခံချေးငွေများ ထုတ်ချေးလျက်ရှိသည်။

■ J-13

# ဒဂုံတောင်တွင် လူသတ်မှုဖြစ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၆၄ ရပ်ကွက်တွင် ဒီဇင်ဘာလ ၁၁ ရက် နံနက်ပိုင်းက အမျိုးသားနှစ်ဦး စကားများရန်ဖြစ်ရာမှ သစ်သားတုတ်ဖြင့် ရိုက်ခံရသည့် အသက် ၄၁ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သေဆုံးသူ ကိုဖြိုးငွေဝင်းမှာ ၆၄ ရပ်ကွက်၊ ဟိန္ဒာလမ်းတွင် နေထိုင်သူဖြစ်ပြီး ယင်းနေ့ နံနက် ၇ နာရီက ၎င်း၏ နေအိမ်ရှေ့တွင် တစ်ရပ်ကွက်တည်းနေထိုင်သူ အသက် ၅၀ နှစ် အောင်စိုးနှင့် စကားများရန်ဖြစ်ခဲ့ကြောင်း၊ ယင်းနောက် အောင်စိုးက သစ်သားတုတ်ဖြင့် ရိုက်နှက်ခဲ့သောကြောင့် ကိုဖြိုးငွေဝင်းမှာ ဦးခေါင်းနောက်စေ့နှင့် နဖူးပေါက်ပြဲ ဒဏ်ရာများ ရခဲ့သောကြောင့် သယ်န်းကျွန်း စံပြဆေးရုံသို့ ပို့အပ်ခဲ့ကြောင်း ရဲအရာရှိက ရှင်းပြသည်။

"ရန်ဖြစ်ရာက ဒေါသအလျောက် တုတ်နဲ့ရိုက်မိခဲ့တာလို့ စစ်ဆေးသိရှိရတယ်။ ဒဏ်ရာရသူကို စံပြဆေးရုံ ပို့တယ်။ ဒါပေမဲ့ ဟိုမှာက ဦးနှောက်နဲ့ အာရုံကြောဌာန မရှိလို့ မြောက်ဥက္ကလာပဆေးရုံကို လွှဲပြောင်းပို့ပေးခဲ့ပေမယ့် သေဆုံးသွားရှာတယ်။ ပြစ်မှုကျူးလွန်သူကို ဖမ်းမိထားပါတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ယင်းအမှုမှ ဖမ်းဆီးထားသော အောင်စိုးကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မ ရဲစခန်းက ယခင် ရာဇသတ်ကြီး ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားခဲ့ပြီးနောက် လူသေဆုံးခဲ့သဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ သို့ ပုဒ်မပြောင်းဖွင့်ကာ အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

## NEWS IN BRIEF

### Wave Money ၏ တစ်နေ့လျှင် အများဆုံးငွေလွှဲပြောင်းမှုနှုန်းကို ကျပ်ငါးသိန်းသို့ တိုးမြှင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

တယ်လီနောမြန်မာနှင့် ရိုးမဘဏ်တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသော Wave Money မိုဘိုင်းလ်ဖုန်းငွေကြေး ဝန်ဆောင်မှုသည် ယခင်က တစ်နေ့လျှင် အများဆုံး ကျပ်နှစ်သိန်းအထိသာ လွှဲပြောင်းပေးနိုင်ရာမှ ယခုတွင် ကျပ်ငါးသိန်းအထိ တိုးမြှင့်လွှဲပြောင်းနိုင်တော့မည်ဖြစ်ကြောင်း Wave Money ထံမှ သိရသည်။

ပြည်တွင်းစီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အသုံးပြုသူများ၏ တောင်းဆိုချက်များကြောင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ယင်းသို့ တိုးမြှင့်ပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်း Wave Money ထံမှ သိရသည်။

■ J-01

### ထိုင်းနိုင်ငံတွင်ပြုလုပ်မည့် နို့စားနွားသားစပ် အခမဲ့သင်တန်း တက်ရောက်ရန် ဖိတ်ခေါ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ထိုင်းနိုင်ငံ Saraburi ခရိုင်၊ Mauk lek ဒေသရှိ Dairy Farming Promotion Organization (DPO) ဌာနချုပ်တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိပြုလုပ်မည့် ၅၆နှစ်မြောက် နို့လုပ်ငန်းပွဲတော် (National Dairy Festival 2018) တွင် နို့စားနွား မေထုန်မဲ့သားစပ် အခမဲ့သင်တန်း တက်ရောက်ရန် ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

နို့စားနွား မေထုန်မဲ့သားစပ်အခမဲ့သင်တန်းကို ၇ ရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၁၀ ဦးအထိသာ ကန့်သတ်ထားကြောင်း၊ သားစပ်သင်တန်း တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်ရမည်ဖြစ်ပြီး တည်းခိုစရိတ်၊ လေယာဉ်စရိတ်၊ သွားလာစရိတ်နှင့် စားစရိတ်များကို ကိုယ်တိုင်ကျခံရမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများသည် ၀၁-၃၆၄၄ ၀၄၁၊ ၀၁-၃၆၄၄ ၈၄၃၊ ၀၉-၄၅၀၀ ၃၄၀၈၈ တို့ထံ ဒီဇင်ဘာလ ၂၉ ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

■ J-11




# ကာတီးယားကုမ္ပဏီ၏ မြန်မာ့ကျောက်မျက်များကို သပိတ်မှောက်မှု ဈေးကွက်မထိခိုက်နိုင်ဟု ပြည်တွင်းကတုံ့ပြန်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ပြင်သစ်နိုင်ငံအခြေစိုက် ထိပ်တန်းကျောက်မျက် လက်ဝတ်ရတနာများ ထုတ်လုပ်ရောင်းချနေသည့် Cartier ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် ပဋိပက္ခများကြောင့် မြန်မာ့ကျောက်မျက်များကို ဝယ်ယူတော့မည် မဟုတ်ကြောင်း ထုတ်ပြန်မှုသည် ပြည်တွင်းကျောက်မျက်ဈေးကွက်ကို မထိခိုက်နိုင်ကြောင်း ကျောက်မျက်လုပ်ငန်းရှင်များက တုံ့ပြန်ပြောကြားသည်။

ပြည်တွင်းကျောက်မျက်များသည် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံသို့ ကုန်ကြမ်းအဖြစ် အများဆုံး ရောင်းချလျက်ရှိပြီး အမေရိကနှင့် ဥရောပဈေးကွက်များသည် အနည်းငယ်သာရှိကြောင်း၊ ပြည်တွင်းကျောက်မျက်ကိုလည်း ဥရောပနိုင်ငံများက စိတ်ဝင်စားမှုနည်းပါးကြောင်း ကျောက်မျက်လုပ်ငန်းရှင်များက ပြောဆိုသည်။

"ပြည်တွင်းကျောက်မျက်ဈေးကွက်ကို ဘာမှမထိခိုက်နိုင်ဘူး။ အခုထုတ်ပြန်တဲ့ ကုမ္ပဏီဆိုရင် မြန်မာနိုင်ငံက ကျောက်မျက်တစ်ပွင့်တောင် မဝယ်ဖူးတဲ့ကုမ္ပဏီပါ။ ဥရောပဘက်လည်း ဒီကပစ္စည်းတွေကို သိပ်မကြိုက်ဘူး" ဟု မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က ပြောကြားသည်။

အနောက်နိုင်ငံများမှ ကျောက်မျက်ကုမ္ပဏီများအနေနှင့် မြန်မာနိုင်ငံမှ ကျောက်မျက်များကိုပြည်တွင်းသို့တိုက်ရိုက်လာရောက်ဝယ်ယူမှု နည်းပါးပြီး မြန်မာ့ကျောက်မျက်များကို ထိုင်းနိုင်ငံမှသာ တစ်ဆင့်ခံကာ အများဆုံး ဝယ်ယူလျက်ရှိကြောင်း ၎င်းက ဆိုသည်။

ယင်းအပြင် ပြည်တွင်းကျောက်မျက်ကုမ္ပဏီများကို ယခင်အစိုးရများလက်ထက်က ဥရောပသမဂ္ဂ (EU) နှင့် အမေရိကန်ပြည်ထောင်စုတို့က စီးပွားရေးအရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ပြီး ယခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ အစိုးရလက်ထက်မှသာ အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ခြင်းကြောင့် ပြည်တွင်းကျောက်မျက်များ၏ ဥရောပဈေးကွက်သည် မရှိသလောက်နည်းပါးနေသေးကြောင်း မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ပြည်တွင်းကျောက်မျက် အရောင်းပြပွဲများကို တစ်နှစ်လျှင် မြန်မာကျပ်ငွေဖြင့် နှစ်ပွဲနှင့် ယူရိုငွေဖြင့် နှစ်ပွဲ ကျင်းပလျက်ရှိပြီး အဆိုပါပြပွဲများမှ ယူရို ၁၀ သန်းဝန်းကျင် ထိုင်းနိုင်ငံသို့ ရောင်းချရကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။ ■ J-01

# တရုတ်အဖမ်းအဆီးငြိမ်၍ မူဆယ်နှင့် လွယ်ဂျယ်ဆန်ဈေးကွက် ပုံမှန်ပြန်ဖြစ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ပြီးခဲ့သည့်ရက်ပိုင်းက တရုတ်အစိုးရဘက်က မူဆယ်နှင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုများကို အဖမ်းအဆီးများစွာ ပြုလုပ်ခဲ့ရာမှ ယခုအခါဖမ်းဆီးမှုမရှိသလောက် နည်းပါးသွားသည့်အတွက် ယင်းဈေးကွက်များအတွင်း အရောင်းအဝယ်ပုံမှန်ပြန်ဖြစ်ကြောင်း အဆိုပါနယ်စပ်ဆန်ဈေးကွက်အတွင်းမှ သိရသည်။

ဒီဇင်ဘာလ ပထမပတ်အတွင်းက တရုတ်ဘက်က မြန်မာနိုင်ငံဘက်မှ ဆန်တင်ပို့မှုများကို အဖမ်းအဆီးများ ပြုလုပ်ခဲ့သည့်အတွက် မူဆယ်နှင့် လွယ်ဂျယ်ဆန်ဈေးကွက် ဂယက်ရိုက်ခဲ့ရပြီး ယခုအချိန်၌ အဖမ်းအဆီးများ ရပ်တန့်သွားသည့်အတွက် တရုတ်ကုန်သည်များဘက်မှ ဆန်အရောင်းအဝယ်ပြန်ကောင်းပြီး ဈေးနှုန်းအနည်းငယ်မြင့်တက်ကြောင်း ယင်းဈေးကွက်များအတွင်းမှ သိရသည်။

"အခုတော့ ငြိမ်သွားပြီ။ ပြန်ပို့လို့လည်း အဆင်ပြေနေပြန်ပြီ" ဟု ဆန်ကုန်သည် ဦးစိုင်းကျော်က ပြောဆိုသည်။

တရုတ်နိုင်ငံသို့ ဆန်အများဆုံးပို့နေသည့် မူဆယ် ၁၀၅ မိုင် ဆန်ဈေးကွက်အတွင်းသို့ တစ်ရက်လျှင် ဆန်အိတ်ရေ တစ်သိန်းခန့် ဝင်ရောက်ပြီး ပြီးခဲ့သည့်ရက်များက တစ်ရက်လျှင် အိတ်ရေ ရှစ်သောင်းခန့် ဝင်ရောက်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်သို့ ဆန်တင်ပို့ခြင်းကို မြန်မာအစိုးရဘက်က အကြိမ်ပေါင်းများစွာ သွားရောက်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း တရားမဝင်ကုန်သွယ်မှုအဖြစ်သာ သတ်မှတ်ထားသည့်အတွက် ထင်မှတ်မထားသည့် အချိန်များ၌ ဖမ်းဆီးလိုသည့် အချိန်များတွင် ဖမ်းဆီးမှုများအဆက်မပြတ်ပြုလုပ်လေ့ရှိကြောင်း ဆန်ကုန်သည်များက ပြောကြားသည်။ ■ S-04

## NEWS PHOTO




စာပေညီလာခံဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၂ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့တော်ခန်းမတွင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားရေးရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်ဝန်တို့ တက်ရောက်ခဲ့ကြသည်။

# အစိုးရ၏ စီးပွားရေးမူဝါဒ မပြတ်သား၍ ပြည်ပရင်းနှီးမြှုပ်နှံမှု သိသာစွာလျော့ကျဟု စစ်တမ်းဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

အစိုးရ၏ စီးပွားရေးဆိုင်ရာမူဝါဒနှင့် စီမံကိန်းများ ရှင်းလင်းပြတ်သားမှုမရှိခြင်းကြောင့် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးဆိုင်ရာ ယုံကြည်စိတ်ချမှု (Business Confidence) သိသိသာသာ လျော့ကျသွားကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဥရောပအခြေစိုက် အတိုင်ပင်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် Roland Berger တို့ ပူးပေါင်းကောက်ယူထားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါ မြန်မာ့စီးပွားရေးဆိုင်ရာစစ်တမ်း ၂၀၁၇ ကို ဒီဇင်ဘာလ ၁၂ ရက်နေ့က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာစစ်တမ်းကို ၂၀၁၆ ခုနှစ်က တစ်ကြိမ် ထုတ်ပြန်ခဲ့ကာ ယခုစစ်တမ်းသည် ဒုတိယအကြိမ်ထုတ်ပြန်သည့် စစ်တမ်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က စီးပွားရေးဆိုင်ရာ ယုံကြည်စိတ်ချရမှုသည် ၇၄ ရာခိုင်နှုန်းရှိပြီး ယခုနှစ်တွင် ၄၉ ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်း၊ ပြည်တွင်းကုမ္ပဏီများအနေနှင့်လည်း ကျွမ်းကျင်လုပ်သားရှားပါးခြင်းကို အဓိကအခက်အခဲတစ်ခုအဖြစ် ရင်ဆိုင်နေရကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

အစိုးရသည် စီးပွားရေးနှင့်ပတ်သက်၍ ပြတ်သားသည့်မူဝါဒများ မချမှတ်ခြင်း၊ လုပ်သားများကို ကျွမ်းကျင်သင်တန်းများ မပို့ချပေးနိုင်ခြင်း၊ လျှပ်စစ်မီး လုံလောက်စွာ မပေးနိုင်ခြင်းတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ကြီးမားသည့် အကျပ်အတည်းတစ်ခုဖြစ်သည်ဟု နိုင်ငံခြားကုမ္ပဏီများက ဖြေဆိုထားကြောင်း၊ လက်ရှိတွင်လည်း ၃၅ ရာခိုင်နှုန်းသော ပြည်သူလူထုသာ လျှပ်စစ်မီးရရှိပြီး ပြည်တွင်းကုမ္ပဏီများအနေနှင့်လည်း လျှပ်စစ်မီးပြတ်တောက်မှုများ မကြာခဏကြုံတွေ့နေရကြောင်း ယင်းစစ်တမ်းတွင်ပါရှိသည်။

"ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှုအနည်းဆုံးကဏ္ဍက သဘာဝဓာတ်ငွေ့လုပ်ငန်းတွေမှာ ပိုပြီးယုံကြည်မှုနည်းတယ်။ အစိုးရက ၂၀၁၆ မှာ စီးပွားရေးမူဝါဒ ၁၂ ချက်ထုတ်ပြန်ခဲ့ပေမယ့် တိကျပြတ်သားတဲ့ မူဝါဒတွေ မဟုတ်သေးဘူး။ ပုဂ္ဂလိကပိုင်းကလည်း အစိုးရရဲ့လုပ်ဆောင်မယ့်အစီအစဉ်တွေကို ဒီထက်ပိုပြီး တိတိကျကျဖော်ပြပေးဖို့ မျှော်လင့်နေကြတယ်" ဟု Roland Berger အဖွဲ့ အရှေ့တောင်အာရှ အုပ်ချုပ်ရေးမှူး မစ္စတာသောမတ်ကလော့ဇ်၏ ပြောကြားချက်ကို စစ်တမ်း၌ ဖော်ပြထားသည်။

ယခုစစ်တမ်းကို ဥရောပနိုင်ငံများမှ ကုမ္ပဏီများ၊ စင်ကာပူ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား၊ တရုတ်၊ ဂျပန် စသည့် နိုင်ငံတကာကုမ္ပဏီများနှင့် ကုန်သည်စက်မှုအသင်းချုပ်လက်အောက်မှ အဖွဲ့အစည်းကုမ္ပဏီများကို မေးမြန်းကောက်ယူထားခြင်းဖြစ်ကြောင်း ယင်းစစ်တမ်းအရ သိရသည်။

"ဒီစစ်တမ်းကို ၂၀၁၆ ဇွန်လမှာ စကောက်ခဲ့တာပါ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍအတွက် အင်မတန်အရေးကြီးတဲ့ စစ်တမ်းပါ" ဟု ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်သိန်းက ပြောကြားသည်။

အစိုးရအနေနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ယုံကြည်စိတ်ချရမှု ပြန်လည်မြင့်တက်စေရန်အတွက် မူဝါဒချမှတ်ရေးတွင် တိကျပြတ်သားမှုရှိရေး၊ ဆက်သွယ်ရေး၊ လမ်းများကောင်းမွန်ရေး၊ လုပ်ငန်းလိုင်စင်နှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်းလွယ်ကူရေး ဌာနဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်မှုများပြုလုပ်ခြင်း၊ ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် သင်တန်းပေးရေးတို့ကို ဆောင်ရွက်သင့်ကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။ ■ J-11

## ဒီဇင်ဘာလ ၁၂ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 13000 | 13000 | 12500 | -500 | 542 | 6,898,500 |
| MTSH | 3100 | 3100 | 3100 | - | 2018 | 6,255,800 |
| MCB | 8300 | 8300 | 8300 | - | 0 | 0 |
| FPB | 26500 | 26500 | 26500 | - | 1058 | 28,037,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 12.12.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၅၄ | ၁၅၉၄ | ၁၀၀၂ |
| ရောင်းဈေး (ကျပ်) | ၁၃၅၇ | ၁၅၉၆ | ၁၀၀၆ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 12.12.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၉၁၆,၀၀၀ (ဖွင့်) | ၉၁၆,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၄၅ (ဖွင့်) | ၁၂၄၅ (ပိတ်) |

# သေဒဏ်ကို တရားဝင်ဆိုင်းငံ့ပေးရန် လူ့အခွင့်အရေးကော်မရှင် တင်ပြ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံတွင် သေဒဏ်ပေးသည့်ပြစ်ဒဏ်ကို တရားဝင်ဆိုင်းငံ့ပေးရန် အစိုးရထံ တင်ပြထားကြောင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က တင်ပြထားကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း သေဒဏ်ပေးခြင်းကို အသုံးပြုခြင်း မရှိတော့သော်လည်း တရားဥပဒေအရ တရားဝင်ဆိုင်းငံ့ကြောင်း စာထုတ်ပြန်ခြင်း မရှိခြင်းကြောင့် ယင်းသို့ တင်ပြရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက ပြောကြားသည်။

"သေဒဏ်က ဥပဒေအရတော့ ပြဋ္ဌာန်းထားတယ်။ ဒါပေမဲ့ ၈၈ခုနှစ်နောက်ပိုင်းမှာ လက်တွေ့မချဖြစ်တော့ဘူး။ သေဒဏ်တော့ မပေးတော့ပေမယ့် တရားဝင်ဆိုင်းငံ့ဖို့ကို တင်ပြထားတာပေါ့"ဟု ၎င်းက ဆိုသည်။

ယင်းသို့ တရားဝင်ဆိုင်းငံ့မှု ပြုလုပ်လိုက်ပါက နိုင်ငံအနေနှင့်လည်း လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် နိုင်ငံတစ်ခုအနေနှင့် ကမ္ဘာက အသိအမှတ်ပြုလာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံသည် သေဒဏ်စီရင်ခြင်းကို ပြီးခဲ့သည့်စစ်အစိုးရလက်ထက် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်း မရှိတော့ဘဲ ယင်းသို့သေဒဏ်ကိုဆိုင်းငံ့သင့်ကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က အကြံပြုခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားခဲ့သည့်အမှုများတွင် သေဒဏ်ပြစ်ဒဏ်ချမှတ်ခြင်းများ ရှိသော်လည်း အပြစ်ပေးခြင်းကို ယခင်နဝတ အစိုးရလက်ထက်မှစ၍ ဆိုင်းငံ့ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ သေဒဏ်မပေးတော့ဘဲ ပြန်လည်လွတ်မြောက်လာသူတို့ ရှိနေသည့်အတွက် သေဒဏ်ကို မဆိုင်းငံ့သင့်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က ပြောကြားသည်။

သေဒဏ်အပြစ်ပေးခြင်းသည် ပြင်းထန်သည့် ပြစ်မှုများအတွက် လိုအပ်၍ အပြစ်ပေးခြင်းဖြစ်ပြီး ဆိုင်းငံ့ရန် မသင့်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်က သုံးသပ်သည်။

"တချို့အမှုတွေက သေဒဏ်ပေးကိုပေးရမယ့် အနေအထားရှိတယ်။ ဒီလိုပြစ်မှုကြီးတွေကျူးလွန်ပြီး မပေးဘူးဆိုရင် ခံရတဲ့သူဘက်က နစ်နာတယ်။ သေဒဏ်က တော်ရုံတန်ရုံ ချတာမဟုတ်ဘူး။ သိပ်ကိုပြစ်မှုကြီးမှချတာ" ဟု ၎င်းက ဆိုသည်။

လူ့အခွင့်အရေးကော်မရှင်အနေနှင့် ယခုနှစ် ၂၀၁၇ခုနှစ်အတွင်း သရက်၊ တောင်ငူ၊ မြိတ်၊ ကော့သောင်း၊ သာယာဝတီ၊အင်းစိန်၊ စစ်တွေ၊ ဘူးသီးတောင်၊ လားရှိုး၊မြစ်ကြီးနား၊ ကျောက်ဖြူ၊ သံတွဲ အစ ရှိသည့် မြို့များရှိ အကျဉ်းထောင်များကို သွားရောက်စစ်ဆေးခဲ့သည်။

■ J-08

# ရှမ်းမြောက်တွင် တိုက်ပွဲများကြောင့် ကျောင်းအချို့ ယာယီပိတ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်အတွင်း တပ်မတော်နှင့် တအာင်း-ပလောင်လက်နက်ကိုင်အဖွဲ့ (TNLA) တို့အကြား ပြီးခဲ့သည့်ရက်ပိုင်းက ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ယင်းဒေသရှိ ကျောင်းအချို့ယာယီပိတ်ထားရကြောင်း နမ္မတူမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

အဆိုပါတိုက်ပွဲများကြောင့် နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့မှ ကျောင်းဆရာ/ဆရာမ ၃၀ကျော်ခန့်လည်း စစ်ဘေးရှောင်ကာ မြို့နယ်ပညာရေးမှူးရုံးတွင် လာရောက်ခိုလှုံခဲ့ကြကြောင်း မြို့နယ်အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပြီးခဲ့တဲ့ တစ်ပတ်အတွင်းက တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ခဲ့တယ်။ တိုက်ပွဲဖြစ်တဲ့ ရွာတွေက မူလတန်းကျောင်း ၉ ကျောင်းလောက်က ဆရာ/ဆရာမတွေ ထွက်ပြေးလာလို့ ယာယီပိတ်လိုက်ရတယ်ပေါ့" ဟု အဆိုပါတာဝန်ရှိသူက ဆိုသည်။

ဒီဇင်ဘာလ ၆ ရက်က တပ်မတော်နှင့် TNLA လက်နက်ကိုင်အဖွဲ့တို့ နမ္မတူမြို့နယ် ဟိုနားကျေးရွာအနီး တိုက်ပွဲ ဖြစ်ခဲ့ပြီး တပ်မတော်ဘက်မှ ထိခိုက်သေဆုံးမှုရှိခဲ့ကြောင်း TNLA သတင်းနှင့် ပြန်ကြားရေးဌာနက သတင်းထုတ်ပြန်ခဲ့သော်လည်း တပ်မတော်ဘက်က သတင်းထုတ်ပြန်ခဲ့ခြင်းမရှိပေ။

လက်ရှိတွင် တိုက်ပွဲဖြစ်ပွားနေခြင်း မရှိသော်လည်း အပြန်အလှန်စောင့်ကြည့်နေသည့် အနေအထားရှိနေပြီး စစ်ရေးတင်းမာနေကြောင်း TNLA ထံမှ သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်အတွင်း TNLA လက်နက်ကိုင်အဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးရမိကြောင်းနှင့်၎င်းတို့သည် မိုင်းထောင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ဒီဇင်ဘာလ ၇ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

တအာင်း-ပလောင် လက်နက်ကိုင်အဖွဲ့ (TNLA) သည် တပ်မတော်က အကြမ်းဖက်အဖွဲ့များအဖြစ် ထုတ်ပြန်ထားသည့် မြောက်ပိုင်းမဟာမိတ် လက်နက်ကိုင်များတွင် ပါဝင်သည့်အဖွဲ့ဖြစ်ပြီး 'ဝ' ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSA) ဦးဆောင်သည့် နိုင်ငံရေးဆွေးနွေးမှုကော်မတီ (FCNPP) တွင်လည်း ပါဝင်သည်။

■ J-08

# တိုက်ကြီးတွင် တိုင်းအစိုးရက ကျောင်းကား ပြေးဆွဲမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

တိုက်ကြီး-ဥက္ကံစသည့်တို့မှ အနောက်ပိုင်းတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်သို့ စီးနင်းသည့် ကျောင်းသူ၊ ကျောင်းသားများ အဆင်ပြေရန် တိုင်းအစိုးရ၏အစီအစဉ်ဖြင့် ကျောင်းကားပြေးဆွဲမည်ဖြစ်ကြောင်း တိုက်ကြီး မြို့နယ် မဲဆန္ဒနယ် အမှတ်-၁ မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်က ပြောကြားသည်။

တိုက်ကြီးမြို့မှ ပြေးဆွဲနေသော YBS ၅၅နှင့်၃၇ ယာဉ်လိုင်း ယာဉ်မတော်တဆမှုဖြစ်ပေါ်၍ တိုက်ကြီး-ဥက္ကံ-အဖျောက်မှ ပြေးဆွဲသော YBS ယာဉ်များသည် ပြည်လမ်းမှ မော်တင်အထိ ပြေးဆွဲခွင့်ရှိမရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးဖြစ်သော ဒီဇင်ဘာလ ၈ ရက်တွင် မေးမြန်းခဲ့သော ၎င်း၏မေးခွန်းအပေါ် လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က အထက်ပါအတိုင်း ပြောကြားခဲ့ ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

"ဝန်ကြီးက အစိုးရအဖွဲ့ရဲ့ကျောင်းကားနဲ့ အစားထိုးပြေးဆွဲပေးမယ်လို့ပြောတယ်။ ယာဉ်စီးရေ ဘယ်လောက်နဲ့ ဘယ်တော့ဆိုတာကိုတော့ မပြောပါဘူး"ဟု တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်- ၁ မှတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်က ဆိုသည်။

ကျောင်းကားအဖြစ် ပြေးဆွဲသောကုမ္ပဏီသည် လက်ရှိတွင် စီးပွားရေးတွက်ခြေကိုက်မှုမရှိသဖြင့် ဆက်လက်ပြေးဆွဲပေးနိုင်ခြင်း မရှိကြောင်း၊ ယင်းကြောင့် YRTA က ကုန်ကျစရိတ်ကျခံ၍ အစားထိုးပြေးဆွဲမည်ဖြစ်ကြောင်း လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဒေါ်နီလာကျော်က ၎င်း၏ မေးခွန်းကို ပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ ၇ ရက်က YBS ၃၇ ယာဉ်လိုင်းနှင့် YBS ၅၅ ယာဉ်လိုင်း မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ခဲ့ပြီး နောက်ပိုင်းYBS ၅၅ ယာဉ်လိုင်းကို ဖျက်သိမ်းကာ ဇူလိုင်လဒုတိယအပတ်က YBS ၉၀ ဖြင့် မြို့တွင်းဝင်ခွင့်မပေးဘဲ ထောက်ကြန့်အထိသာ အစားထိုးပြေးဆွဲခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့YRTA ထံမှ သိရသည်။

မော်ဘီမှထောက်ကြန့်သို့သာ ပြေးဆွဲခွင့်ရှိသော YBS ၉၀ယာဉ်လိုင်းအနေနှင့် မြို့တွင်း(သခင်မြပန်းခြံ)အထိ လမ်းကြောင်းတိုးချဲ့ပြေးဆွဲခွင့်ပြုရန် ဩဂုတ်လ ၁၂ ရက်က တိုင်းအစိုးရအဖွဲ့ထံ စာတင်ထားကြောင်း အဆိုပါယာဉ်လိုင်းထံမှ သိရသည်။

လက်ရှိတွင် တိုက်ကြီးမှ အနောက်ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်သို့ စီးနင်းသည့် ကျောင်းသူကျောင်းသားများ အတွက် အခက်အခဲများရှိနေပြီး ယခင်က ကုမ္ပဏီကျောင်းကား ခုနစ်စီးခန့်ဖြင့် ပြေးဆွဲခဲ့ကြောင်း ဦးတင်ရှိန်က ပြောကြားသည်။

YBS ၃၇၊ ၃၅ယာဉ်လိုင်းအနေနှင့် ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံ၊ မြောင်းတကာ၊ မှော်ဘီနည်းပညာတက္ကသိုလ်၊ မှော်ဘီ၊ ခရေပင်လမ်းခွဲ၊ အောင်မင်္ဂလာ အဝေးပြေး၊ သခင်မြပန်းခြံခရီးစဉ်ကို ပြေးဆွဲလျက်ရှိကြောင်း YRTA ထံမှ သိရသည်။

■ J-06

# အိမ်အကူလုပ်သားပို့ရန် ပြည်ပနိုင်ငံ လေးနိုင်ငံထံမှ အဆိုပြုလွှာခေါ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံမှ အိမ်အကူလုပ်သားများကို ပြည်ပသို့ စေလွှတ်နိုင်ရန် ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်းနှင့် ထိုင်ဝမ်နိုင်ငံများနှင့် အစိုးရချင်းဆွေးနွေးလျက်ရှိပြီး အဆိုပြုလွှာခေါ်ယူထားကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် က ပြောကြားသည်။

လက်ရှိတွင် အဆိုပါနိုင်ငံများသို့ အိမ်အကူလုပ်သားများ စေလွှတ်ရန် သက်ဆိုင်ရာနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာရေးထိုးရန် စင်ကာပူနိုင်ငံနှင့် တွေ့ဆုံဆွေးနွေးပြီးသည့်အပြင် ထိုင်း၊ ဟောင်ကောင်၊ ထိုင်ဝမ်နိုင်ငံမှ အလုပ်သမားဝန်ကြီးဌာနများနှင့် ဆွေးနွေးထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"အလုပ်သမား ဥပဒေပိုင်းကို အဓိကထားဆွေးနွေးမယ်။ အိမ်အကူလုပ်သားတွေကို ဥပဒေပါ ရပိုင်ခွင့်တွေ ရစေချင်တယ်။ တရားဝင်လွှတ်ချင်တယ်။ အဲကြောင့်ညှိနှိုင်းနေတယ်။ အခြေအနေကောင်းပါတယ်။ ဝန်ဆောင်ခ သက်သက်သာသာနဲ့ သွားစေချင်တယ်။ MoU ထိုးဖို့အတွက် အခုသူတို့ကို ပရိုပိုဆယ်တွေ တောင်းထားတယ်"ဟု ၎င်းက ဆိုသည်။

မြန်မာအိမ်အကူ လုပ်သားခေါ်ယူမည့် နိုင်ငံများအနေနှင့် အလုပ်သမားအခွင့်အရေး ရပိုင်ခွင့်၊ လုပ်ခလစာများကို နိုင်ငံတကာနှင့်အညီ အဆိုပြုလွှာတင်ပေးရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မြန်မာအိမ်အကူ အမျိုးသမီးများ နိုင်ငံခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုများ၊ နှိပ်စက်ညှဉ်းပန်းခံနေရမှုများ မရှိစေရန် အိမ်အကူစေလွှတ်မှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်း ထပ်မံဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အိမ်အကူ လုပ်သားများအဖြစ် ၂၀၁၂ ခုနှစ်တွင် စင်ကာပူနိုင်ငံ၊ ၂၀၁၄ ခုနှစ်က ဟောင်ကောင်နိုင်ငံသို့ စေလွှတ်ခဲ့ပြီးနောက် ကန့်ကွက်မှုများကြောင့် ယင်းနှစ် ဇွန်လတွင် ပြန်လည်ရပ်ဆိုင်းခဲ့သည်။

ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန် ပြည်ထောင်စုလွှတ်တော်က နိုဝင်ဘာလ ၁၀ ရက်က အတည်ပြုထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ လူဦးရေ ၁၀ ရာခိုင်နှုန်းသည့် ရွှေ့ပြောင်းလုပ်သားများ ဖြစ်ကြပြီး စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့်အရှေ့ပိုင်းနိုင်ငံများသို့ အများဆုံး သွားရောက်လုပ်ကိုင်လျက်ရှိသည်။

အမျိုးသားများသည် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အများဆုံးလုပ်ကိုင်ကြပြီး အမျိုးသမီး အိမ်အကူလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေကြသည်။

အိမ်အကူလုပ်သားများကို အလုပ်သမားအဖြစ်သတ်မှတ်ပေးရန်နှင့် အလုပ်သမားဥပဒေတွင် အိမ်ကူလုပ်သားများကို ဥပဒေတွင် ထည့်သွင်းရေးဆွဲပေးရန် လိုအပ်ကြောင်း ရွှေ့ပြောင်းသွားလာရေးဆိုင်ရာစီမံကိန်းဌာနမှ ဒေါ်ခွန်ဆာမွန်းထွယ် (အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူး) က ပြောကြားသည်။

■ J-18

# ၆ ကြိမ်မြောက်မွန်လူငယ်များနေ့ကို ချောင်းဆုံတွင် ပြုလုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ဆဋ္ဌမအကြိမ်မြောက်မွန်လူငယ်များနေ့ကို မွန်ပြည်နယ် ချောင်းဆုံမြို့ ကမာမိုကျေးရွာတွင် ဒီဇင်ဘာလ ၂၇ နှင့် ၂၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲကျင်းပရေး ဦးဆောင်သူများထံမှ သိရသည်။

မွန်လူငယ်များနေ့ကို ၂၀၁၁ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ကြာအင်းဆိပ်ကြီး၊ ရေး၊ မုဒုံ၊ ကော့ကရိတ် နှင့် သံဖြူဇရပ်မြို့စသည့် မွန်လူမျိုးများ နေထိုင်ရာမြို့နယ်များတွင် နှစ်စဉ်ကျင်းပခဲ့ပြီး ယခုနှစ်တွင် ချောင်းဆုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ကြောင်း ဦးဆောင်အဖွဲ့ဝင် ကိုဇာနည်ဦးက ပြောကြားသည်။

မွန်လူငယ်များနေ့ကို နေရာအနှံ့သို့ ပျံ့နှံ့ရောက်ရှိနေသည့် မွန်လူငယ်များ ချစ်ခင်ရင်းနှီးလာပြီး မွန်နိုင်ငံရေး အခင်းအကျင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို မွန်လူငယ်များအတူတကွ ဆောင်ရွက်နိုင်ရန် တစ်နှစ် တစ်ကြိမ် မွန်လူငယ်များတွေ့ဆုံပြီး မွန်လူငယ်များနေ့ကို ကျင်းပလေ့ရှိကြောင်း ၎င်းက ဆိုသည်။

"ကျွန်တော်တို့ကတော့ ရှေ့က လူကြီးတွေ လုပ်ဆောင်ပေးသွားတဲ့ သမိုင်းပေးတာဝန်တွေကို ကျေပွန်အောင် ဆောင်ရွက်တာပါ။ သူတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီနေ့မှာ လူငယ်တွေတွေ့ဆုံကြတာပါ။ ရည်ရွယ်ချက်ကတော့ အမျိုးသားရေး၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရရှိရေးတို့ ရနိုင်ဖို့ပါ" ဟု ၎င်းက ရှင်းပြပြောဆိုသည်။

မွန်လူငယ်များနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်ညပိုင်းမှ စတင်မည်ဖြစ်ပြီး ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ဘင်ခရာတပ်ဖွဲ့များဖြင့် ချီတက်အလေးပြုခြင်းများ၊ ဆရာတော်ကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ပညာရှင်များထံမှ ဩဝါဒခံယူခြင်းများ၊ စကားရည်လုပွဲများနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပသွားမည် ဖြစ်သည်။

ထို့ပြင် ယခုနှစ်တွင် ထူးခြားမှုအနေနှင့် ဘီလူးကျွန်းသမိုင်းကို ခမ်းနားထည်ဝါစွာ ပုံဖော်ပြသသွားမည့် အစီအစဉ်များလည်း ပါဝင်ပြသသွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါးပြခန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုပြခန်း၊ ဒေသထွက်ကုန်ပြခန်းများ၊ စက်မှုလက်မှုပြခန်းများနှင့် လူငယ်များသိရှိလိုသည်များကို ပညာရှင်များက ပြန်လည် ဖြေကြားနိုင်မည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း ပွဲကျင်းပရေးစီစဉ်သူများထံမှ သိရသည်။

ယင်းအခမ်းအနားသို့ တက်ရောက်ရန် မွန်ပြည်နယ်အတွင်းရှိ မွန်လူငယ်များအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မွန်လူမျိုးများနေထိုင်ရာဒေသများမှ မွန်လူငယ်များနှင့် ထိုင်းနိုင်ငံက မွန်လူငယ်များကိုလည်း တရားဝင်ဖိတ်ခေါ်ထားကြောင်း ၎င်းက ဆိုသည်။

အခမ်းအနားကျင်းပရန် ငွေကျပ်သိန်း ၂၀၀ ခန့် ကျသင့်နိုင်သည်ဟု ခန့်မှန်းထားပြီး ယင်းအလှူငွေများကို မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့မှ မွန်လူမျိုးများက ထည့်ဝင်ကူညီကြမည်ဖြစ်ကြောင်း ဖြစ်မြောက်ရေးအဖွဲ့ထံမှ သိရသည်။

■ J-09

# YPI အထည်ချုပ်စက်ရုံ မီးလောင်မှု ကျပ်သိန်းခုနစ်ထောင်ကျော် ဆုံးရှုံး

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကမာကြည်လမ်းရှိ YPI (Yangon Pan-Pacific Internation)အထည်ချုပ်စက်ရုံမှာ ဒီဇင်ဘာလ ၁၂ ရက် နံနက် ၄ နာရီခွဲဝန်းကျင်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျပ်သိန်း ခုနစ်ထောင်ကျော် တန်ဖိုးရှိ ပစ္စည်းနှင့်အဆောက်အအုံများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

မီးလောင်ဆုံးရှုံးခဲ့သည့် YPI အထည်ချုပ်စက်ရုံကို ကိုရီးယားနိုင်ငံသား Mr. Leo Bo Sumg မှ ပိုင်ဆိုင်ပြီး ဝန်ထမ်းဦးရေ ၁၄၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်နေသည့် စက်ရုံဖြစ်ကာ ကုန်ကြမ်းအထည်အလိပ်များ သိုလှောင်ထားသည့် သွပ်မိုး၊ ဂိုဒေါင်နှစ်ထပ်အဆောက်အအုံအတွင်း မီးစတင်လောင်ကျွမ်းနေသည်ကို လုံခြုံရေး ဝန်ထမ်းက စတင်မြင်တွေ့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"မီးလောင်နေတာကို ကျိတ်ငြိမ်းနေတာ။ မီးက လောင်အားပြင်းလာမှ မီးသတ်နဲ့ 199 ဆီ လှမ်းအကြောင်းကြားခဲ့တာ။ မီးသတ်လည်း ရောက်လာရော ဂိုဒေါင် က မီးလောင်တာ တစ်ဝက်ကျိုးနေပြီ"ဟု မီးလောင်ခဲ့သည့် အထည်ချုပ်စက်ရုံဘေးတွင် ဈေးရောင်းနေသည့် အမျိုးသားတစ်ဦးက ပြောသည်။

YPI အထည်ချုပ်စက်ရုံမှာ လွန်ခဲ့သည့် ၁၈ နှစ်ခန့်က စတင်တည်ထောင်ခဲ့ပြီး ယင်းစက်ရုံဝင်းတွင် အဆောက်အအုံလေးခုရှိသည့်အနက် အလျား ၂၅၃ ပေ၊ အနံ ၂၁၆ ပေ၊ အမြင့် ၃၅ ပေ ရှိသော သွပ်မိုး၊ ဂိုဒေါင် နှစ်ထပ် အဆောက်အအုံတစ်လုံးတွင် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းမီးလောင်မှုကို Level -3 အဆင့် သတ်မှတ်ပြီး မီးသတ်ယာဉ် အစီး ၄၀ ကျော်ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် မီးငြိမ်းခဲ့ကြောင်း၊ ယင်းစက်ရုံတွင် ညပိုင်း၌ လုံခြုံရေးဝန်ထမ်း ငါးဦးသာရှိပြီး မီးလောင်ရသည့် အကြောင်းအရင်းနှင့် ပတ်သက်၍ မီးသတ်တပ်ဖွဲ့မှ လတ်တလော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကာ ယင်းစက်ရုံမှ အထွေထွေမန်နေဂျာဖြစ်သူ ဦးမင်းဟန်ကိုသုဝဏ္ဏနယ်မြေ ရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

S-03

# ကျိုက်ထီးရိုးရင်ပြင်တော် သန့်ရှင်းသာယာရေး ပြည်နယ်အစိုးရ ဆောင်ရွက်ပေးရန် အဆိုအတည်ပြု

**မော်လမြိုင်၊ ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ်၏ အဓိက ခရီးသွားပြည်သူများကို ဆွဲဆောင်နေသော ကျိုက်ထီးရိုးစေတီတော်၏ ရင်ပြင်တော် သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ မွန်ပြည်နယ်အစိုးရက စနစ်တကျ ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်း အဆိုကို ဒီဇင်ဘာလ ၁၂ ရက် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

ယင်းအဆိုကို ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်မှာ ဒေါက်တာ အောင်နိုင်ဦးက ဒီဇင်ဘာလ ၈ လွှတ်တော်အစည်းအဝေးတွင် အဆိုတင်ခဲ့ပြီး ကိုယ်စားလှယ် ၄ ဦးထောက်ခံဆွေးနွေးသည့်အပြင် ဝန်ကြီးချုပ်နှင့် စည်ပင်ဝန်ကြီးတို့ ဆွေးနွေးခဲ့ပြီးနောက် ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

"ကျိုက်ထီးရိုးပေါ်က ပြဿနာများစွာအတွက် လုံလောက်တဲ့ စီမံခန့်ခွဲရေးစနစ်ကောင်းတွေ ထားရှိဆောင်ရွက်နိုင်ဖို့အတွက် ဘုရားဂေါပက သာမကပဲ ပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေအနေနဲ့ လိုအပ်သလို ပူးပေါင်းဆောင်ရွက်သင့်တယ်"ဟု အဆိုရှင် ဒေါက်တာ အောင်နိုင်ဦးက ပြောသည်။

ကျိုက်ထီးရိုးဘုရားပေါ်သို့ နှစ်စဉ်ဘုရားဖူးများ တိုးလာသည့်အတွက် လုပ်ငန်းအရ အခြေချနေထိုင်သူများ၊ နေ့စဉ်မပြတ်သုံးစွဲနေကြသည့် အစားအသောက်များ၊ ပစ္စည်းပစ္စယများ၊ စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ရေး ပြဿနာများနှင့် အခြားပြဿနာများစွာ နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် စီမံခန့်ခွဲရေးစနစ်နှင့် ပတ်သက်၍ အစိုးရကြီးကြပ်ဆောင်ရွက်ပေးရန်အတွက် လိုအပ်ကြောင်း ၎င်းက ပြောဆိုသည်။

"ကျိုက်ထီးရိုးစေတီက မွန်ပြည်နယ်ရဲ့ မျက်နှာတစ်ခုပါပဲ၊ စီမံခန့်ခွဲမှုအပိုင်းနဲ့ ပတ်သက်ပြီး အစိုးရအနေနဲ့ အစွမ်းကုန်ကြိုးစားသွားမှာပါ၊ ကျိုက်ထီးရိုးက အမှိုက်ပြဿနာဆိုရင် မနှစ်ကလည်း အကူအညီပေါင်းများစွာ ကုမ္ပဏီများစွာခေါ်တယ်။ ဒါပေမဲ့မဖြစ်ခဲ့ဘူး၊ အဲဒီတော့ ကိုယ့်ဟာကိုယ်ပဲလုပ်ရတော့မှာပဲ"ဟု မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

ကျိုက်ထီးရိုးဘုရား ဂေါပက၏ အကောင်အထည်ဖော်ရန် ခက်ခဲသည့် အရာများရှိနိုင်ကြောင်း၊ မွန်ပြည်နယ် အစိုးရအနေနှင့် စနစ်တကျ စီမံခန့်ခွဲနိုင်သည့် အနေအထားတွင် ရှိနေပြီး အချို့ကိစ္စရပ်များမှာ ငွေရှိရုံနှင့် မဆောင်ရွက်နိုင်ကြောင်း၊ အစိုးရကိုယ်တိုင် စီမံခန့်ခွဲမှသာ လျှင် ကောင်းမွန်နိုင်မည့် အခြေအနေတွင် ရှိနေကြောင်း သထုံမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ဆွေးနွေးသည်။ ■ R-21




မန္တလေးတိုင်းဒေသကြီး အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို လမ်း ၃၀ x ၇၈ လမ်းထောင့်ရှိ Marvel Hotel တွင် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ မန္တလေးမြို့တွင် ကျင်းပလျက်ရှိရာ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ၊ ဖိုရမ်ဖြစ်မြောက်ရေး ကော်မတီဝင်များ စုစုပေါင်းလူဦးရေ ၂၀၀ ကျော် တက်ရောက်ဆွေးနွေးလျက်ရှိသည်။

# လူရှစ်ဦး သေဆုံးခဲ့သည့် အံစာတုံးကား မီးလောင်မှု စွဲချက်တင် မတင် အမိန့်ချမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ဟိုက်အေ့စ်(အံစာတုံး)ယာဉ်တစ်စီး မီးလောင်ရာမှ ယာဉ်ပေါ်ပါရှစ်ဦး သေဆုံးမှုနှင့် ပတ်သက်၍ တရားစွဲဆိုထားသူ အမျိုးသားကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က( ပေါ့လျော့ခြင်းဖြင့် သေစေမှု) ဖြင့် စွဲချက်တင်သင့် မတင်သင့်ကို လာမည့် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အမိန့်ချမည်ဖြစ်ကြောင်း လှည်းကူးမြို့နယ် တရားရုံးထံမှ စုံစမ်းသိရှိရသည်။

ယင်းအမှုဖြစ်စဉ်မှာ ယခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့က ပုဂံ-ညောင်ဦး ဘုရားဖူးခရီးမှ ရန်ကုန်သို့ အမြန်လမ်းအတိုင်း ပြန်လာသည့် ဟိုက်အေ့စ်ယာဉ်မှာ မိုင်တိုင်အမှတ် ၄/၂ အနီးအရောက် ကားဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းလယ်ကျွန်းရှိ Guard Rail ကို ဝင်တိုက်မိပြီး ယာဉ်မီးလောင်ခဲ့သည်။

ယာဉ်မီးလောင်မှုကြောင့် ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ အပါအဝင် ဝန်ထမ်းများ သေဆုံးခဲ့ပြီး ယာဉ်မောင်း အောင်ခန့်တစ်ဦးသာ အသက်ရှင်လွတ်မြောက်ခဲ့သောကြောင့် ယင်းအမှုကို စီအိုင်ဒီက ကိုင်တွယ် စစ်ဆေးခဲ့သည်။

"ဒီအမှုမှာ တရားလိုနဲ့ လိုပြသက်သေ ၁၉ ဦးကို စစ်ဆေးပြီးပြီ။ ဒါကြောင့် လာမယ့် ဒီဇင်ဘာ ၁၅ ရက်နေ့ကျရင် တရားစွဲဆိုခံရသူ ယာဉ်မောင်း အောင်ခန့်ကို အမှုနဲ့ပတ်သက်ပြီး စွဲချက်တင်သင့် မတင်သင့် အမိန့်ချမယ်"ဟု စီအိုင်ဒီမှ ရဲအရာရှိ တစ်ဦးက ပြောသည်။

အသက်ရှင်လွတ်မြောက်ခဲ့သူ အောင်ခန့်မှာ မီးလောင်ခဲ့သည့် ဟိုက်အေ့စ်ယာဉ်ကို ၎င်းကိုယ်တိုင် မောင်းနှင်ခဲ့ကြောင်း ဝန်ခံထွက်ဆိုထားပြီး ယာဉ်မီးလောင်ချိန် အောင်ခန့်နှင့်အတူ ယာဉ်ပေါ်မှ ဆင်းလာသူဟု စွပ်စွဲခံရသူကိုလည်း စီအိုင်ဒီက ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရာ ၎င်းမှာဝင်ရောက်အကူအညီပေးသူဖြစ်ကြောင်း သိရှိခဲ့ပြီး အမှတ်(၃) အမြန်လမ်းမကြီး ရဲစခန်းတွင် အောင်ခန့်ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က/၃၃၇/၂၈၅ တို့ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ပုဒ်မ သုံးခုဖြင့် အရေးယူခဲ့သော်လည်း ဥပဒေအကြံပြုချက်အရ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က လှည်းကူးမြို့နယ် တရားရုံးတွင် အောင်ခန့်ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က ဖြင့်သာ တရားစွဲတင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

S-03

# ကဝမြို့ရှောင်လမ်းစီမံကိန်း ဒီဇင်ဘာလကုန်တွင် စတင်မည်

**တောင်ငူ၊ ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့ရှောင်လမ်းစီမံကိန်းကို လယ်မြေနစ်နာကြေးပေးမှုများ ပြီးစီးပါက ဒီဇင်ဘာလကုန်တွင် ဖောက်လုပ်မည်ဖြစ်ကြောင်း ပဲခူးတိုင်းအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကဝမြို့ရှောင်လမ်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေမှ ကျပ်လေးဘီလီယံ အသုံးပြု၍ ပေ ၄၀ ကျယ်ဝန်းပြီး၊ ၂ မိုင် ၃ ဖာလုံခန့်အရှည်ကို မြေသားအမြင့် ၇ပေ ဖြင့် ဖောက်လုပ်ရန် ပြင်ဆင်နေကြောင်း၊ အဆိုပါလမ်းတည်ဆောက်ရာတွင် လမ်းနယ်နိမိတ်ထဲ ပါဝင်သော ကဝမြို့နယ်တောင်သူ ၁၁ ဦးပိုင် လယ်မြေ ဧက ၁၁ ဧကကျော်ကို တစ်ဧကလျှင် ကျပ် ၂၅သိန်းဖြင့် နစ်နာကြေး ပေးထားပြီး ပဲခူးမြို့နယ်ဘက်မှ လယ်မြေ ဧက ၃၀ ကျော်ကိုလည်း တစ်ဧကလျှင် ကျပ် ၂၅ သိန်းဖြင့် ပေးအပ်မည်ဖြစ်ကြောင်း ပဲခူးတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

"ပဲခူးမြို့ရှောင်လမ်းကတော့ ဖောက်လုပ်ပြီး တစ်နှစ်မပြည့်ခင်မှာကတည်းက ပျက်စီးကုန်တာ၊ ပဲခူးလမ်းကတော့ ကန်ထရိုက်ချထားတာ၊ ကဝလမ်းကို လမ်းဦးစီးကလုပ်မှာဆိုတော့ စောင့်ကြည့်ရမှာပဲ" ဟု ပဲခူးမြို့ခံ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးက ပြောကြားသည်။

ကဝမြို့နယ် မြို့တွင်းလမ်းမကြီးများပေါ်တွင် နေ့စဉ် ယာဉ်ကြောပိတ်ဆို့မှုများ သက်သာစေရန်၊ ဟံသာဝတီလေဆိပ်စီမံကန်း မကြာမီ စတင်မည်ဖြစ်သောကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် မြို့ရှောင်လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ကြောင်း၊ ယင်းနောက် ပဲခူးတိုင်းလွှတ်တော်က ယခုဘဏ္ဍာနှစ်တွင်ဖောက်လုပ်ရန် အတည်ပြုခဲ့သည်။ ■

R-15



# ဘတ်ဂျက်ကာလ ၆ လအတွင်း ကျပ်သန်းပေါင်း ဆယ့်ငါးသိန်းကျော်ကို သုံးစွဲ

**မန္တလေး၊ ဒီဇင်ဘာ ၁၂**

ဘဏ္ဍာရေးနှစ်သတ်မှတ်ချက်ကို ပြောင်းလဲခဲ့မှုကြောင့် ၂၀၁၈ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် ဘဏ္ဍာငွေ ကျပ်သန်းပေါင်းဆယ့်ငါးသိန်းကျော်ကို ထပ်မံအသုံးပြုသွားရန် လျာထားကြောင်း တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့သည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို နှစ်စဉ် ဧပြီလမှ မတ်လအထိသတ်မှတ်ခဲ့သော်လည်း ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်ကစတင်ပြီး ဘဏ္ဍာရေးကာလကို အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြောင်းလဲသတ်မှတ်အသုံးပြုသွားမည်ဖြစ်သည့်အတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိခြောက်လကိုဘတ်ဂျက်အသုံးပြုရန် ဥပဒေကြမ်းရေးဆွဲကာ ဒီဇင်ဘာ ၁၁ ရက်ကပြုလုပ်သော လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာလ ၁၂ ရက်တွင်ပြုလုပ်သော အစည်းအဝေးတွင် ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအနေနှင့် သာမန်ရငွေ ကျပ်သန်းပေါင်း ၄၁,၈၈၈ ဒသမ ၆၀၁၊ သာမန်သုံးငွေ ကျပ်သန်းပေါင်း ၅၂,၆၁၂ ဒသမ ၄၄၄၊ သာမန်လိုငွေကျပ်သန်းပေါင်း ၁၀,၇၂၃ ဒသမ ၈၄၃၊ ငွေလုံးငွေရင်းရငွေ ကျပ်သန်းပေါင်း ၃၅,၈၇၀ ဒသမ ၂၄၁၊ ငွေလုံးငွေရင်းသုံးငွေ ကျပ်သန်းပေါင်း ၉၇,၅၆၂ ဒသမ ၅၃၀၊ ငွေလုံးငွေရင်းလိုငွေ ကျပ်သန်းပေါင်း ၆၁,၆၉၂ ဒသမ ၂၈၉၊ ကြွေးမြီရငွေကျပ်သန်းပေါင်း ၂၁,၂၆၇ ဒသမ ၇၂၀၊ ကြွေးမြီသုံးငွေ ကျပ်သန်းပေါင်း ၃၀၀၀ ဒသမ ၀၀၀၊ ကြွေးမြီပိုငွေ ကျပ်သန်းပေါင်း ၁၈၂၆၇ ဒသမ ၇၂၀၊ စုစုပေါင်း ရငွေ ကျပ်သန်းပေါင်း ၉၉,၀၂၆ ဒသမ ၅၆၂၊ စုစုပေါင်း သုံးငွေ ကျပ်သန်းပေါင်း ၁၅၃,၁၇၄ ဒသမ ၉၇၄၊ စုစုပေါင်းလိုငွေ ကျပ်သန်းပေါင်း ၅၄,၁၄၈ ဒသမ ၄၁၂ ခန့် ခန့်မှန်းလျာထားကြောင်း လွှတ်တော်သို့ တင်ပြသော အရအသုံးစာရင်းများအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ဗဟိုအဖွဲ့အစည်းငါးခု၊ ဝန်ကြီးဌာနခြောက်ခု၏ လက်အောက်ခံဌာနအဖွဲ့အစည်း ၁၇ ခုနှင့် စည်ပင်သာယာရေးကော်မတီ စည်ပင်သာယာရေးအဖွဲ့များအပါအဝင် တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်း ၂၄ ခုက ယင်းဘတ်ဂျက်များကို ခွဲဝေသုံးစွဲမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအနေနှင့် လိုငွေဖြည့်ဆည်းပေးရန် ပြည်ထောင်စုကထောက်ပံ့ပေးနိုင်မည့် ပမာဏမှာ ကျပ် ၅၄,၁၄၈ ဒသမ ၄၁၂ သန်းနှင့် ပြည်ထောင်စုမှ မန္တလေးတိုင်းဒေသကြီးသို့ ခွဲဝေပေးမည့်အခွန်ဝေစု လျာထားချက်မှာ ကျပ် ၇၀,၀၉၀ ဒသမ ၄၄၄ သန်းဖြစ်ကြောင်းလည်း ဦးမြတ်သူ၏ တင်ပြချက်တွင် ဖော်ပြထားသည်။ ■

**M-04**

# ဈေးချိုတော်တွင် ဓာတုဆိုးဆေး ကင်းစင်စေရန် ဆောင်ရွက်မည်

**မန္တလေး၊ ဒီဇင်ဘာ ၁၂**

မန္တလေးမြို့၏ အဓိကကုန်စည်စီးဆင်းရာ ဈေးချိုတော်တွင် ခွင့်မပြုဓာတုဆိုးဆေးကင်းစင်စေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ) က စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

ဒီဇင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သော မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးသိန်းဟန်က FDA က စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များနှင့် ဆေးဝါးများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်မှုအစီအစဉ်ရှိ မရှိ မေးခွန်းနှင့် ပတ်သက်ပြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ရက် ၁၀၀ စီမံချက် ကာလကတည်းကနေ ဆောင်ရွက်နေခြင်းဖြစ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ) အနေနဲ့ ခွင့်မပြုဓာတုဆိုးဆေးများရဲ့ အန္တရာယ်များအကြောင်း အသိပေးဆွေးနွေးခြင်းနဲ့ ပြည်သူများ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဈေးကွက်အတွင်း ခွင့်မပြုဓာတုဆိုးဆေးများနဲ့ပတ်သက်လို့ ဈေးကွက်ထောက်လှမ်းခြင်းများ ပြုလုပ်နေပါတယ်" ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

မန္တလေးဈေးချိုတော်တွင် ခွင့်မပြုဆိုးဆေး၊ ဓာတုဆိုးဆေး ကင်းစင်သွားပါက အခြားဈေးငယ်များတွင်လည်း အလိုအလျောက် ခွင့်မပြုဆိုးဆေး၊ ဓာတုဆိုးဆေး ကင်းစင်သွားမည်ဖြစ်ကြောင်း၊ ခွင့်မပြုဓာတုဆိုးဆေးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချတာကို တွေ့ရှိပါက သတိပေးခြင်း၊ ခံဝန်ထိုးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး ထပ်မံဖောက်ဖျက်ပါက ဆိုင်ပိတ်သိမ်းခြင်းတို့အထိ အရေးယူရန် စည်ပင်သာယာရေးကော်မတီကို အကြောင်းကြားမည်ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ) ထံမှ သိရသည်။ ■ **M-04**

# မဟာမုနိဘုရားအရှေ့ဘက် ဆိုင်ခန်းများမှ နေရောင်ကာများကို ဖယ်ရှား

**မန္တလေး၊ ဒီဇင်ဘာ ၁၂**

မန္တလေးမြို့မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအရှေ့ဘက်မုခ် ၈၁ လမ်းပေါ်ရှိ ဆိုင်ခန်းများမှ နေရောင်ကာ အမိုးများကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဖယ်ရှားခဲ့ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

လမ်းဘက်သို့ ၅ ပေခန့် ထွက်နေသော နေရောင်ကာ အမိုးများကြောင့် ခရီးသွားများ စိတ်အနှောင့်အယှက်ဖြစ်ရပြီး ယာဉ်ကြောရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေသည့်အပြင် ယင်းဆိုင်ခန်းများရှေ့ဘက်မှ ရေမြောင်းတစ်ခုဖောက်လုပ်ရန်ရှိသည့်အတွက် နေရောင်ကာအမိုးများကို မဖြစ်မနေ ဖယ်ရှားရခြင်းဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့ဝင်ဦးသန်းလွင်ကပြောကြားသည်။

"ပလက်ဖောင်းက သွားလို့မရဘူးဖြစ်နေတယ်။ အဓိကတော့ ခရီးသွားတွေ စိတ်ချမ်းချမ်းသာသာနဲ့ သွားလို့ရအောင်ပေါ့။ ဘယ်နေ့နောက်ဆုံး ဖျက်ရမယ်ဆိုပြီး နှုတ်နဲ့ရောစာနဲ့ရော အကြောင်းကြားထားတာ ခုနစ်ကြိမ်ရှိပါပြီ။ ဒီနေ့ကတော့ ကိုယ်တို့ဂေါပကအစီအစဉ်နဲ့ ဖယ်ရှားရခြင်းဖြစ်ပါတယ်" ဟု ဦးသန်းလွင်က ပြောကြားသည်။

မဟာမုနိဘုရားအရှေ့ဘက်မုခ် ၈၁ လမ်းပေါ်တွင် ဆိုင်ခန်းပေါင်း ၄၀ ကျော်ခန့်ရှိပြီး ယင်းသို့ဖယ်ရှားရန်အတွက် ဂေါပကအဖွဲ့က အကြောင်းကြားခဲ့ကြောင်း ဆိုင်ခန်းပိုင်ရှင်အချို့က ပြောကြားသည်။

"အစ်မတို့အနေနဲ့ကလည်း ဒီလိုလုပ်တာကိုသဘောတူပါတယ်ဆိုပြီး လက်မှတ်ထိုးပေးမထားပါဘူး။ လက်ရှိကတော့ စီးပွားရေးပျက်သွားပြီ။ စီးပွားရေးထက် ပိုတာဘာရှိမလဲ။ မြောင်းလုပ်မယ်။ မလွတ်ကင်းတာတွေ ဖယ်ရှားထားပါဆိုပြီး ပြောထားတာရှိပါတယ်။ ဒါတွေကို ဖျက်မယ်ဆိုပြီး ပို့ထားတာမရှိပါဘူး။ ဒီလိုလုပ်တဲ့အတွက် ခံစားရပါတယ်" ဟု သိင်္ဂီဝင်း ထမင်းဆိုင်ပိုင်ရှင် ဒေါ်ဥမ္မာသန်းက ပြောကြားသည်။

မဟာမုနိဘုရား နယ်မြေ ကြည်ညိုဖွယ်ဖြစ်စေရေး၊ သန့်ရှင်းသာယာရေးနှင့် ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် အရှေ့မုခ်ဦးနှင့် ဘဏ္ဍာပိုင်ဆိုင်ခန်းများရှေ့ ရေမြောင်းများစနစ်တကျ ရှိစေရေးစသည့်တို့ကို ရေရှည်အတွက်ရည်မှန်းဆောင်ရွက်နေကြောင်း၊ ဘုရားကြီး ဘဏ္ဍာပိုင်ဆိုင်ခန်းများကို မူလအဆောက်အအုံအထိသာ အသုံးပြုကြစေရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများ၏ မိန့်ကြားချက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ မြို့နယ်စည်ပင်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့က ကွင်းဆင်းစစ်ဆေးမှတ်တမ်းတင်ခဲ့သည်။



ဓာတ်ပုံ-မြတ်မင်း

ဆိုင်ခန်းနေရောင်ကာများ ဖျက်သိမ်းနေစဉ်

ယင်းနောက် ဩဂုတ်လ ၂၈ ရက်နေ့နှင့် အောက်တိုဘာ ၇ ရက်နေ့များတွင် ဆိုင်ခန်း ဖွင့်လှစ်ထားသူများနှင့် ၂ ကြိမ်တိုင်တွေ့ဆုံဆွေးနွေး၍ နေရောင်ကာများ ဖယ်ရှားပေးရန် မေတ္တာရပ်ခံခဲ့ရာ တန်ဆောင်မုန်းလကုန်အထိ စောင့်ဆိုင်းပေးရန် ဆိုင်ခန်းဖွင့်လှစ်ထားသူများက ညှိနှိုင်းသဖြင့် ဂေါပကအဖွဲ့က လိုက်လျောခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်နေ့တွင်အပြီးဖယ်ရှားပေးရန် နောက်ဆုံးအကြိမ် အသိပေးအကြောင်းကြားခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ ■ **M-05**



ဓာတ်ပုံ-ကျော်စိုးမိုး

ပူတာအိုမှ ကော့သောင်းသို့သွားမည့် YFC မှ စက်ဘီးစီးအားကစားသမားနှစ်ဦး မိတ္ထီလာမြို့ခံ စက်ဘီးစီးအားကစားသမားများနှင့်အတူတွေ့ရစဉ်

# ပူတာအိုမှကော့သောင်းသို့သွားမည့် စက်ဘီးစီးအားကစားသမားနှစ်ဦး မိတ္ထီလာမှ နေပြည်တော်သို့ထွက်ခွာ

**မိတ္ထီလာ၊ ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် ပူတာအိုမြို့မှ တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ခရီးရှည်သွားရောက်မည့် Yangon Freedom Cyclist အဖွဲ့မှ စက်ဘီးစီး အားကစားသမား ကိုမျိုးမြင့်ဘို နှင့် ကိုစိုင်းအောင်ခင်ဆင့်တို့သည် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မိတ္ထီလာမြို့မှ နေပြည်တော်သို့ ထွက်ခွာခဲ့ကြောင်း မိတ္ထီလာမြို့ခံ စက်ဘီးစီးအားကစားသမားများထံ မှ စုံစမ်းသိရှိရသည်။

ယင်းစက်ဘီးစီးအားကစားသမားနှစ်ဦးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သို့ ဒီဇင်ဘာ ၁၁ ရက်နေ့ ညနေပိုင်းက ရောက်ရှိခဲ့သည်။

"အဓိက ရည်ရွယ်ချက်က ကျွန်တော်တို့က စက်ဘီးအားကစားကို ပိုမိုမြှင့်တင်ပေးစေချင်တာရယ်၊ နောက်ပြီးတော့ တကယ်ဝေးလံခေါင်သီတဲ့ဒေသက လူနေမှုစရိုက်တွေကို တင်ပြချင်တာပါ။ ဒီလိုတင်ပြခြင်းအားဖြင့် အဲဒီလိုနေရာတွေကို ကျွန်တော်တို့ စက်ဘီးနဲ့တောင် လုံလုံခြုံခြုံ စိတ်ချချသွားနိုင်တယ်ဆိုရင် ကျန်တဲ့သူတွေလည်း သွားနိုင်လာမယ်။ အဲဒီလိုသွားနိုင်လာပြီဆိုရင် အဲဒီဒေသဟာ အေးချမ်းလာမယ် ဖွံ့ဖြိုးလာမယ်" ဟု အဖွဲ့ခေါင်းဆောင် ကိုမျိုးမြင့်ဘိုက ပြောကြားသည်။

အဆိုပါ ခရီးစဉ်အတွက် ကုန်ကျစရိတ်အားလုံးကို Htoo Group of Companies နှင့် Htoo Foundation တို့က ပံ့ပိုးကူညီမှုပေးခြင်းဖြစ်ပြီး နိုဝင်ဘာလ ၂၄ ရက်နေ့က လေယာဉ်ဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် ပူတာအိုမှ စက်ဘီးဖြင့် စတင်ထွက်ခွာလာရာတွင် လမ်းခရီးတစ်လျှောက်ရှိ သမိုင်းဝင်နေရာများတွင် ဝင်ရောက်လေ့လာခဲ့ကြကြောင်း၊ တစ်နေ့လျှင် ပျမ်းမျှ ခရီးကီလိုမီတာ ၁၃၀-၁၅၀ သွားမည်ဖြစ်ကြောင်း၊ တောင်တက်တောင်ဆင်းခရီးများတွင် တစ်ရက်လျှင် ကီလို ၆၀-၇၀ ခန့် သွားမည်ဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာ ၂၄ သို့မဟုတ် ၂၅ ရက်နေ့တွင် ကော့သောင်းမြို့တွင် ပန်းဝင်မည်ဖြစ်ကြောင်း ခရီးရှည်စက်ဘီးစီး အားကစားသမားနှစ်ဦးထံမှ သိရသည်။ ■

**R-01**

# မန္တလေးတွင် ငွေကျပ် သိန်း ၈၀၀ ကျော် လုယက်မှုဖြစ်

**မန္တလေး၊ ဒီဇင်ဘာ ၁၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၅ လမ်း ၃၄ လမ်းနှင့် ၃၅ လမ်းကြားတွင် ဒီဇင်ဘာလ ၁၀ ရက်နေ့က လမ်းလျှောက်လာသူ နှစ်ဦးထံမှ ငွေကျပ်သိန်း ၈၀၀ ကျော် တန်ဖိုးရှိသည့် လက်ဝတ်လက်စားနှင့် ငွေများထည့်ထားသောအိတ် လုယက်မှုဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ မမာမာဝင်း ၃၄ နှစ်သည် ယင်းနေ့ နံနက် ၁၁ နာရီ ၄၀ မိနစ်အချိန်တွင် အစ်မဝမ်းကွဲ တော်စပ်သူ ဒေါ်သီတာစိုးနှင့်အတူ အလုပြင်ဆိုင်မှ လမ်းလျှောက် ပြန်လာစဉ် ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသား ၂ ဦးအနက် နောက်မှ ထိုင်လိုက်သူက မမာမာဝင်း၏ အိတ်ကို ဆွဲလုသွားခြင်းဖြစ်သည်။

လုယူခံရသည့် အိတ်အတွင်း ငွေ ၇၁၄,၀၀၀ ကျပ်ခန့် ၊ ကျပ်သိန်း ၅၀ တန်ဖိုးရှိ စိန်နားဆွဲတန်း ၁ စုံ (စိန် ငါးလုံးတန်း)၊ ကျပ် ၁၅ သိန်းတန်ဖိုးရှိ စိန်ဆွဲသီးပါ ပလက်တီနမ်ဆွဲကြိုး ၁ ကုံး၊ ကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စိန်လက်ကောက် ၁ ကွင်း၊ ကျပ် ၁၂၅ သိန်း တန်ဖိုးရှိ စိန်ဆွဲသီး ၁ ခု၊ ကျပ်သိန်း ၃၅၀ တန်ဖိုးရှိ စိန်လက်စွပ်တစ်ကွင်း ၊ ၃ သိန်းကျပ်တန်ဖိုးရှိ ရွှေဆွဲသီးတစ်ခု ၊ ၃ သိန်းကျပ်တန်ဖိုးရှိ ဖုန်းတစ်လုံး ၊ တစ်သိန်းကျပ်တန် လက်ပတ်နာရီ ၁ လုံး၊ ၂ သိန်းကျပ်တန် လက်ပတ်နာရီ ၁ လုံး၊ ယောကျ်ားကိုင်ပိုက်ဆံအိတ်အရှည် ၂ လုံး၊ ဗီရိုသော့များနှင့် ကျော်စိုးဦးအမည် နိုင်ငံသားစိစစ်ရေးကတ် ၁ ခု ပါဝင်ကြောင်း မန္တလေးမြို့ အမှတ် ၁၁ နယ်မြေရဲစခန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။

ဒီဇင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သော မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က မန္တလေးမြို့ပေါ်တွင် တရားဥပဒေစိုးမိုးရေး၊ အများပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးနှင့် ခိုးမှု၊ လုယက်မှု၊ မုဒိမ်းမှုများ လျော့နည်း ပပျောက်စေရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အထူးအလေးထားဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့သည်။

လူဦးရေ ၁ ဒသမ ၅ သန်းကျော်နေထိုင်သော မန္တလေးမြို့ပေါ်တွင် ၂၀၁၇ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ ၁၁ လကျော်အတွင်း အမှုကြီးများအပါအဝင် ၅၁၀၈ မှု ဖြစ်ပွားခဲ့ရာ အဆိုပါ အမှုများအနက် ၄၈၀၁ မှု စစ်ဆေးဖော်ထုတ်နိုင်ပြီး ပျမ်းမျှ တစ်ရက်လျှင် ၁၅ မှုခန့် ဖြစ်ပွားနေသော်လည်း မန္တလေး လူဦးရေနှင့် အချိုးချပါက အမှုဖြစ်ပွားမှု များသည်ဟု မဆိုနိုင်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက လွှတ်တော်တွင် ဖြေကြားခဲ့သည်။

အဆိုပါ လုယက်မှုဖြစ်စဉ်များတွင် ကျူးလွန်သူအများစုမှာ အသက် ၁၆နှစ်မှ ၁၉ နှစ်အရွယ်များဖြစ်ပြီး ၎င်းတို့၏ အလုပ်အကိုင်သည် သံပန်း၊ ပန်းရန်၊ ဆေးသုတ်၊ ဆိုင်ကယ်ကယ်ရီမောင်း စသည့်ကျပန်းလုပ်ကိုင်သူများဖြစ်ပြီး အများအားဖြင့် မှုခင်းဖြစ်ပေါ်စေနိုင်သည့် အချိန်၊ နေရာ၊ မှုခင်းကျူးလွန်ခံရသည့် သားကောင်၏ အခြေအနေပေးမှုတို့ကြောင့် အခွင့်ကြုံ၍ ကျူးလွန်သည်ကို စိစစ်တွေ့ရှိရကြောင်း ဗိုလ်မှူးကြီးကျော်ကျော်မင်းက ပြောကြားသည်။

ယင်းလုယက်မှုကို ချမ်းအေးသာစံမြို့မရဲစခန်းက (ပ)၅၃၀/၂၀၁၇ ၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၂ အရ အမှုဖွင့်ထားပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ■

**M-04**

# သပိတ်ကျင်းတွင် တူမီးသေနတ်ကိုင်ဆောင်သူကို ဖမ်းဆီး

**သပိတ်ကျင်း၊ ဒီဇင်ဘာ ၁၂**

သပိတ်ကျင်းမြို့နယ် အုန်းဇုန်းကျေးရွာအုပ်စု ရင်ခက်ပင်ကျေးရွာတွင် ဒီဇင်ဘာလ ၁၁ ရက်နေ့ ညနေ ၆နာရီ ၃၀ မိနစ်ခန့်က တူမီးသေနတ်တစ်လက် ကိုင်ဆောင်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ကွင်း ၃၀ ကျေးရွာရဲကင်းစခန်း ဒုရဲအုပ်စည်သူဖြိုးက ပြောကြားသည်။

ကျေးရွာအသိသက်သေများနှင့် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် တောလမ်းမပေါ်ဖြတ်သန်းသွားလာနေသူတစ်ဦးကို မသင်္ကာ၍ စစ်ဆေးရာမှ အရပ်လုပ် တူမီးသေနတ် အလျား ၃၅ လက်မခန့်ရှိ သံပြောင်းတစ်ခုနှင့် ဒင်ပိုင်းပါ သစ်သားအချင်း (၀ ဒသမ ၅) လက်မတို့ကို ပီနံအိတ်ဖြင့်ဖြုတ်၍သယ်ဆောင်လာစဉ် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

ခွင့်ပြုချက်တစ်စုံတစ်ရာမရှိပဲ အရပ်လုပ်သေနတ်ကို သယ်ဆောင်သွားလာခဲ့သော အသက် ၁၉ နှစ်အရွယ်ရှိ ရှိုင်းထက်အောင်ဆိုသူကို (ပ) ၂၆၂/၂၀၁၇ လက်နက်ဥပဒေပုဒ်မ ၁၉ (စ) ရေးဖွင့်ကာ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သပိတ်ကျင်းမြို့မရဲစခန်းထံမှ သိရှိရသည်။ ■

**R-05**



ဓာတ်ပုံ-အောင်အောင်ထွန်း

# အင်းဝ မယ်နုအုတ်ကျောင်း ပြုပြင်မွမ်းမံမှုအစီအစဉ် ပျက်ပြယ်

**မန္တလေး၊ ဒီဇင်ဘာ ၁၂**

အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ မဟာအောင်မြေဘုံစံကျောင်း (မယ်နုအုတ်ကျောင်း) ကို အလှူရှင်တစ်ဦး၏ လှူဒါန်းမှုဖြင့် ပြုပြင်ရန်ရှိသော်လည်း အစီအစဉ်များ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)ထံမှ သိရသည်။

"အလှူရှင်ကတော့ နားသွားပြီ။ ပြုပြင်ဖို့ သူ့ဆီကိုကျွန်တော်တို့အကြောင်းကြားခဲ့တယ်။ ဒါပေမဲ့လည်း သူ့ဆီက မပြင်တော့ဘူးဆိုပြီး အကြောင်းပြန်လာတယ်။ ဘာ့ကြောင့်လဲဆိုတာတော့ မပြောတတ်ဘူး။ မယ်နုအုတ်ကျောင်းနဲ့ ပတ်သက်ပြီး ဘာဆက်လုပ်မယ်ဆိုတာတော့ လက်ရှိအချိန်မှာ မပြောနိုင်သေးဘူး" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ အရာရှိတစ်ဦးက ပြောကြားသည်။

မယ်နုအုတ်ကျောင်းကို ပြုပြင်မည်ဟု သတင်းများထွက်ပေါ်ခဲ့စဉ်က လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် မူလလက်ရာမဟုတ်သည့်ပြုပြင်မှုများ လက်မခံနိုင်ကြောင်း ဝေဖန်မှုများ ထွက်ပေါ်ခဲ့ဖူးသည်။

မယ်နုအုတ်ကျောင်း၏ အမိုးပိုင်းတွင် မိုးရေယိုစိမ့်မှုဖြစ်ပေါ်နေပြီး ၂၀၁၂ ခုနှစ်အတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အချို့နေရာများတွင် အက်ကွဲကြောင်းများဖြစ်ပေါ်နေကြောင်း၊ မိုးရေယိုစိမ့်မှုကြောင့် အမိုးပိုင်းအင်္ဂတေအလွှာနှင့် အတွင်းပိုင်းစိုထိုင်းမှုကို ဖြစ်ပေါ်စေကြောင်း၊ ပိုးမွှားများ ဝင်ရောက်ခိုအောင်းမှုကြောင့် အင်္ဂတေလွှာများ၏ ကြံ့ခိုင်မှုကို ထိခိုက်ပျက်စီးစေကြောင်း အောက်ပိုင်းသစ်သားကြမ်းခင်းများ ဆွေးမြည့်မှုကို ဖြစ်ပေါ်စေကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)ထံမှ သိရသည်။

အဆိုပါ အုတ်ကျောင်းကြီးကို နန်းမတော်မယ်နု၏ ကောင်းမှုဖြင့် ၁၁၈၄ တွင်စတင်ဆောက်လုပ်ခဲ့ကာ ဆောက်လုပ်ရာတွင် ငါးနှစ်ခန့်ကြာမြင့်ခဲ့ကြောင်း၊ ၁၁၈၉ ခုနှစ်တွင် မဟာအောင်မြေဘုံစံဟု ကမ္ပည်းထိုးကာ ညောင်ကန်ဆရာတော်ဦးပိုအား ရေစက်ချလှူဒါန်းခဲ့သည်။ ဆရာတော်ဦးပို ကွယ်လွန်ပြီးနောက်တွင် ဒုတိယညောင်ကန် ဆရာတော် ဦးဗုဓ်ထံ ထပ်မံလှူဒါန်းခဲ့သည်။

အုတ်ကျောင်း အကျယ်အဝန်းမှာ အလျား ၁၉၂ ပေ၊ အနံ ၁၁၂ ပေနှင့် အမြင့် ၉၄ ပေရှိကြောင်း၊ ကျောင်းတည်ဆောက်ရာတွင် အင်းဝခေတ် ငွေကျပ်သုံးသိန်း ကုန်ကျကြောင်း၊ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ရာ နန်းမတော်မယ်နု၏ သမီးတော် ဆင်ဖြူမရှင်က သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် ထပ်မံ ပြုပြင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ■

**M-05**

# ရေအိမ်စည်းကမ်းထုတ်သည့် ကချင်လွှတ်တော်ဥက္ကဋ္ဌ၏ စည်းကမ်းချက်များကို ကိုယ်စားလှယ်အချို့ကန့်ကွက်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ်လွှတ်တော်ရိပ်သာ၌နေထိုင်ကြသော ကိုယ်စားလှယ်များအနေနှင့် အလေးသွားပြီးပါက ရေဆွဲချရန် အပါအဝင် စည်းကမ်းချက် ၂၃ ချက်ကို ကျေနပ်မှုမရှိ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်လျက်ရှိကြောင်း ကိုယ်စားလှယ်အချို့က The Voice သို့ ပြောကြားသည်။

နိုဝင်ဘာလ ၂၈ ရက်က ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်သည် လွှတ်တော်ရိပ်သာတိုက်ခန်းအတွင်း နေထိုင်သော ကိုယ်စားလှယ်များ လိုက်နာရန် စည်းကမ်းချက် ၂၃ ချက်ကို ထုတ်ပြန်ခဲ့ပြီး ကိုယ်စားလှယ်များ နေထိုင်သော တိုက်ခန်းများသို့ လိုက်လံပေးရာတွင် ကိုယ်စားလှယ်နှင့်လွှတ်တော်ဝန်ထမ်းများ အချင်းများခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ဆက်လက်ပြောကြားသည်။

ယင်းစည်းကမ်းချက် ၂၃ ချက်တွင် ကိုယ်စားလှယ်များအနေနှင့် အမှိုက်နှင့် ကွမ်းတံတွေးများကို အမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ရမည်၊ အိပ်ခန်းအတွင်း အဝတ်စိုများ မလှန်းရ၊ အလေးသွားပြီးပါက ရေဆွဲချရန်၊အိပ်ခန်းအတွင်း ချက်ပြုတ်ခြင်းများ ဆောင်ရွက်မည်ဆိုပါက သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ရန်နှင့်ဘေးပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် ကုန်ပစ္စည်းများ သိုလှောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ကျယ်လောင်စွာ စကားပြောခြင်း၊ သီချင်းဖွင့်/ဆိုခြင်း၊ ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာခြင်းများ မပြုလုပ်ရစသည်ဖြင့်ပါဝင်သည်။

"လိုအပ်လို့ ထုတ်တယ်လို ယုံကြည်တယ်။ လူတွေက အမျိုးမျိုးရှိတယ်။ ကိုယ်စားလှယ်တွေထဲမှာလည်း အမျိုးမျိုးရှိတယ်။ သပ်သပ်ရပ်ရပ်နဲ့နေတတ်တဲ့သူတွေရှိသလို ပစ်စလက်ခတ် နေတတ်တဲ့သူတွေလည်းရှိတယ်" ဟု မိုးညှင်းမြို့နယ် ပြည်နယ်လွှတ်တော် အမှတ် (၂) ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းကဆိုသည်။

လိုအပ်လို့ စည်းကမ်းချက်ထုတ်ပြန်သည့်အပေါ် ကြိုဆိုပြီး ယင်းကဲ့သို့ လွှတ်တော်ဥက္ကဋ္ဌ၏ ထုတ်ပြန်သည့် စည်းကမ်းချက်အပေါ် ကျေနပ်မှုမရှိ၍ ကိုယ်စားလှယ်အချို့က ဝေဖန်မှုရှိပြီး စည်းကမ်းမရှိသူများကြောင့် ယခုကဲ့သို့ စည်းကမ်းထုတ်ရခြင်း ဖြစ်နိုင်ကြောင်း ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

ယင်းကဲ့သို့ လွှတ်တော်ဥက္ကဋ္ဌ၏ ထုတ်ပြန်သော စည်းကမ်းချက်အပေါ် ကျေနပ်မှုမရှိသော လွှတ်တော်ကိုယ်စားလှယ် အချို့သည် နိုဝင်ဘာလ ၂၉ ရက်၌ လွှတ်တော်ကိုယ်စားလှယ် ရုံးခန်းသို့ သွားရောက်၍ စည်းကမ်းရုပ်သိမ်းပေးရန် သွားရောက် တောင်းဆိုမှုများရှိကြောင်း ကိုယ်စားလှယ်အချို့က ပြောသည်။

"ဒီစည်းကမ်းချက်တွေက ကိုယ်စားလှယ်တွေအနေနဲ့ မလိုအပ်ဘူး။ လမ်းဘေးကလူတွေလည်း မဟုတ်ဘူး။ စည်းကမ်းချက်တွေကို ကန့်ကွက်ပါတယ်" ဟု ကချင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

ယင်းသို့ လွှတ်တော်ရိပ်သာ တိုက်ခန်းအတွင်းနေထိုင်သော ကိုယ်စားလှယ်များကို စည်းကမ်းချက် ထုတ်ပြန်ခဲ့သော ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ The Voice က ဖုန်းဖြင့် ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပေ။ ■J-07

The VOICE Daily CARTOON



## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာက ဘုန်းတော်ကြီးသင်စာသင်ကျောင်းကို လှူဒါန်းနိုင်ဖို့ပါ။ လူလေကျေးရွာ၊ ကျောက္ကလပ်အုပ်စု၊ ကျိုက်ထိုမြို့နယ်၊ (သိမ်ဇရပ်မြို့အနီး)၊ မွန်ပြည်နယ်မှာတည်ရှိတဲ့ သာသနာရောင်ခြည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (မူလွန်)ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ကိုရင်ခြောက်ပါး အပါအဝင် ဆင်းရဲချို့တဲ့ ကလေးငယ် ၁၃၀ ကျော်ကို အခမဲ့ ပညာသင်ကြားပို့ချပေးနေတာပါ။ KG တန်းကနေ ရှစ်တန်းအထိ ဆရာ၊ ဆရာမ ငါးဦးနဲ့ အခမဲ့ ပညာသင်ကြားပေးနေတာဖြစ်ပြီး နေ့လယ်စာအတွက် အာဟာရဒါနအဖြစ် တတ်အားသရွေ့ပါဝင်လှူဒါန်းလိုသူတွေ ဆက်သွယ်နိုင်မှာပါ။ အသေးစိတ်သိလိုတယ်၊ ဆက်သွယ်လှူဒါန်းလိုတယ်ဆိုရင် ဆရာတော် ဦးသာသနရက္ခိတ ဖုန်း ၀၉ ၄၉၂၄၉၉၂၆၊ ၀၉ ၇၈၈၂၆၇၆၇၀ ကို ဆက်သွယ်နိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### ဒီဇင်ဘာလကုန်အထိ အထူးဈေးနှုန်းနဲ့ ဝယ်နိုင်မယ့်

### Remax Linon Pro Power Bank

ဖုန်းအားသွင်းဖို့အတွက် Power Bank တစ်လုံးလောက်ဝယ်ဖို့ စိတ်ကူးနေသူတွေအတွက် Remax ထုတ် Linon Pro Power Bank ကို ညွှန်ပေးချင်ပါတယ်။ iPhone ၊ Android ၊ Type C ဖုန်းအမျိုးအစားမရွေး သုံးနိုင်မှာဖြစ်ပြီး ဘက်ထရီသိုလှောင်အား 20000 mAh ပါဝင်လို့ ဖုန်းအသုံးများတဲ့လူတွေအတွက် စိတ်တိုင်းကျနိုင်ပါတယ်။ အာမခံတစ်နှစ်ပါဝင်ပြီး လတ်တလောမှာ ဒီဇင်ဘာလကုန်အထိ မူရင်းဈေး ၃၃,၃၀၀ ကျပ် ကနေ ၂၉,၉၀၀ ကျပ် လျှော့ဈေးနဲ့ ရောင်းပေးနေတာပါ။ Remax Showroom တွေနဲ့ ဖုန်း ၀၉ ၂၅၉၉၁၁၉၀၀ ကို ဆက်သွယ်ပြီး ဝယ်ယူနိုင်ပါတယ်။ ■




The Voice Daily
လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ရန်ကုန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊ မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ဂီတဝါသနာရှင်တွေကိုအခြေခံပြီး ပြုလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးကတော့ နောက်ဆုံးအဆင့် ဗိုလ်လုပွဲ (Grand Final) ကြီးကို ရွှေတိဂုံစေတီတော်ရဲ့ခြေတော်ရင်း ပြည်သူ့ရင်ပြင်မှာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီ။ ဒီပွဲမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ယှဉ်ပြိုင်ပြီး ဆုအသီးသီးရရှိခဲ့သူတွေ၊ သူတို့ကိုအားပေးကြတဲ့ အမာခံပရိသတ်တွေကတော့ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ကြည်နူးကြမှာကတော့ အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်ကတော့ ဂီတရဲ့ နိမ့်သံမြင့်သံတွေ၊ စည်းနဲ့ဝါးတွေကို နားမလည်ပေမယ့် အဲဒီဂီတသံစဉ်တွေရဲ့နောက်က သီချင်းစာသားတွေရဲ့ အဓိပ္ပာယ်ကိုတော့ နားလည်ခံစားမိပါတယ်။ သူတို့တစ်တွေသီဆိုခဲ့ကြတဲ့ အဓိက အနှစ်သာရကတော့ ငြိမ်းချမ်းရေးကို လိုချင်ကြတာပါပဲ။ ဒါကြောင့်လည်း သူတို့သီဆိုသွားကြတဲ့ သီချင်းတော်တော်များများမှာ စစ်ပွဲတွေရပ်ဖို့နဲ့ ငြိမ်းချမ်းရေးဆိုတဲ့အသံတွေဟာ သောသောညံသွားခဲ့ပါတယ်။ သူတို့တစ်တွေဟာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားတွေကို ကိုယ်စားပြုကြတာဖြစ်လို့ တစ်နည်းပြောရရင် 'စစ်ပွဲတွေရပ်' ဆိုတာနဲ့ 'ငြိမ်းချမ်းရေး' ဆိုတဲ့အသံတွေဟာ မြန်မာပြည် တစ်နံတစ်လျားမှာရှိကြတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ အသံတွေပဲ ဖြစ်ပါတယ်။

အဲဒီ 'စစ်ပွဲတွေရပ်' ဆိုတာနဲ့ 'ငြိမ်းချမ်းရေး' ဆိုတဲ့ အသံတွေဟာ ရွှေတိဂုံစေတီတော်ရဲ့ခြေတော်ရင်း ပြည်သူ့ရင်ပြင်ကနေ တစ်ပြည်လုံးကို ပျံ့နှံ့ရောက်ရှိသွားပြီဖြစ်ပါတယ်။ ဒီအသံတွေဟာ လက်နက်စွဲကိုင်ပြီး တိုက်ပွဲဝင်နေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အဲဒီအဖွဲ့အစည်းတွေမှာပါဝင်ကြတဲ့ တိုင်းရင်းသားတွေ ကြားကြမှာပဲ ဖြစ်ပါတယ်။ ကြားကြရုံသက်သက်ထက် သူတို့တစ်တွေရဲ့ရင်ထဲကို စူးဝင်သွားစေချင်ပါတယ်။ သီဆိုကြတဲ့သူတွေဟာ (ဒိုင်လူကြီးတွေပြောသလို) ရင်ဘတ်ကြီးနဲ့သီဆိုတာဖြစ်လို့ နားဆင်ခံစားကြသူတွေရဲ့ ရင်ဘတ်ကြီးထဲကို ရောက်လိမ့်မယ်လို့ထင်ပါတယ်။

၂၀၁၇ ခုနှစ်ဟာ မကြာခင်ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီရဲ့ဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ ခုနှစ်ကို မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးနှစ် ဖြစ်စေချင်တယ်လို့ နှစ်ဦးတုန်းကပြောခဲ့တာကို ပြန်လည်အမှတ်ရမိပါတယ်။ ပြောခဲ့တဲ့အတိုင်းပဲ ၂၀၁၇ ခုနှစ် တစ်နှစ်လုံးကို ပြန်ကြည့်ရင် အလွတ်သဘော ဆွေးနွေးညှိနှိုင်းမှုတွေ အပါအဝင် ပုံစံအမျိုးမျိုး၊ အမည်အမျိုးမျိုးနဲ့ အဖွဲ့အစည်းအမျိုးမျိုးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြတာ အကြိမ်ပေါင်းမနည်းပါဘူး။ ပြည်တွင်းမှာထုတ်ဝေခဲ့တဲ့ သတင်းစာ၊ ဂျာနယ်နဲ့ ရုပ်သံအပါအဝင် မီဒီယာအမျိုးမျိုးက ရေးသားထုတ်လွှင့်ခဲ့တဲ့ သတင်း၊ ဆောင်းပါး အစုံအလင်မှာလည်း 'ငြိမ်းချမ်းရေး' ဆိုတဲ့ ဝေါဟာရဟာ အကြိမ်ရေသန်းနဲ့ချီပြီး ပါဝင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ နိုင်ငံတကာက ရောက်လာကြတဲ့ ဧည့်သည်ကြီး၊ ဧည့်သည်ငယ်အားလုံးနီးပါးက ပြောဆိုကြတဲ့ စကားတွေထဲမှာလည်း 'ငြိမ်းချမ်းရေး' ဆိုတဲ့စကားလုံးက ရှေ့ဆုံးကပါဝင်ခဲ့ပါတယ်။

ပြည်တွင်း၊ ပြည်ပက ပြောသမျှ၊ ဆိုသမျှ၊ ရေးသမျှတွေထဲမှာ 'စစ်ပွဲတွေရပ်' ဆိုတဲ့စကားလုံးတွေ 'ငြိမ်းချမ်းရေး' ဆိုတဲ့ စကားလုံးတွေ ဒီလောက်အကြိမ်ရေများစွာ ထောင် သောင်း သိန်း သန်းမက ပြောနေ ဆိုနေ တောင်းဆိုနေကြသော်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ စစ်ပွဲတွေရပ်ပြီး ငြိမ်းချမ်းရေးလမ်းစ တကယ်ပေါ်ပေါက်နေပါပြီလား။ ငြိမ်းချမ်းရေးရဖို့ အမှန်တကယ် နီးစပ်နေကြပါပြီလား။

မကြာသေးခင်က တောင်ပေါ်လမ်းခရီးတစ်ခုကို ကားမောင်းပြီး သွားခဲ့ရပါတယ်။ မောင်းသွားရင်းနဲ့ ရှေ့မှာမြင်တွေ့နေရတဲ့ တောင်ထိပ်က ထုံးဖြူဖွေးဖွေးစေတီလေးဟာ မြင်ကွင်းထဲကိုပေါ်လာလိုက်၊ မြင်ကွင်းကနေပျောက်သွားလိုက်၊ လက်ဝဲဘက်ကိုရောက်လာလိုက်၊ လက်ယာဘက်ကိုရောက်သွားလိုက်၊ အနီးကိုရောက်တော့မလိုလိုနဲ့ မသိမသာ ဝေးဝေးကျန်ခဲ့ပြီး နောက်ကိုပြန်လှည့်ကြည့်လိုက်တဲ့အခါ ဟိုးအဝေးကြီးမှာ မှုန်ပျပျကျန်ခဲ့တာကို တွေ့လိုက်ရပါတယ်။ စိတ်ထဲမှာ အတွေးတစ်ခုပေါ်လာတာက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးခရီးဟာ ဒီလိုများဖြစ်နေပြီလား။ ဘုရား၊ ဘုရား၊ ဒီလိုမဖြစ်ပါစေနဲ့လို့ပဲ စိတ်ထဲက ကြိတ်ပြီးဆုတောင်းလိုက်မိပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးညှိနှိုင်းမှုတစ်ခါလုပ်ပြီးတိုင်း ဆွေးနွေးပွဲမှာပါဝင်ခဲ့ကြသူတွေရဲ့ပြောစကားတွေဟာ တကယ်ကို အားရကျေနပ်စရာ၊ အားတက်စရာကောင်းပါတယ်။ ဒါပေမဲ့ ဆွေးနွေးပွဲတစ်ခုနဲ့ တစ်ခုအကြား ပြောကြဆိုကြတဲ့စကားသံတွေနဲ့ မြေပြင်ကထွက်ပေါ်လာတဲ့ ကြိုးကြား ကြိုးကြားသေနတ်သံတွေကတော့ တောင်ပေါ်ကဘုရားလေးလို ပေါ်လိုက်ပျောက်လိုက်နဲ့ နောက်ဆုံးအဝေးမှာကျန်ခဲ့သလိုမျိုး ဖြစ်မှာစိုးရိမ်မိပါတယ်။

နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ရဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က "ငြိမ်းချမ်းရေးရဖို့အတွက် အဓိကလိုအပ်ချက်ကတော့ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်တဲ့စိတ်ရှိဖို့ပဲ ဖြစ်ပါတယ်" လို့ပြောခဲ့ပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ဖတ်ခဲ့ရတဲ့စာအုပ်တွေ၊ လူကြီးတွေရဲ့ဆုံးမစကားတွေမှာလည်း "တစ်စုံတစ်ခုကို အမှန်တကယ်လိုချင်တဲ့ ပြင်းပြတဲ့စိတ်ဆန္ဒသာရှိခဲ့ရင် တစ်နေ့မှာ ကိုယ်ဟာ အဲဒီအရာကို လက်ဝယ်ပိုင်ပိုင်ရရှိမှာပဲဖြစ်တယ်လို့" ပြောဆိုဆုံးမခဲ့ကြတာကို မှတ်သားနာယူခဲ့ကြပါတယ်။ လူတစ်ယောက်ဟာ တစ်စုံတစ်ရာကို လိုချင်တဲ့စိတ်ပြင်းထန်လာရင် အဲဒီအရာကို ရရာရကြောင်း နည်းလမ်းကောင်းတွေကို ရှာဖွေပါတယ်။ ဘယ်လိုပဲ အခက်အခဲရှိရှိ အဲဒီအခက်အခဲတွေကို ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတွေနဲ့ ကျော်လွှားဖြတ်ကျော်ပြီး လိုချင်တာကို ကျားကုတ်ကျားခဲ မရ ရအောင် ကြိုးပမ်းအားထုတ်ကြတဲ့အတွက် တစ်နေ့မှာ လိုရာပန်းတိုင်ကို ရောက်ရှိကြတာပဲဖြစ်ပါတယ်။

ဒါဆိုရင် ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းခုနှစ်ဆယ်လောက် ရှည်ကြာနေပြီဖြစ်တဲ့ ပြည်တွင်းစစ်မီးတွေ မရပ်စဲတာဟာ အမှန်တကယ် ငြိမ်းချမ်းရေးကို လိုချင်တဲ့ဆန္ဒမရှိကြလို့ပဲလား၊ ပြီးခဲ့တဲ့ အစိုးရအဆက်ဆက်က အပစ်အခတ်ရပ်စဲရေးကို ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ လက်နက်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးနဲ့ လုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ တိုင်းရင်းသားတွေဘက်ကတင်ပြတာက အရင်အစိုးရတွေဟာ အပစ်အခတ်ရပ်စဲရေးအဆင့်မှာသာရပ်ထားခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲအထိ မရောက်ခဲ့တာကြောင့်လို့ ဆိုပါတယ်။

ဒါကြောင့်မို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲနဲ့တက်လာတဲ့ ဦးသိန်းစိန်အစိုးရက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိုအရင်လုပ်မယ်။ ပြီးတာနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို တစ်ဆက်တည်းလုပ်မယ်ဆိုပြီး NCA (Nationwide Ceasefire Agreement) လို့ခေါ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အားလုံးသဘောတူ ညှိနှိုင်းရေးဆွဲခဲ့ကြပြီး လက်မှတ်ထိုးခါနီးကျမှ ရှစ်ဖွဲ့က လက်မှတ်မထိုးကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အစိုးရအနေနဲ့ ပေးထားတဲ့ ကတိအတိုင်း အစိုးရသက်တမ်းမကုန်မီ ငြိမ်းချမ်းရေးညီလာခံတစ်ရပ်ကို ခေါ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုကို အစပျိုးလုပ်ကိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ ရွေးကောက်ခံပြီးတက်လာတဲ့ အမျိုးသားဒီမိုကရေစီအစိုးရအနေနဲ့လည်း ယခင်အစိုးရက အစပျိုးခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်လျှောက်လှမ်းဖို့အတွက် အဖွဲ့အစည်းတွေကို ပြင်ဆင်ဖွဲ့စည်းခြင်းအပါအဝင် ပြုပြင်ပြောင်းလဲမှုတချို့လုပ်ခဲ့ပြီး ညီလာခံရဲ့အမည်ကိုလည်း 'ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ' လို့အမည်ပေးပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် ညီလာခံကို နှစ်ကြိမ်တိုင်တိုင်ကျင်းပပြီးလို့ တတိယအကြိမ်ညီလာခံကိုလည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ ကျင်းပပြုလုပ်မယ်လို့ အကြမ်းဖျင်းလျာထားသတ်မှတ်ပြီး ဖြစ်ပါတယ်။

> **ဆွေးနွေးပွဲတစ်ခုနဲ့တစ်ခုအကြား ပြောကြဆိုကြတဲ့စကားသံတွေနဲ့ မြေပြင်က ထွက်ပေါ်လာတဲ့ ကြိုးကြား ကြိုးကြား သေနတ်သံတွေကတော့ တောင်ပေါ်က ဘုရားလေးလို ပေါ်လိုက်ပျောက်လိုက်နဲ့ နောက်ဆုံးအဝေးမှာ ကျန်ခဲ့သလိုမျိုးဖြစ်မှာ စိုးရိမ်မိပါတယ်။**

ဒီကနေ့ရောက်ရှိနေတဲ့ နိုင်ငံရေးအရွေ့ကိုကြည့်မယ်ဆိုရင် တစ်ချိန်တုန်းက ဘယ်လိုမှမရှိခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းကို ရောက်ရှိနေတာပဲဖြစ်ပါတယ်။ နောက်တစ်ခုက တစ်ချိန်တုန်းက ရဲရဲတောင်အသံမထွက်ရဲတဲ့၊ အသံထွက်ရင်တောင် ပြည်ထောင်စုပြိုကွဲမယ်ဆိုတဲ့ ပုဒ်မအတပ်ခံရနိုင်တဲ့ 'ဖက်ဒရယ်မူ' ဆိုတဲ့ ဝေါဟာရ/ စကားလုံးကို လှိုင်လှိုင်ကြီးအသုံးပြုနေကြတာပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၃၀ ရက်နေ့က ပြုလုပ်ခဲ့တဲ့ UPDJC ရဲ့ (၁၂) ကြိမ်မြောက်အစည်းအဝေးမှာ "ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ပေါက်ရေးအတွက် အနာဂတ်ကိုရှေးရှုပြီး အားလုံးပါဝင်ဖို့ ထပ်မံပြီးဆော်သြချင်ပါတယ်" လို့ ပြောသွားတာကို ကြည့်ခြင်းအားဖြင့် ဒီကနေ့ကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးရဲ့အန္တိမရည်မှန်းချက်ဟာ 'ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး' ဖြစ်ပေါ်လာရေးကလွဲလို့ တခြားဘာမှမရှိပါဘူး။

အထက်မှာဖော်ပြခဲ့တဲ့ UPDJC အစည်းအဝေးမှာပဲ ကော်မတီဥက္ကဋ္ဌကပြောကြားခဲ့တာက "အခုကနေစပြီးတော့ လာမယ့် ၂၀၁၈ ခုနှစ်အထိ အချိန်ကာလအတွင်းမှာ ဖက်ဒရယ်ဆိုင်ရာအခြေခံမူတွေကို အခြေခံအုတ်မြစ်အနေနဲ့ချမှတ်နိုင်ဖို့ ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားဖို့လိုပါတယ်"၊ "ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းရေးဟာ နိုင်ငံရေးသဘောတူညီချက်များ ရရှိရေးအပေါ် မူတည်နေတာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေအောင်မြင်မှ ဖက်ဒရယ်ဆိုင်ရာအခြေခံမူတွေ ချမှတ်နိုင်မှာဖြစ်ပါတယ်"...ဆိုပြီးတော့ ပြောဆိုသွားတာကိုလည်း ဖတ်ရှုလိုက်ရပါတယ်။

တကယ်တော့ UPDJC ဥက္ကဋ္ဌရဲ့ပြောကြားချက်တွေဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ လိုချင်တာ/တောင်းဆိုနေတာတွေနဲ့ တစ်ထပ်တည်းကျနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ငြိမ်းချမ်းရေးခရီးကို ဆက်လက်လျှောက်လှမ်းဖို့ဆိုရင် လျှောက်လှမ်းရမယ့်လမ်းခရီးမှာ အဟန့်အတားသဖွယ်ဖြစ်နေတဲ့ 'NCA သဘောတူစာချုပ် လက်မှတ်မရေးထိုးသေးတဲ့ကိစ္စ' ကို အမြန်ဆုံးကျော်လွှားဖို့လိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့လည်း အဲဒီအစည်းအဝေးမှာပဲ '၂၁ ရာစု ပင်လုံညီလာခံရဲ့နိုင်ငံရေးဆွေးနွေးပွဲတံခါးကို အစဉ်အမြဲဖွင့်ထားတဲ့အကြောင်း၊ ဘယ်တော့မဆို ငြိမ်းချမ်းရေးနယ်ပယ်ထဲမှာ ပါဝင်လာချင်တဲ့ အစုအဖွဲ့တွေကို ကြိုဆိုတဲ့အကြောင်း' ကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးပါဝင်ရေးဆွဲထားတဲ့ NCA လမ်းကြောင်းအတိုင်းပဲသွားမယ်ဆိုတာ အကြိမ်ကြိမ်ပြောကြားထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ မိမိတို့အစဉ်တစိုက် တောင်းဆိုခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုတာ လက်တစ်ကမ်းအလိုမှာပဲ ရောက်ရှိနေပြီဖြစ်ပါတယ်။ မိမိတို့အားလုံး စုပေါင်းရေးဆွဲပြီးအတည်ပြုထားခဲ့တဲ့ NCA လို့ခေါ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ဘာကြောင့်လက်မှတ်ရေးထိုးခြင်း မပြုကြတာလည်းဆိုတာ ရိုးသားတဲ့၊ လက်နက်ကိုင်မထားတဲ့၊ စစ်ဘေးရှောင်စခန်းတွေမှာ ရောက်ရှိနေကြတဲ့ တိုင်းရင်းသားတွေအားလုံးက သိချင်နေတဲ့အဖြေပဲ ဖြစ်ပါတယ်။

အဲဒီတိုင်းရင်းသားတွေရဲ့ရင်ထဲမှာ မေးချင်ပေမယ့် မမေးရဲတဲ့မေးခွန်းနှစ်ခုရှိနေပါတယ်။ ပထမမေးခွန်းကတော့ ငြိမ်းချမ်းရေးမလိုချင်ဘူးလားဆိုတဲ့မေးခွန်းဖြစ်ပြီးတော့ ဒုတိယဆက်ပြီး မေးချင်တဲ့မေးခွန်းကတော့ တကယ်လို့ ငြိမ်းချမ်းရေး မလိုချင်ဘူးဆိုရင်... ဘာကြောင့် ငြိမ်းချမ်းရေး မလိုချင်ကြတာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်...။

■ **သိန်းထက်အောင်**

ဖြစ်စဉ် (၁)

၂၀၁၇၊ နိုဝင်ဘာ ၁၂ ရက်နေ့။

သုံးပွင့်ဆိုင်ဆွေးနွေးပွဲ။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊

အစိုးရနှင့် လွှတ်တော် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကြီး။

ဆွေးနွေးပွဲကြီးပြီးသွားတော့ ကျန်ရစ်သည့်အသံ။

ညံခဲ့သည့်စကား။ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးကို သတင်းသမားတွေက မှတ်ချက်စကားတောင်းသည့်အခါ...။ ရပ်ကျေးရွေးကောက်ပွဲတွေနဲ့ပတ်သက်သည့် မှတ်ချက်စကား။ သတင်းသမားတွေက ကျေနပ်သွားသည်လားတော့ မပြောတတ်။ အပြင်မှာတော့ ဆူညံသွားတာ သေချာသည်။

“ရပ်ကျေးရွေးကောက်ပွဲတွေနဲ့ပတ်သက်လို့ မိမိရဲ့သဘောထားကို ပြောမယ်နော်။ တစ်ခွန်းတည်းပဲ။ တရုတ်ပုံပြင်လိုပေါ့။ အသုဘပို့တာ ရှေ့ကပိုတာ ကောင်းလား၊ နောက်ကပို့တာ ကောင်းလားဆိုတော့ ပညာရှိကဖြေတာတော့ အလယ်က ပါမသွားဖို့ပဲ လိုတယ်”

နမူနာအကိုးအကားအပြည့်နဲ့ စကားပါဗျာ။

ဘယ်လောက် ကျက်သရေမင်္ဂလာရှိလိုက်လဲလို့။

ထိရောက်ပီပြင်စကားပြောနည်းကို ဦးမောင်မောင်စိုးဆီ သွားပြီး သင်ယူချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာပါရဲ့။ အစဉ်အလာနဲ့လူဗျနော်။ အရင်ကလည်း ကျန်ရစ်မယ့်စကားတွေချည်း ပြောခဲ့တာ သူပဲဗျ။ ရန်ကုန်မြို့ ကြီးကို ရေအောက်မြို့တော်လုပ်မယ်ပြောခဲ့တာလေ။ ကျွန်တော့် လက်ထဲ လျှပ်စစ်သာထည့်ပေး။ မော်တာနဲ့ရေတွေစုပ်ပစ်မယ်၊ အလွယ်လေးလို့ ပြောခဲ့သူ။ ခေသူမဟုတ်။

နောက်ဖေးလမ်းကြားမှာ အမှိုက်တွေရှင်းတုန်းကလား မသိဘူး။ ပြောခဲ့သေးတာ ရှိသေးတယ်။

“စည်းကမ်းမလိုက်နာတဲ့အိမ်ကို စည်ပင်က ဝယ်ပစ်မယ်”

‘ဒေလ်ကာနက်ဂျီ’ ရဲ့ဟောနည်းပြောနည်းတွေ နေခဲ့တော့။

ဖြစ်စဉ် (၂)

၂၀၁၇၊ နိုဝင်ဘာ ၁၇ ရက်။

ပြည်သူ့လွှတ်တော်။

မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အောင်ခင်ဝင်း တင်သွင်းခဲ့သည့် အနာဂတ်တွင်ထုတ်ဝေမည့် ငွေစက္ကူများအပေါ် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးကြသည့်အသံများ။

“ယခုခေတ်ကာလမှာ ပြည်ထောင်စုကြီး လွတ်လပ်ရေးရအောင် ကြိုးပမ်းပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့ကို မသိကြတော့ပါ။ ဒါ့အပြင် စာရိတ္တပျက်ပြားစေတဲ့ ဖေဖော်ဝါရီလ ၁၄ ရက်ကိုသာ လူငယ်အများစုက သိရှိနေကြတာက ကျွန်တော်တို့ တိုင်းပြည်အနာဂတ်အတွက် ရင်လေးစရာပါ”။

လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၏ စကားပါတဲ့။

“ငွေစက္ကူတွေပေါ်က ဆင်ရုပ်၊ ခြင်္သေ့ရုပ်တွေ မြင်လို့ကတော့ မည်သည့်မျိုးချစ်စိတ်၊ မည်သည့်တိုင်းချစ်ပြည်ချစ်စိတ်၊ မည်သည့်ဂုဏ်ယူဝင့်ကြွား လေးစားအားကျ အတုယူလိုစိတ်မှ ဖြစ်နိုင်စရာအကြောင်း မရှိပါဘူး”။

ဒါက စေတုတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ထောက်ခံဆွေးနွေးချက်။

ထောက်ခံဆွေးနွေးမှုတွေက မြိုင်လှသည်။

ကြောင်းကျိုးဆီလျော်ပြောတတ်ကြပေသည်။

ဗယ်လင်တိုင်းဒေးပဲ မှတ်မိနေတာ စိုးရိမ်လို့နေသည်။ ကောင်းပေစွ။

ရန်ကုန်က ပန်းခြံတစ်ခုထဲမှာ ဗိုလ်ချုပ်ရုပ်တု နှစ်ခု အပြိုင်အဆိုင် စိုက်ထူခဲ့ကြတာလည်း သတိရသွားသည်။ အင်နှင့်အားနှင့် တွေးလို့ခေါ်လို့ ဦးဆောင်နေကြတာ ပျော်စရာကောင်းလှပေစွ။

“ပုဂ္ဂိုလ်ရေးဆန်ပြီး တိုင်းပြည်အတွက်အရေးကြီးသောကိစ္စတွေကို ဦးစားပေးလုပ်ဆောင်ရမှာမို့ ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ငွေစက္ကူရိုက်နှိပ်ထုတ်ဝေရန် ဆန္ဒမရှိ” ဆိုသော ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့သည့် သတင်းကို ပြည်မြန်မာသတင်းစာအဟောင်းတစ်ခုမှာ ပြန်ပြီးဖတ်ရသည်။

ဟုတ်ကဲ့...။

ဟုတ်ကဲ့...။ ကျွန်တော်တို့ကရော ဘာများတတ်နိုင်ပါမည်လဲ။ ဆိုက်ကိုဝါး (Psycho War) ဆင်နွှဲနေကြတုန်းလား မကွဲပြားချေ။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အကုန်လုံးနှင့် ပြည်ခိုင်ဖြိုး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး စုစုပေါင်း ၁၀၉ ဦးက ကန့်ကွက်ခဲ့သော်လည်း ထိုအဆိုသည် အောင်မြင်ခဲ့ပေ၏။

အောင်မြင်ခဲ့ပေ၏။ အောင်မြင်မှုအတွက် ဝမ်းမြောက်ကြဖွယ်လား မပြောတတ်သော်လည်း အယူအဆအချို့လွင့်တက်လာ၏။ Side Effect (ဘေးထွက်ဆိုးကျိုး) လား၊ ဘာလားတော့ မပြောတတ်။ ဗိုလ်ချုပ်ဂွမ်မော်ရဲ့ မှတ်ချက်စကားတဲ့။ KIO/KIA ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ဂွမ်မော်က ‘စိတ်မအေးစရာ’ ဟူသည့်ခေါင်းစဉ်ဖြင့် ရေးထားတာပါတဲ့။




**“မင်းရောဂါ မသေးဘူး။**

**ဦးနှောက်ကို ခွဲစိတ်ကြည့်ရမှာဟေ့...။ ဒါပေမဲ့ ... အေး... ဒါပေမဲ့ မင်းမှာ**

**ဦးနှောက်တော့ ရှိမှ ဖြစ်မှာကွ” တဲ့။**

“လုပ်ထုံးလုပ်နည်းအရဆိုတာကိုလည်း နားလည်နိုင်ပေမယ့် ဗိုလ်ချုပ်ပုံငွေစက္ကူပေါ် ရိုက်နှိပ်နိုင်ရေးတောင်မှ အဲဒီလောက်ရှင်းပြရ၊ အဲဒီလောက် ခက်ခဲနေရဆိုရင် တခြားအရေးအရာများအတွက် စိတ်မအေးစရာပါ”

‘ကသောင်းကနင်း’ တွေများ ဖြစ်နေလေသလား။ ‘ဆုတောင်းပွဲ’ သံတွေမှ မတိတ်သေးခင် ကြားရလေသောဖြစ်စဉ်များ။

ကျွန်တော် စဉ်းစားဖြစ်သည်။

ဒီမိုကရေစီတော်လှန်ရေးကာလက ဒေါ်အောင်ဆန်းစုကြည်အမှာစာနှင့်ထုတ်ဝေပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအတွက် သီးသန့်ထုတ်ဝေခဲ့သောစာအုပ် ‘ဟင့်အင်းကို ကျော်ဖြတ်ခြင်း’ (William Ury ရဲ့Getting Past No) ကို အခုလူတွေ မဖတ်ဖြစ်ဘူးလားဆိုတာ ကျွန်တော် စဉ်းစားနေတာဖြစ်သည်။

“သဘောတရားများအရဆိုလျှင်တော့ သင်တို့သည် အခြားတစ်ဖက်လူ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများ၊ အကျိုးစီးပွားများကို ရှာဖွေဖော်ထုတ်ကြမည်။ ထို့နောက် နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့် သဘောတူညီချက်တစ်ခုကို ရှာဖွေဖော်ထုတ်ကြမည်”

သို့သော် သင့်တစ်ဖက်လူသည် ဤသို့သောပုံစံမျိုးကို စိတ်မဝင်စားဘူးဆိုလျှင် ဘယ်လိုလုပ်မည်နည်း။

သူက ‘ဟင့်အင်း’ ဟုသာ တွင်တွင်ကျယ်ကျယ် ငြင်းဆန်နေပြီဆိုလျှင် ဘာလုပ်မည်နည်း။

ပြန်ဖတ်ကြစေချင်သည်။ ပြန်နွှေးကြစေချင်သည်။ ကာတွန်းဆရာတစ်ဦးကတော့ ထိုစာအုပ်ကို ဖတ်ဖူး မဖတ်ဖူး မသေချာသော်လည်း အချိန်မီ အခါမီ ကာတွန်းတစ်ကွက် ရေးထုတ်လိုက်နိုင်သည်။

“ကဲ...ကဲ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ဗိုလ်ချုပ် ခြင်္သေ့စီးတဲ့ပုံ၊ ဗိုလ်ချုပ် ဆင်စီးတဲ့ပုံနဲ့ ငွေစက္ကူ ထုတ်ကြကွာ” တဲ့။

ကာတွန်းကျော်ပြောင်ရဲ့ အတွေးနှင့်အရေးပါဗျာ...။

ဖြစ်စဉ် (၃)

အဲဒီလိုဖြစ်စဉ်တွေ မြင်ပါများ၊ ကြားပါများတော့ အဆော့သန်တဲ့ ငှက်တစ်ကောင်ရဲ့ပုံပြင်ကို သတိတရဖြစ်မိပါလေရဲ့...။

တစ်ရံရောအခါက အမျိုးအမည်မသိ ငှက်တစ်ကောင်ဟာ ကျီးကန်းကို အားကျပြီး သူ့ကိုယ်သူ အမည်းရောင်ဆိုးလိုက်ပါသတဲ့။ အဲဒီနောက်တော့ ရေသဖန်းပင်ကြီးတစ်ပင်ပေါ်က အကိုင်းတွေပေါ် လျှောက်တက်ပြီး သဖန်းသီးတွေ ခူးစားသတဲ့။ ဘယ်လိုဖြစ်သွားတယ်တော့ မသိဘူး။ ရေသဖန်းပင်ကိုင်းတွေ စုံအောင်လျှောက်တက်တာ ‘နတ်နေကိုင်း’ တောင် မချန်ဘူးတဲ့ဗျာ။

ကြာတော့ မြေကြီးပေါ် ပြုတ်ကျပါလေရော။

တော်တော်အထိနာသွားတယ်။

နာသွားလို့ ခဏနားနေပြီးမှ ထလမ်းလျှောက်တော့ ပြဿနာစတက်တော့တာပဲ။

ရှေ့ကို တစ်လှမ်းတက်ဖို့ကြိုးစားရင် နောက်ကို နှစ်လှမ်း ဆုတ်ဆုတ်သွားတာကို တွေ့ရပါတယ်။

ဒါနဲ့ ဒေါသဖြစ်ပြီး ရှေ့ကို ဆယ်လှမ်းလောက် ခုန်တက်လိုက်တာ နောက်ကို ခြေလှမ်းနှစ်ဆယ် ပြန်ဆုတ်သွားသတဲ့။

ရှေ့တိုးတိုင်း နောက်ဆုတ်သွားတာဗျ။

ဒါနဲ့ ဆေးဆရာကျားကြီးဆီ အကူအညီတောင်းတဲ့အခါ “ဒါက လွယ်ပါတယ်ကွ။ ရှေ့သွားရင် နောက်ဆုတ် ဆုတ်သွားတယ်ဆိုတော့ နောက်ဆုတ်သွားပေါ့ကွာ။ ဒါမှ ရှေ့ရောက်မှာ”

အယုံလွယ်သူ ကိုရွှေငှက်က နောက်ဆုတ်ကြည့်ပါတယ်။ ဟာ... နောက်ကိုပဲ ဆုတ်သွားတာပါလား။ ရှေ့မတိုးဘူး။ ဒါနဲ့ ကျားအားကိုးလို့ မရတော့ ခွဲစိတ်မှာနာမည်ကြီးတဲ့ ဆရာဆင်ဆီသွားပြီး အကျိုးအကြောင်းပြောပြတော့ ခြေထောက်တွေကို ခွဲစိတ်ပြီး ပြောင်းပြန်လှန်ပေးလိုက်တော့ ကိုရွှေငှက် ကော့နေအောင် ခံစားလိုက်ရပါတယ်။

ဒါပေမဲ့ လမ်းလျှောက်ကြည့်တော့ နောက်ပြန်ဆုတ်တဲ့ကိစ္စက မပျောက်ဘူးတဲ့။

နောက်ဆုံးတော့ ပညာရှိဇီးကွက်ဆီ ရောက်သွားပြန်ပါတယ်။ “မင်းဟာ ငှက်လေ။ ထပျံပေါ့။ လမ်းမလျှောက်နဲ့”

“ဟုတ်သားပဲ” ဆိုပြီး ထပျံကြည့်တော့လည်း ပုံလဲလို့။

ဟာ... ခက်ပြီ။

“မင်းရောဂါ မသေးဘူး။ ဦးနှောက်ကို ခွဲစိတ်ကြည့်ရမှာဟေ့...။ ဒါပေမဲ့ ... အေး... ဒါပေမဲ့ မင်းမှာ ဦးနှောက်တော့ရှိမှ ဖြစ်မှာကွ” တဲ့။

ကျွန်တော်တို့ကရော အဆော့သန်တဲ့ငှက်တွေလား။ အတော်စပ်ဆော့တတ်တဲ့ငှက်တွေလား။

ဖြစ်စဉ်တွေကို အပြစ်တင်ဖို့တော့ မဟုတ်ပါဘူး။ ချစ်ခင်လို့ မှတ်တမ်းတင်ပြီး တွေးနေမိတာပါ။ ရှေ့တစ်လှမ်းတိုးတိုင်း နောက်ကို ဆယ်လှမ်းလောက် ဆုတ် ဆုတ်သွားမှာလည်း စိုးရိမ်မိပါတယ်။

ခွဲစိတ်ကုသဖို့ဆိုတာကလည်း ဦးနှောက်ပါမှ ဖြစ်မှာလေ...။

■ **မျိုးသည်မင်း**

စာကိုး

- ဝင်းဖေ - တွေးစရာ၊ ပြုံးစရာပုံပြင်များ
- စံတော်ချိန်သတင်းစာ (၁၈-၁၁-၂၀၁၇)
- 7 days သတင်းစာ (၁၈-၁၁-၂၀၁၇)
- ရတနာပုံသတင်းစာ (၈-၁၁-၂၀၁၇)
- ဟင့်အင်းကို ဖြတ်ကျော်ခြင်း (ဒေါ်အောင်ဆန်းစုကြည်)

# မြန်မာနိုင်ငံ သံတမန်ထိုးစစ် စတင်

## Bangkok Post သတင်းစာပါ Larry Jagan ၏ Myanmar launches diplomatic offesinve ဆောင်းပါးကို NLM ဘာသာပြန်သည်။

မြန်မာနိုင်ငံသည် မွတ်ဆလင် ရိုဟင်ဂျာများအပေါ် ပြုမူကိုင်တွယ်ပုံနှင့် ပတ်သက်၍ နိုင်ငံတကာ ပြစ်တင်ဝေဖန်မှုများ ကြီးထွားလာခြင်းကြောင့် သံတမန် ထိုးစစ်ကို စတင်လိုက်ပြီဖြစ်သည်။ မြားဦးသုံးဖက်ပါသော ထိုးစစ်သည် ကုလသမဂ္ဂကိုဖြေရှင်းရန်၊ အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရေး တောင်းဆိုမှုများကို ဖယ်ရှားရန်၊ ရခိုင်ပြည်နယ် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်သင့်မြတ်ရေး အစီအစဉ်များတွင် နိုင်ငံတကာအသိုင်းအဝိုင်းအား ထိတွေ့ဖို့ ကြိုးစားရန် ရည်ရွယ်သည်။

အဆိုပါပြောင်းမြောက်သောထိုးစစ်သည် ကုလလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရေး ကြိုးပမ်းမှုများ၏ နောက်ကွယ်တွင် ကိုင်တွယ်နေသည်ဟု ယူဆရသော အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အာရှမွတ်ဆလင်နိုင်ငံများကို အဓိကရည်ရွယ်သည်။ ပြီးခဲ့သောအပတ်က မြန်မာအစိုးရ၏ အနေအထားကို ရှင်းပြရန်အတွက် အစ္စလာမ်နိုင်ငံများအဖွဲ့ OIC အဖွဲ့ဝင်များထံ သွားရောက်တွေ့ဆုံကြရန် သံတမန်များကို ညွှန်ကြားခဲ့သည်။

ဒုက္ခသည်အားလုံးကို တစ်ဆင့်ပြီးတစ်ဆင့် လက်ခံသွားရန် မြန်မာအစိုးရက စီစဉ်နေကြောင်းကို ရှင်းလင်းတင်ပြကြရန် ညွှန်ကြားခဲ့သည်ဟု ရန်ကုန်မှ သံတမန်များ၏ အဆိုအရ သိရှိရသည်။ တစ်ချိန်တည်းမှာပင် အစိုးရ၏ ရခိုင်ပြည်နယ်ဆိုင်ရာ အစီအစဉ်များ အကောင်အထည်ဖော်ရေးတွင် ကူညီရန် နိုင်ငံတကာ အကြံပေးအဖွဲ့ ဖွဲ့စည်းကြောင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟောင်း ဆူရာကီယတ် ဆာသီရာထိုင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြေညာခဲ့သည်။

မြန်မာနိုင်ငံ အနောက်ပိုင်း ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုများသည် ဩဂုတ်လကုန်ပိုင်းတွင် ထိန်းမနိုင်သိမ်းမရကြီးထွားလာခဲ့ပြီး သောင်းကျန်းမှုနှိမ်နင်းရေး မြန်မာစစ်တပ်၏စစ်ဆင်ရေးများကြောင့် ရိုဟင်ဂျာ မွတ်ဆလင် လေးပုံသုံးပုံခန့် ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ဖြတ်ကူးထွက်ပြေးမှု ဖြစ်ပေါ်စေခဲ့သည်။

ယင်းဖြစ်ရပ်များကို ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စု နှစ်ဦးစလုံးက လူမျိုးစု ဖယ်ရှားသန့်စင်မှုဟု သတ်မှတ်ခဲ့ကြပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ဇိတ်ရာအက်အယ်လ်ဟူစိန်က ပိုမိုပွင့်လင်းစွာ ပြောဆိုကာ လူမျိုးတုံး သတ်ဖြတ်မှု အထောက်အထားများရှိသည်ဟု ယုံကြည်ကြောင်းနှင့် တာဝန်ရှိသော ထိပ်တန်းစစ်ဘက်တပ်မှူးများကို ဟိဂ် နိုင်ငံတကာခုံရုံးသို့ ပို့ဆောင်ရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သောအပတ်တွင် နိုင်ငံတကာ စိုးရိမ်ပူပန်မှုသည် နောက်တစ်ကြိမ်မြင့်တက်လာခဲ့ပြီး ဂျီနီဗာ အထူးအစည်းအဝေးတွင် မြန်မာနိုင်ငံမှ မွတ်ဆလင် ရိုဟင်ဂျာများနှင့် အခြားတိုင်းရင်းသားလူမျိုးစုများ၏ အခြေအနေကို စဉ်းစားသုံးသပ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အပြင် မြန်မာနိုင်ငံတွင် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေး စနစ်တကျချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများ ဖြစ်ပေါ်နေမှုကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် စွပ်စွဲချက်များကို ဂျီနီဗာရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးထင်လင်းက ပယ်ချခဲ့ပြီး ရခိုင်ပြည်နယ်၏ ရှုပ်ထွေးသော အခြေအနေကို အသိအမှတ်ပြုရန် နိုင်ငံတကာ အသိုင်းအဝိုင်းက ပျက်ကွက်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် အလွန်အကျွံ အင်အားသုံးမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ (စစ်တပ်က ကျူးလွန်သော အတင်းအကျပ် နေရာရွှေ့ပြောင်းမှုများ၊ နေအိမ်ဖျက်ဆီးမှုများ၊ မွတ်ဆလင်များကို မုဒိမ်းကျင့်သတ်ဖြတ်မှုများ) ရှိသည်ဟု စွပ်စွဲမှုများကို မြန်မာအစိုးရက ဆက်တိုက်ငြင်းဆန်ခဲ့သည်။ သို့ရာတွင် ထိုသို့ကျူးလွန်သူများကို အမြန်ဆုံး အရေးယူဆောင်ရွက်ရန် မွတ်ဆလင်နိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့က တောင်းဆိုလာခြင်းကို ဟန့်တားနိုင်ခြင်းမရှိပေ။ သို့သော်လည်း နိုင်ငံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စစ်တပ် (တပ်မတော်)ကို ပြစ်တင်ရှုတ်ချရန် အမြဲလိုလိုငြင်းဆန်ခဲ့သည်။

ယခု မဟာဗျူဟာ၏ ဦးတည်ချက်မှာ အစိုးရအား ပိုမိုပွင့်လင်းမြင်သာရန်နှင့် ရခိုင်ပြည်နယ်သို့ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးသူများ သွားရောက်ခွင့်ပေးရန် နိုင်ငံတကာဖိအားပေးမှုများ ကြီးထွားလာခြင်းကို ရှင်းလင်းပြတ်သားစွာ တုံ့ပြန်ရန်ဖြစ်သည်။ ဤအချက်သည် (ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုပြဿနာသည် ယခုအခါ လျော့ပါးသွားပြီဖြစ်ရာ ဒုက္ခသည်များ နေရပ်ပြန်ရေး၊ ရခိုင်ပြည်နယ်တွင် ပြန်လည်နေရာချထားရေး၊ ၎င်းတို့၏နေအိမ်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများကို ပြန်လည်ဆောက်လုပ်ပေးရေး အစရှိသော ကြီးမားသော လုပ်ငန်းတာဝန်များကို အရေးပေါ်လုပ်ဆောင်ပေးရန် လိုအပ်နေသောအချက်) ယခုအခါ ပြဿနာများဖြေရှင်းရေး၏ အခေါင်အချုပ်ဖြစ်သည်ဟု အစိုးရက ယုံကြည်သည်။ ဤကိစ္စသည် လွန်ခဲ့သောနှစ်လက ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ကာ ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ် လူသားချင်းစာနာကူညီရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၏ အဓိကတာဝန်ဖြစ်သည်။

၎င်းအဖွဲ့အစည်းသည် ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ ကိုဖီအာနန် အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်အတွက် ဖြစ်သည်။ ၎င်းအကြံပြုချက်များကို မြန်မာအစိုးရက လိုလိုလားလား လက်ခံထားပြီးဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း စိတ်ဝင်တစား ထောက်ခံထားသည်။

ကော်မရှင်၏ အစီရင်ခံစာနှင့် အကြံပြုချက်များကို တရားဝင်ထုတ်ပြန်ခြင်းမပြုမီ တင်ပြရန် ဩဂုတ်လအတွင်းက တွေ့ဆုံခဲ့သော ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးပွဲများတွင် ကိုဖီအာနန်က အကောင်အထည်ဖော်မှုများကို ကြီးကြပ်ရန် ဌာနတစ်ခုဖွဲ့စည်းရေး၊ လုပ်ငန်းစဉ်တစ်ခုလုံးကို စောင့်ကြည့်ရန်နှင့် နိုင်ငံတကာပါဝင်မှုကိုညှိနှိုင်းရန် နိုင်ငံတကာအကြံပေးအဖွဲ့ ဖွဲ့စည်းရေးတို့ကို အကြံပြုခဲ့သည်။



ဓာတ်ပုံ – နိုင်ငံတော်အတိုင်ပင်ခံရုံး

မစ္စတာဆူရာကီယတ်သည် လွန်ခဲ့သော နှစ်ပတ်က နေပြည်တော်သို့ ခေတ္တ လာရောက်ကာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ ၎င်းတို့နှစ်ဦးသည် နိုင်ငံတကာ အကြံပေးမစ်ရှင်၏ နယ်ပယ်အတိုင်းအတာနှင့် အသေးစိတ်အချက်များကို ဆွေးနွေးခဲ့ကြသည်ဟု သံတမန်သတင်းရပ်ကွက်ကဆိုသည်။

နယ်ပယ်အတိုင်းအတာ ဖွင့်ဆိုချက်များသည် သုတေသနနှင့် လေ့လာဆန်းစစ်မှုမှသည် ကယ်ဆယ်ရေးအထောက်အပံ့ ဖြန့်ဖြူးမှုအထိ လွန်စွာကျယ်ပြန့်သည်ဟု ကုလသမဂ္ဂအကြံပေးဟောင်း လက်ရှိ အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီ အထွေထွေအတွင်းရေးမှူး ထိုင်းသံအမတ်ကြီး ကိုဆတ်ချူတီကူးလ်က Bangkok Post သို့ ပြောကြားသည်။ ကိုဖီအာနန်ကော်မရှင် အကြံပြုချက်များ အကောင်အထည်ဖော်မှုဆိုင်ရာ နိုင်ငံတကာ အကြံပေးဘုတ်အဖွဲ့တွင် နိုင်ငံတကာကိုယ်စားလှယ်ငါးဦးနှင့် မြန်မာအစိုးရကိုယ်စားလှယ်ငါးဦး ပါဝင်ဖွဲ့စည်းမည်ဖြစ်သည်။

ဘုတ်အဖွဲ့ဝင် နိုင်ငံတကာကိုယ်စားလှယ် ငါးဦးအနက်မှ ဘီလ်ရစ်ချတ်ဆန်သည် အမေရိကန် ဆီနိတ်တာ၊ နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူး၊ စွမ်းအင်ဝန်ကြီး၊ ကုလဆိုင်ရာ အမေရိကန် သံအမတ်ကြီးစသည်ဖြင့် တာဝန်ယူခဲ့ဖူးပြီး သံတမန်ရေးကိစ္စများစွာတွင် ပါဝင်ပတ်သက်ခဲ့သူ ဒီမိုကရက်ပါတီဝင်တစ်ဦးဖြစ်သည်။

ဘီလ်ရစ်ချတ်ဆန်သည် ၁၉၉၄ ဖေဖော်ဝါရီလက ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခံနေရစဉ်အတွင်း တွေ့ဆုံခွင့်ရခဲ့သူ အနည်းငယ်အနက်မှ တစ်ဦးဖြစ်သည်။ ၎င်းသည် မြောက်ကိုရီးယား၊ အီရတ်နှင့် ကျူးဘားတွင် ဓားစာခံများ၊ အမေရိကန်တပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် စေ့စပ်ညှိနှိုင်းရာတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။

ကျန်နိုင်ငံတကာ ကိုယ်စားလှယ်များထဲမှ အာဘန်အာလင်သည် လက်ရှိ ဆွီဒင်ပါလီမန် ရစ်စဒက်၏ ဥက္ကဋ္ဌဖြစ်ပြီး နိုင်ငံခြားရေးရာများတွင် တက်ကြွမှုရှိသော ဆိုရှယ်ဒီမိုကရက်ပါတီဝင် နိုင်ငံရေးသမားဖြစ်သည်။ ယခင်က ပါတီ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ယူခဲ့သည်။

ယခင်ကလည်း အာဘန်အာလင်သည် အီရန်မှ ဆွီဒင်ဆောက်လုပ်ရေးလုပ်သားများနှင့် အကျဉ်းကျဘယ်လာရစ် သမ္မတလောင်း အလက်ဇန်းဒါး ကိုဇူလင်တို့ လွှတ်မြောက်ရေးအပါအဝင် နိုင်ငံတကာ စေ့စပ်ညှိနှိုင်းရေးနှင့် ဖျန်ဖြေရေးကြိုးပမ်းမှုများစွာတွင် ပါဝင်ပတ်သက်ခဲ့သူဖြစ်သည်။

အခြားကိုယ်စားလှယ်တစ်ဦးမှာ တောင်အာဖရိကက အသားရောင်ခွဲခြားမှုများ အဆုံးသတ်ရန် စေ့စပ်ညှိနှိုင်းမှုများတွင် ထင်ရှားသောကဏ္ဍမှ ပါဝင်ခဲ့သူ တောင်အာဖရိကက နိုင်ငံရေးသမားနှင့် လုပ်ငန်းရှင် ရုလ်ဖ်မီယာဖြစ်သည်။

နောက်ထပ် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ လော့ဒ်အေရာဒါဇီမှာ ဗြိတိန်မှ လေဘာပါတီဝင် နိုင်ငံရေးသမား ဆရာဝန်တစ်ဦးဖြစ်ပြီး တစ်ကမ္ဘာလုံးတွင် ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲမှုများ ကျင့်သုံးရန် စည်းရုံးလှုံ့ဆော်သူအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားသော ဦးဆောင်ဆရာဝန်များထဲမှ တစ်ဦးဖြစ်သည်။

၎င်းတို့၏ အဓိကတာဝန်မှာ ကိုဖီအာနန်ကော်မရှင် အကြံပြုချက်များ အကောင်အထည်ဖော်မှုကို အစိုးရ၏ အစီအစဉ်မှတစ်ဆင့် ကြီးကြပ်ရန်နှင့် အဆိုပါလုပ်ငန်းများကို နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်အကြံပေးတစ်ဦးက Bangkok Post သို့ ပြောကြားသည်။

“ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီမူဘောင်တစ်ခု တည်ဆောက်ဖို့နဲ့ နိုင်ငံတကာ Stakeholders တွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ထိတွေ့နိုင်စေဖို့ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ အသိုင်းအဝိုင်း အားလုံးအတွက် အခြေခံအဆောက်အဦ တည်ဆောက်တာပါပဲ” ဟု ၎င်းက ပြောကြားသည်။

ယခုလိုအပ်နေသောအရာမှာ ကျယ်ပြန့်သော အမြင်သဘောထားသစ်များ ဖြစ်သည်။ ဘုတ်အဖွဲ့ဝင်များသည် ၎င်းတို့၏ နိုင်ငံတကာအတွေ့အကြုံများဖြင့် အမုန်းစကား တိုက်ဖျက်ရေး အပါအဝင် ပိုမိုအခြေခံကျသောအယူအဆများအတွက် ဘုတ်အဖွဲ့တစ်ခုအဖြစ် ဖြည့်ဆည်းပေးဦးမည်ဖြစ်သည်။

ဘုတ်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဟု မျှော်လင့်ရသော ကိုဆတ်ချာတီကူးလ်က “ရခိုင်ပြည်နယ်မှာ အသိုင်းအဝိုင်းတွေအတွက် ရပိုင်ခွင့်နဲ့ အကာအကွယ်ပေးမှုတွေ၊ အသိုင်းအဝိုင်းတွေရဲ့ ဆင်းရဲနွမ်းပါးမှု၊ မလုံခြုံမှု၊ ကြောက်ရွံ့မှုတွေ၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှုကို ရေရှည်ခံစေမယ့် လူမျိုးစု အသိုင်းအဝိုင်းတွေအကြား ဆက်ဆံမှုခိုင်မာဖို့ လိုအပ်တာတွေ အစရှိတဲ့ စိန်ခေါ်မှုတွေအပေါ် ထိထိရောက်ရောက် တုံ့ပြန်ရေးကို အာရုံစိုက်ဖို့ နိုင်ငံတော်အတိုင်ပင်ခံက ဘုတ်အဖွဲ့ကို တောင်းဆိုထားပါတယ်” ဟု Bangkok Post သို့ ပြောကြားသည်။

မြန်မာခေါင်းဆောင်များနှင့် မကြာသေးမီက တွေ့ဆုံဆွေးနွေးမှုတွင် မစ္စတာဆူရာကီယတ်က လက်ရှိ သံတမန်ရေးထိုးစစ်ကို အကြံပြုခဲ့သည့်အလျောက် ဘုတ်အဖွဲ့၏တန်ဖိုးမှာ ရလဒ်ထွက်ပေါ်နေပြီးဖြစ်သည်ဟု နေပြည်တော်မှ သတင်းဇာစ်မြစ်များက ဆိုသည်။

အစ္စလာမ်နိုင်ငံများအဖွဲ့ OIC သည် ဆုံးဖြတ်ချက်မချမီ အများစု သဘောတူထောက်ခံရန် လိုအပ်သောစည်းကမ်းရှိသောကြောင့် အဖွဲ့ဝင် ၅၈ ဦးအနက်မှ ဘာရိန်း၊ ဂျော်ဒန်၊ ဘရူနိုင်း ကဲ့သို့သော သဘောထားပျော့ပျောင်းသောအဖွဲ့ဝင်များကို ပစ်မှတ်ထားရွေးချယ်ရန် မစ္စတာ ဆူရာကီယတ်က အကြံပြုထားသည်။

၎င်းအကြံဉာဏ်များသည် ထိုင်းနိုင်ငံတောင်ပိုင်းမှ အစ္စလာမ္မစ်ပြဿနာများနှင့် ပတ်သက်သည့် ထိုင်းနိုင်ငံ၏ မဟာဗျူဟာပင်ဖြစ်သည်။ ■

# ART ဆေးနှင့် ဆေးပစ္စည်းများအတွက် ကန်ဒေါ်လာ ၁၄ သန်းရရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

အေအာရ်တီ(ART) ဆေး ကုသလုပ်ငန်းအတွက် ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူဖြည့်တင်းရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အစိုးရက အမေရိကန်ဒေါ်လာ ၁၄ သန်းကို ရန်ပုံငွေခွဲဝေချထားပေးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယင်းရောဂါတိုက်ဖျက်ရေး အသုံးစရိတ်၏ ၃ ရာခိုင်နှုန်းအောက်သာ ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ နှစ်စဉ်တိုးတက်လာခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ အသုံးစရိတ်ဆန်းစစ်လေ့လာချက် (National AIDS Spending Assessment-NASA) အရ သိရသည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစိုးရ၊ Global Fund အပါအဝင် 3MDG၊ WHO နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကလည်း လာမည့် ၂၀၂၀ ပြည့်နှစ်အထိ ထောက်ပံ့မှုများပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၀ အကျော်ကာလများတွင်လည်း ရန်ပုံငွေထောက်ပံ့မှုများ ဆက်လက်ရရှိသွားရန် ကြိုးစားလျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၏ စီမံချက်မန်နေဂျာ ဒေါက်တာထွန်းညွန့်ဦးက ပြောကြားသည်။

"ART ဆေးသောက်ပြီး သာမန်လူတစ်ယောက်လိုသက်တမ်းစေ့နေနိုင်တယ်။ ဒီတော့ ရောဂါရှိနေပေမယ့်လည်း သာမန်လူတစ်ဦးလို နေထိုင်နိုင်သလို သေဆုံးမှုတွေကလည်း သိသိသာသာကျလာတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီး ရန်ပုံငွေက အစိုးရကလည်းများတယ်။ Global Fund ကလည်း ၅၀ ရာခိုင်နှုန်းကျော် ထောက်ပံ့ပေးပါတယ်" ဟု ၎င်းကရှင်းပြသည်။

ဝန်ကြီးဌာနလမ်းညွှန်မှုဖြင့် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် လူနာများအတွက် ပြုစုကုသပေးမှုကို ၂၀၀၅ ခုနှစ်မှစတင်ကာ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ART ဆေးဖြင့် ကုသခြင်းလုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ရေးနှင့် ပြုစုကုသပေးရေးလုပ်ငန်းကို ၂၀၁၁ ခုနှစ်မှစတင်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ရန်ပုံငွေတိုးမြှင့်ပေးခြင်းများကြောင့် ၂၀၁၁ ခုနှစ်တွင် အိတ်ချ်အိုင်ဗီပိုးရှိသူ ၂၃၀,၀၀၀ ကျော်ရှိသည့်အနက် လူနာလေးသောင်းခန့်ကိုသာ ART ဖြင့် ကုသမှုပေးနိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်၊ ဇွန်လကုန်အထိ စာရင်းများအရ လူနာပေါင်း တစ်သိန်းသုံးသောင်းငါးထောင်ကျော်အထိ ကုသမှုပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံရသူအသစ်ပေါင်း ၁၁,၀၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဦးတည်အုပ်စုများဖြစ်သော မူးယစ်ဆေးအကြောထဲ ထိုးသွင်းသူများတွင် ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး လိင်လုပ်သားများတွင် ၇ ရာခိုင်နှုန်း၊ အမျိုးသားချင်း လိင်တူဆက်ဆံသူများတွင် ၁၃ ရာခိုင်နှုန်းနှင့် လိင်လုပ်သားများ၏အမျိုးသားလိင်ဆက်ဆံဖော်များတွင် ၂၃ ရာခိုင်နှုန်းအထိ ရှိနေပြီး နေ့စဉ်လူဦးရေ ၃၀ ခန့်သည် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံနေရကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

■ J-12

## ဝက်သက် - ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်း နှစ်လနားမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင်ပါဝင်သည့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်းကို ဒီဇင်ဘာလနှင့် လာမည့်နှစ် ဇန်နဝါရီလ၌ ရပ်နားထားမည်ဖြစ်ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းက ပြောကြားသည်။

"ဝက်သက်ကလည်း ပိုးအရှင်ကို အားပျော့အောင်လုပ်ထားတဲ့ ကာကွယ်ဆေးဖြစ်တယ်။ ဒီလိုဆေးတွေက တစ်ပြိုင်နက်တည်း ထိုးချင်ထိုး၊ မထိုးရင် တစ်လခြားရပါတယ်။ အန္တရာယ်ရှိလို့တော့ မဟုတ်ဘူး" ဟု ၎င်းကရှင်းပြသည်။

ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး နှစ်မျိုးလုံးကို တစ်ချိန်တည်းတွင် ထိုးနှံနိုင်သော်လည်း တစ်ချိန်တည်းမထိုးနိုင်ပါက တစ်မျိုးနှင့်တစ်မျိုးကိုအနည်းဆုံး လေးပတ်(တစ်လ)ခြားကာ ထိုးနှံပေးရမည်ဖြစ်ကြောင်း၊ ယခုရပ်ထားသည်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှသာ အသက် ကိုးလနှင့် ၁၈ လပြည့်ပြီး ကလေးများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းထံမှ သိရသည်။

"အရင်ထိုးထားတဲ့ဆေးကို တုံ့ပြန်နေတဲ့အချိန်မှာ နောက်ထိုးတဲ့ကာကွယ်ဆေးအတွက်တုံ့ပြန်အားမကောင်းမှာစိုးတဲ့အတွက် နှစ်ခုစလုံးကို အကျိုးရအောင် တစ်ပြိုင်တည်းထိုးရင်ထိုး၊ မဟုတ်ရင် တစ်လခြားရတဲ့အတွက် ဝက်သက်ကာကွယ်ဆေးကို ရွှေ့ဆိုင်းရတာပါ" ဟု ဒေါက်တာထားထားလင်းက ဖြည့်စွက်ပြောဆိုသည်။

မြန်မာနိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့်လည်းကောင်း၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်ဖြင့်လည်းကောင်း အသက်ကိုးလမှ၁၅နှစ်အရွယ် ကလေး ၁၄ သန်းကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကလေးဦးရေ ၈ ဒသမ ၃ သန်းကို ထိုးနှံပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်အထိ နှစ်စဉ်မွေးဖွားလျက်ရှိသော အသက်တစ်နှစ်အောက်ကလေးငယ်များ၏ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် တီဘီဦးနှောက်အမြှေးရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင် အသားဝါဘီရောဂါ၊ ဝက်သက်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ဂျိုက်သိုးရောဂါနှင့် ပြင်းထန် ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းထံမှ သိရသည်။

■ J-12

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## News In Brief

### ဆရာဝန်အသင်း နှစ်ပတ်လည်အစည်းအဝေး ပြုလုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ ၂၀၁၇ ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ယင်းအသင်း၏ အသင်းခန်းမဆောင်တွင် ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ သင်းလုံးကျွတ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင် ပြုလုပ်မည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ကြွရောက်အရွေးချယ်ခံကြရန်နှင့် ကြွရောက်မဲပေးကြရန် မြန်မာနိုင်ငံ ဆရာဝန်အသင်းက ဖိတ်ကြားထားသည်။ ■

### Early Childhood Development for Teacher and Caregivers Workshop ပြုလုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

Jolly Kids Early Learning Centre က ဦးစီးပြီး Early Childhood Development for Teacher and Caregivers Workshop ကို ဒီဇင်ဘာလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့အထိ Junction Mawtin Centen အခန်းနံပါတ် ၆၀၄၊ ၁၁ လွှာ၊ တာဝါ-ဘီတွင် ပြုလုပ်မည်ဖြစ်သည်။

ကလေးများကို အနီးကပ်ပြုစုစောင့်ရှောက်ပေးနေသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများအတွက် ကလေးများတွင်ရှိသင့်သော ဖွံ့ဖြိုးမှုများနှင့်အညီ နည်းစနစ်မှန်ကန်စွာ ပြုစုပျိုးထောင်ပေးနိုင်စေရန်၊ ကျန်းမာပျော်ရွှင်ပြီး ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် ကစားရင်း သင်ယူမှုကို အသက်အရွယ်အလိုက် စနစ်တကျပြင်ဆင်ပေးနိုင်စေရန်နှင့် ကလေးများ၏အပြုအမူ၊ စိတ်ပိုင်းဆိုင်ရာ ခံစားချက်များကို သေချာနားလည်၍ ပံ့ပြင်ပေးနိုင်သူများဖြစ်လာစေရန် ရည်ရွယ်၍ပြုလုပ်ခြင်းဖြစ်ကြောင်း သိရပြီး စိတ်ပါဝင်စားသူများသည် ဖုန်းနံပါတ် ၀၉-၇၆၄၉ ၂၄၂၂၄ သို့ ဒီဇင်ဘာလ ၁၅ ရက်နောက်ဆုံးထား၍ စာရင်းပေးနိုင်သည်။ ■

### ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာ နှီးနှောဖလှယ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ၏ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်အကောက်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အခွန်အကောက်ကြောင့် လူ့အသက်များ ကယ်တင်နိုင်ခြင်း အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများ၊ အခွန်ကောက်ခံခြင်း၏ အားနည်းအားသာချက်များအပါအဝင် အခွန်နှင့်သက်ဆိုင်သည့် အချက်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ■

### Academic Talk ကျန်းမာရေးဆိုင်ရာ ဆွေးနွေးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ပုသိမ်)၊ အာရှတော်ဝင်ဆေးရုံနှင့် Zifam ဆေးကုမ္ပဏီတို့ပူးပေါင်း၍ Academic Talk ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ပုသိမ်မြို့ရှိ စွမ်းဟိုတယ်၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် အာရှတော်ဝင်ဆေးရုံကြီး၏ အထူးကုဆရာဝန်ကြီးနှစ်ဦးဖြစ်သည့် ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်ကြီး ဒေါက်တာသာသာဦးနှင့် နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာသန်းထိုက်အောင်တို့က ဆွေးနွေးသွားမည်ဖြစ်ပြီး ထိုင်ခုံအကန့်အသတ်ရှိသဖြင့် တက်ရောက်လိုသူများသည် ဖုန်းနံပါတ် ၀၉-၂၅၀ ၆၅၁၈၁၂၊ ၀၉-၉၅၇ ၃၃၉၉၉၀ သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

■ J-12

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

## ရာသီအပြောင်းအလဲကာလ ဗိုင်းရပ်စ်ကြောင့်ဖြစ်သောရောဂါများ

# "အတွေ့ရများတာတွေကတော့ ရာသီတုပ်ကွေးရောဂါ၊ အဆုတ်လေပြွန်ရောင်ရောဂါတွေနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေပဲ"

## ကလေးဆရာဝန် ဒေါက်တာသူရဇော်နှင့် တွေ့ဆုံခြင်း

သီတာဆွေ

**ယခုကဲ့သို့ ရာသီအပြောင်းအလဲကာလများတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သောရောဂါများ အရွယ်မရွေးဖြစ်ပွားနိုင်ပြီး အသက်ငယ်လွန်းသော ကလေးများနှင့် အသက်အရွယ်အိုမင်းသော လူကြီးများတွင် ပို၍အဖြစ်များသည်ကို တွေ့ရှိရသည်။ ထိုဗိုင်းရပ်စ်များကြောင့် ဖြစ်သောရောဂါများကို သတိပြုနိုင်စေရေးအတွက် ကလေးဆရာဝန် ဒေါက်တာသူရဇော်နှင့် The Voice က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ： အခုလိုရာသီအပြောင်းအလဲမှာ ဖြစ်ပွားမှုများနိုင်တဲ့ရောဂါတွေကို ပြောပြပေးပါဦး။**

**Dr.TYZ ：** ဒီလိုအချိန်ကလေးတွေမှာ အဖြစ်များတာက ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ တစ်နည်းပြောရရင် Acute Viral Infection ရောဂါတွေပဲ ဖြစ်ပါတယ်။ ဗိုင်းရပ်စ်ဆိုတာ အမျိုးကွဲပေါင်း မြောက်မြားစွာရှိတဲ့အနက် အတွေ့ရများတာတွေကတော့ ရာသီတုပ်ကွေးရောဂါ၊ အဆုတ်လေပြွန်ရောင်ရောဂါတွေနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေပဲ ဖြစ်ပါတယ်။ အသက်အရွယ်မရွေးဖြစ်နိုင်ပေမယ့် အသက်ငယ်လွန်းသူ ကလေးတွေနဲ့ အသက်ကြီးလွန်းတဲ့ လူကြီးတွေမှာ အတွေ့ရများပါတယ်။ နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူတွေ၊ ခုခံအားကျဆင်းနေသူတွေ၊ ကင်ဆာဆေး၊ စတီးရွိုက်အရောင်ကျဆေးတွေကို ကာလအတန်ကြာ သုံးစွဲနေသူတွေမှာ ပိုအဖြစ်များသလို ပိုမိုပြင်းထန်လေ့ရှိတာတွေ့ရပါတယ်။ ဒီ့အပြင် ပါးကျိတ်ရောင်ရောဂါ၊ လက်ခြေ ပါးစပ်နာရောဂါ၊ ပဲသီတာ အစရှိတဲ့ ဗိုင်းရပ်စ်အမျိုးမျိုးကြောင့်ဖြစ်တဲ့ ရောဂါအချို့ကလည်း ကြိုးကြားကြိုးကြားဖြစ်ပွားနေတာ တွေ့ရပါတယ်။

**Voice ： ရောဂါလက္ခဏာတွေကို ပြောပြပေးပါဦး။**

**Dr.TYZ ：** ရောဂါလက္ခဏာတွေကို ပြောပါဆိုရင် ရာသီတုပ်ကွေးရောဂါမှာဆိုရင် ကလေးတွေက ဖျားမယ်၊ နှာရည်ယိုမယ်၊ ချောင်းဆိုးမယ်။ အသက်ရှူမြန်တာတွေကို တွေ့ရပါတယ်။ တချို့လည်း ပြင်းထန်တဲ့ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါတွေ ဖြစ်ပွားတာကနေ အသက်အန္တရာယ်ပေးတဲ့အထိ ဒုက္ခပေးနိုင်ပါတယ်။ နောက်တစ်ခုက အသက်ရှူလမ်းကြောင်းမှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ လေပြွန်ရောင်ရောဂါကတော့ အသက် ၂ နှစ်အောက် ကလေးငယ်တွေမှာ ဖြစ်ပွားလေ့ရှိတာ များတယ်။ သူလည်း ဒီတိုင်းပဲ။ ဖျားတယ်၊ နှာရည်ယိုတယ်၊ နောက်ပြီး ခဏခဏရင်ကျပ်တာမျိုးဖြစ်တာတွေ တွေ့ရပါတယ်။ လေပြွန်ရောင်တဲ့ ကလေးတွေက ရာသီတုပ်ကွေးဖြစ်တဲ့ ကလေးတွေနဲ့ အစပိုင်းမှာ ဆင်တူတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အသက်ရှူမြန်တာတွေ၊ အသက်ရှူရခက်ခဲတာတွေ၊ အသက်ရှူတဲ့အချိန်မှာ အသံတွေမျိုးစုံ ကြားနေရနိုင်တယ်။ ရင်ကျပ်တဲ့အသံတွေပေ့ါ။ တချို့ကလေးတွေက ညအိပ်ရင် တရှီရှီနဲ့ဖြစ်သလို တချို့ကလေးတွေဆိုရင် နို့မစို့နိုင်ဘဲ ဆက်တိုက်အန်တယ်၊ နောက်ပြီး ခြေ၊ လက်တွေပြာလာနိုင်တယ်၊ နှုတ်ခမ်းလေးတွေပြာလာတာတွေ ဖြစ်တယ်ဆိုရင် ဒါသည် အရေးကြီးတဲ့လက္ခဏာတွေ ဖြစ်ပါတယ်။ နောက်တစ်ခုက ဝမ်းပျက်ဝမ်းလျှောပါ။ အဲ့ဒီမှာလည်း ကလေးတွေက အန်တယ်။ တစ်ခါတလေမှာ ဆက်တိုက်အန်တာတွေ ဖြစ်တတ်တယ်။ တချို့ကတော့လည်း အန်တာနည်းပြီးတော့ ဝမ်းအရည်သွားတာတွေ ဖြစ်နိုင်ပါတယ်။ ရံဖန်ရံခါမှာ ကိုယ်နွေးပြီးတော့ ဖျားတာတွေ ရှိကောင်းရှိနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ တချို့ဗိုင်းရပ်စ်ပိုးတွေက နှာစေး ချောင်းဆိုးတာရော၊ ဖျားတာရော၊ အန်တာတွေပါ တွဲပြီးဖြစ်လေ့ဖြစ်ထ ရှိနိုင်ပါတယ်။ တခြား ပါးကျိတ်ရောင်တာ၊ လက်ခြေ ပါးစပ်နာတာတွေက သီးသီးသန့်သန့် သူ့မှာလက္ခဏာတွေရှိတဲ့အတွက်ကြောင့် ပိုကွဲပြားတော့ ခွဲခြားသိနိုင်ပါတယ်။



ဓာတ်ပုံ – သီတာဆွေ

**Voice ： ဘယ်လိုအခြေအနေတွေမှာ သတိထားပြီး ဂရုတစိုက် ဆောင်ရွက်သင့်ပါသလဲ။**

**Dr.TYZ ：** ကလေးက ဖျားရင်သော်လည်းကောင်း၊ အဖျားကျပြီးသော်လည်းကောင်း အဲ့ဒီအချိန်တွေမှာ မလန်းဘူး၊ တက်တယ်၊ ကယောင်ကတမ်းပြောတယ်၊ သတိလစ်တယ်၊ အစာမဝင်၊ ရေမဝင် ဆက်တိုက်ဖြစ်ပြီး အန်မယ်၊ နို့စို့အရွယ်ကလေးတွေက နို့မစို့နိုင်ဘဲ မှိန်းနေမယ်၊ တစ်နေကုန် ဆီးမသွားတာ၊ ဆီးနည်းတာဖြစ်လာမယ်၊ အသက်ရှူမြန်မယ်၊ နှုတ်ခမ်းတွေ၊ ခြေလက်တွေပြာလာမယ်၊ ဝမ်းအရည်တွေ ဆက်တိုက်သွားလာပြီးတော့ အရည်ဓာတ်ခန်းခြောက်လာမယ် စတဲ့လက္ခဏာတွေဆိုရင်တော့ ဆေးရုံရောက်သင့်ပါတယ်။ ရောဂါလက္ခဏာတွေကို သိရှိပြီးတဲ့ခါမှာ အခုလတ်တလောဖြစ်ပွားလေ့ရှိတဲ့ ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားတဲ့ရောဂါတွေမှာ ပုံမှန်အားဖြင့် ကလေးက လန်းဆန်းနေမယ်၊ သက်သောင့်သက်သာရှိမယ်၊ ပြင်းထန်တဲ့ နောက်ဆက်တွဲလက္ခဏာတွေ မရှိဘူးဆိုရင် ဘာမှဓာတ်ခွဲစမ်းသပ်စရာ မလိုလောက်ပါဘူး။ ကျွန်တော်တို့အနေနဲ့လည်း ဗိုင်းရပ်စ်ပိုးကို ပိုးမွေးမြူပြီး ရှာဖွေဖို့က ခက်ခဲပါတယ်။ ကျွန်တော်တို့ လုပ်လေ့လုပ်ထရှိတာက ပျော့တဲ့ဗိုင်းရပ်စ်ရောဂါပိုးကြောင့်ဖြစ်တာလား၊ ပြင်းထန်တဲ့ ဗက်တီးရီးယားပိုးကြောင့် ဖြစ်တာလားဆိုတာကို ယေဘုယျအားဖြင့် ခွဲခြားနိုင်လေ့ရှိတဲ့ သွေးစစ်တာမျိုး ရံဖန်ရံခါလုပ်ပါတယ်။ ပုံမှန်အားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတဲ့ရောဂါမှာ ပိုးသတ်ဆေးရယ်လို့ ပေးစရာမလိုဘဲ အလိုလိုပျောက်ကင်းနိုင်ပေမယ့် ပြင်းထန်တဲ့ ဗက်တီးရီးယားပိုးကြောင့်ဖြစ်တဲ့ အလားတူလက္ခဏာနဲ့ ရောဂါတွေကလည်း ရှိနိုင်တဲ့အတွက် အဲဒီရောဂါတွေမှာတော့ တိကျတဲ့ပိုးသတ်ဆေးပေးရမှာမို့လို့ ရံဖန်ရံခါ ဓာတ်ခွဲစမ်းသပ်ရတာတွေ လုပ်လေ့လုပ်ထရှိပါတယ်။ အများစုက သွေးစစ်၊ ဆီးစစ်စရာမလိုဘဲနဲ့ နှစ်ရက်၊ သုံးရက်အတွင်းမှာပဲ ရောဂါသက်သာသွားတာကို တွေ့ရပါတယ်။

**Voice ： ဒီလိုဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ ရောဂါတွေကို ဘယ်လိုပြုစု ကုသသင့်ပါသလဲ။**

**Dr.TYZ ：** ဒီကလေးတွေကို ဘယ်လိုပြုစု ကုသရမလဲဆိုတော့ ဖြစ်ပေါ်နေတဲ့ လက္ခဏာတွေအပေါ်မူတည်ပြီး ပြုစုကုသပေးရပါတယ်။ အများစုကတော့ အဖျားတက်တဲ့အတွက်ကြောင့် ပါရာစီတမောတိုက်ကျွေးခြင်း၊ ရေပတ်တိုက်ပေးခြင်းတွေကို လုပ်ပေးရပါတယ်။ ပါရာစီတမောကိုခြောက်နာရီခြားတစ်ခါ ကလေးခန္ဓာကိုယ် အလေးချိန်အလိုက် သတ်မှတ်ထားတဲ့ နှုန်းထားအတိုင်း တိုက်ကျွေးရပါတယ်။ ဒီကြားထဲမှာ အဖျားတက်လာမယ်ဆိုရင် တစ်ကိုယ်လုံး ရေပတ်တိုက်ပေးတာကို လုပ်နိုင်ပါတယ်။ ရေပတ်တိုက်တဲ့အချိန်မှာလည်း ရေခဲရေ၊ ရေခဲတုံးတွေ နဖူးပေါ်တင်တာမျိုး မဟုတ်ဘဲ ရေကျက်သီးနွေးနဲ့ တစ်ကိုယ်လုံးနှံ့စပ်အောင် တိုက်ပေးရပါတယ်။ ပြီးရင် အခြောက်ပြန်သုတ်ပြီးတော့ ကလေးကိုနွေးနွေးထွေးထွေးထားပေးရပါတယ်။ အဖျားတက်မှာကြောက်ပြီး အနွေးထည်ထူထူတွေနဲ့ ထုပ်ထားတာတွေ၊ စောင်ထူထူခြုံပေးတာတွေ မလုပ်ရပါဘူး။ လေဝင်လေထွက်ကောင်းတဲ့ ပတ်ဝန်းကျင်မှာ ရာသီဥတုနဲ့မျှတအောင် ဝတ်စားဆင်ယင်ပေးရပါမယ်။ နောက်ပြီး ကလေးက ဆက်တိုက်အန်နေမယ်ဆိုရင် ဓာတ်ဆားရည် ဒါမှမဟုတ် စွပ်ပြုတ်ရည်တွေကို ငါးမိနစ်ခြား တစ်ဇွန်းလောက် တိုက်ကျွေးသင့်ပါတယ်။ ဒီလိုမျိုးလုပ်ပေးမယ်ဆိုရင် ခြောက်နာရီနဲ့ရှစ်နာရီအတွင်း အန်တာသက်သာသွားပါလိမ့်မယ်။ ဒီလိုပဲ ဝမ်းပျက်ဝမ်းလျှော ဖြစ်နေမယ်ဆိုရင်လည်း ဓာတ်ဆားရည်ကို သင့်တင့်လျောက်ပတ်စွာ တိုက်ကျွေးသင့်ပါတယ်။ ဒီနေရာမှာ ပြောချင်တာက ဈေးကွက်အတွင်းမှာ ဝယ်လို့ရတဲ့ ဓာတ်ဆားထုပ်တွေက အမျိုးအစားအမျိုးမျိုးရှိသလို ရေပမာဏအမျိုးမျိုးနဲ့ ဖျော်ရတာလည်းရှိပါတယ်။ ဒါကြောင့် ဝယ်ကတည်းက သို့မဟုတ် ဆရာဝန်ပေးကတည်းက ရေဘယ်လောက်နဲ့ဖျော်ရမလဲဆိုတာ အတိအကျမေးမြန်းပြီး ဖျော်စပ်ရမှာဖြစ်ပါတယ်။ ရေတစ်လီတာနဲ့ဖျော်ရမယ့် ဓာတ်ဆားထုပ်ကို ခဏခဏခွဲပြီးတော့ ရေတစ်ဖန်ခွက်စီ ဖျော်ဖို့မသင့်တော်ပါဘူး။ ဒီလိုဖျော်တာက ကလေးအတွက် အကျိုးမရှိဘဲ ဘေးအန္တရာယ်တောင် ဖြစ်နိုင်တာတွေရှိပါတယ်။ နောက်တစ်ခုက တစ်ကိုယ်ရေသန့်ရှင်းမှုပါ။ ဒီရောဂါက တိကျတဲ့ပိုးသတ်ဆေးပေးပြီး ကုသဖို့မလိုသလို ကုသလို့လည်း မရပါဘူး။ ဒါကြောင့် ကာကွယ်ခြင်းက အရမ်းအရေးကြီးပါတယ်။ ပြင်းထန်တဲ့ နောက်ဆက်တွဲရောဂါလက္ခဏာတွေ ဖြစ်လာပြီဆိုရင် သက်ဆိုင်ရာဆရာဝန်နဲ့ တိုင်ပင်ပြသပြီး ထိရောက်စွာကုသပါ။ ဗိုင်းရပ်စ်ပိုးက ပိုးသတ်ဆေးပေးစရာ မလိုဘူးဆိုပေမယ့် ရံဖန်ရံခါ ဗိုင်းရပ်စ်နဲ့နှီးနွှယ်နေတဲ့ အခြားဗက်တီးရီးယားပိုးတွေ ဆင့်ပွားဖြစ်ပွားဖို့ အခြေအနေလည်း ရှိတတ်ပါတယ်။ ဒါတွေကို သက်ဆိုင်ရာဆရာဝန်တွေက ဆုံးဖြတ်ပြီး ကုသမှုပေးပါလိမ့်မယ်။

**Voice ： ဆရာ့အနေနဲ့ ဖြည့်စွက်စကားလေး ပြောပေးပါဦး။**

**Dr.TYZ ：** အများစုကတော့ ကိုယ်ခံအားကောင်းအောင်ပြုစုတာ၊ ဖြစ်ပေါ်လာတဲ့လက္ခဏာတွေကိုပျောက်ကင်းအောင် ပြုစုကုသတာတွေနဲ့ သက်သာသွားတာများပါတယ်။ ရောဂါမဖြစ်ပွားခင်မှာ ကာကွယ်ဆေးတွေ ထိုးနှံလို့ရတာရှိပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး အရေးကြီးပါတယ်။ အာဟာရမျှတအောင် စားသောက်နေထိုင်ဖို့ အရေးကြီးပါတယ်။ ဒ့ါပြင် ရာသီဥတုနဲ့လိုက်ဖက်အောင် ဝတ်စားဆင်ယင်ဖို့အရေးကြီးတယ်။ ဖုန်ထူတဲ့နေရာတွေကို သွားမယ်ဆိုရင် မိမိကိုယ်ကိုယ် ကာကွယ်တတ်ဖို့အရေးကြီးပါတယ်။ နောက်တစ်ခုကတော့ အိပ်ရေးဝအောင်အိပ်ဖို့ အရေးကြီးပါတယ်။ ရောဂါလက္ခဏာ ဖြစ်ပွားလာပြီဆိုရင်လည်း မိမိတို့ကလေးတွေကို သက်ဆိုင်ရာ ကျွမ်းကျင်သူတွေနဲ့ ပြသဖို့အရေးကြီးပါတယ်။ အကယ်၍ ဝေးလံတဲ့နေရာကသူတွေဆိုရင်လည်း ကလေးက အရေးကြီးတဲ့လက္ခဏာတွေပေါ်လာသလားဆိုတာကို စောင့်ကြည့်ဖို့အရေးကြီးပါတယ်။ အများစုက နှစ်ရက်၊ သုံးရက်အတွင်း ပျောက်ကင်းသွားတာ တွေ့ရတဲ့အတွက် စိုးရိမ်စရာ သိပ်မရှိပါဘူး။

**Voice ： အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

■

**သီတာဆွေ**

## မျက်စိကင်ဆာအကြောင်း သိကောင်းစရာများ

ကင်ဆာကျိတ်သည် မျက်လုံးတွင်သာရှိပြီး သေး၍အခြားနေရာများသို့ ပျံ့နှံ့ခြင်းမရှိသေးပါက ကုသ၍ပျောက်ကင်းနိုင်ခြေ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး ယင်းရောဂါ ကိုစောစီးစွာသိရှိပြီး လိုအပ်သလို အချိန်မှန်မှန် ကုသပါက ကုသ၍ပျောက်ကင်းနိုင်သည်။

**လက္ခဏာများ**

မျက်လုံးတည့်တည့်မျက်ဆန်တွင် အဖြူစက်တွေ့ခြင်း၊ မျက်စိစွေစောင်းခြင်း၊ မျက်လုံးဝေဝါးခြင်းတို့သည် အဖြစ်များသော မျက်စိရောဂါ လက္ခဏာများဖြစ်သည်။ ဓာတ်ပုံရိုက်ရာတွင် ကလေးသည် ကင်မရာထဲသို့တည့်တည့်စိုက်ကြည့်ပြီးရိုက်ပါက မျက်စိအဖြူစက် တွေ့ရခြင်းသည်လည်း လက္ခဏာတစ်ခုဖြစ်ပါသည်။

**ဖြစ်ပွားမှု**

မျက်စိကင်ဆာရောဂါသည် အသက်ငါးနှစ်အောက် ကလေးငယ်များတွင်ဖြစ်လေ့ရှိပြီး မျက်စိကင်ဆာရောဂါအများစုမှာ ၂ နှစ် အောက်အရွယ်တွင် စတင်ဖြစ်ပွားလေ့ရှိသည်။ မျက်စိကင်ဆာရောဂါသည် ကလေးလေးယောက်တွင် တစ်ယောက်သည် မွေးကင်းစအရွယ်တွင် စတင်ဖြစ်ပွားလေ့ရှိသည်။

ဖော်ပြပါလက္ခဏာများကိုတွေ့ရှိပါက မိမိတို့၏ကလေးကို နီးစပ်ရာမျက်စိ အထူးကုဆရာဝန်နှင့်ပြသကာ မျက်စိစစ်ဆေးမှုခံယူရပါမည်။ မေ့ဆေးဖြင့်ကြည့်ရှုခြင်း၊ ကွန်ပျူတာဓာတ်မှန်ရိုက်ခြင်း၊ အမြင်လှိုင်းဓာတ်ပုံရိုက်ခြင်း စသောလိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နိုင်ပါသည်။ အဆိုပါရောဂါကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း ကုသသင့်ပြီး ကုသရာတွင်လည်း ဆေးကုသမှုများပြီးဆုံးသည့်အချိန်အထိ ရောဂါ ပြန်လည်ကြွမှုရှိ မရှိ၊ ဘေးထွက်ဆိုးကျိုးများပေါ် မပေါ် စသည်တို့ကို မှန်မှန်စစ်ဆေး နေသင့်ပါသည်။

■ **Source : Yangon Children Hospital**





ဓာတ်ပုံ- ဝင်းထွန်းနိုင်

# မင်းသမီးကို ဦးတည်ပြီး ရိုက်မယ့် 'မီ' ရုပ်ရှင်ကားမှာ ပါဝင်ဖြစ်တဲ့အကြောင်း ပြောပြတဲ့ နေတိုး

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

စာရေးဆရာမကြည်အေးရဲ့ 'မီ' ဝတ္ထုကို မကြာခင်မှာ ရုပ်ရှင်ကားကြီးအဖြစ် ပုံဖော်တော့မှာဖြစ်ပြီး မင်းသမီးဇာတ်ဆိုပေမယ့် ကိုယ်ပါဝင်ရမယ့် လုပ်ဆောင်ချက်တွေက ထိထိမိမိရှိတာကြောင့် ပါဝင်ရိုက်ကူးဖြစ်တာပါလို့ သရုပ်ဆောင်နေတိုးက The Voice ကို ပြောကြားပါတယ်။

"ဒီကားက မင်းသမီးကို ဦးတည်ထားတဲ့ဇာတ်ပါ။ ဒါပေမဲ့ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေက လျှော့လို့မရဘူး၊ ပေါ့လို့မရဘူး။ တကယ်ကို ထိထိမိမိနဲ့ ပံ့ပိုးပေးရမယ်၊ ထိထိမိမိသရုပ်ဆောင်ခွင့်ရမယ့် ဇာတ်ဝင်ခန်းတွေလည်း ပါတယ်။ နောက်တစ်ခုက ပိုင်ဖြိုးသုဆိုတာလည်း ကျွန်တော်တို့ပျိုးခင်းက မင်းသမီးတစ်ယောက်လေ။ သူ့ရဲ့ကြိုးစားအားထုတ်မှုနဲ့ အနုပညာခံယူချက်တွေကြောင့် သူ့ကိုလည်း ဖြစ်မြောက်စေချင်တယ်။ အဲ့ဒါကြောင့် ဒီကားကို လက်ခံရိုက်ကူးဖြစ်တာပါ" လို့ ၎င်းကထပ်လောင်းပြောပါတယ်။

Victoria ရုပ်ရှင်ထုတ်လုပ်ရေးအတွက် 'မီ' ရုပ်ရှင်ကားကို ဒါရိုက်တာဇာကြီးက ရိုက်ကူးပုံဖော်မှာဖြစ်ပြီး သရုပ်ဆောင်နေတိုး၊ ပိုင်ဖြိုးသု၊ ရဲအောင်၊ မင်း ဦး၊ သားညီ၊ မင်းသွေးတို့ ပါဝင်ကြမှာဖြစ်ကြောင်း၊ ကိုယ်ကိုယ်တိုင်က ခေါင်းဆောင်အနေနဲ့ မရိုက်ရပေမယ့် ကိုယ်ကနေ ပံ့ပိုးပေးပြီးတော့ ရိုက်ရတဲ့ခံစားမှုမှာလည်း ပီတိတစ်မျိုးဖြစ်ရကြောင်း သရုပ်ဆောင်နေတိုးက ပြောထားပါတယ်။

"ကျွန်တော်က ဇာတ်ကားတစ်ကားကို ရိုက်တော့မယ်ဆိုရင် ဇာတ်ကားရဲ့ ရည်ရွယ်ချက်ကို အဓိကကြည့်ပါတယ်။ နောက်တစ်ခုက ဒီဇာတ်ကားက ကိုယ်နဲ့ လိုက်ဖက်မှု ရှိလားဆိုတာကိုလည်း တစ်ချက်စဉ်းစားဖြစ်တယ်။ အဲ့ဒါကြောင့် မင်းသားဇာတ်မှ၊ မင်းသမီးဇာတ်မှမဟုတ်ပါဘူး။ ဇာတ်ကားတစ်ကားက ပရိသတ်ဆီရောက်သွားတဲ့အချိန်မှာ ပရိသတ်ကို ကိုယ်ပေးချင်တဲ့ရသ ရသွားစေချင်သလို ကိုယ်ပါဝင်ရတဲ့ဇာတ်ရုပ်အပေါ်မှာလည်း တာဝန်ကျေချင်တယ်" လို့ ၎င်းက ပြောပါတယ်။



# ရွှေ့လထဲ ရုံပေါ်ကိုရောက်မယ့် Jurassic World ဇာတ်ကားသစ်

ကမ္ဘာတစ်လွှား ပရိသတ်အခိုင်အမာ ရထားပြီးတော့ အောင်မြင်တဲ့ ဒိုင်နိုဆောဇာတ်ကားတွဲကြီးရဲ့အဆက် Jurassic World: Fallen Kingdom က ဇန်နဝါရီလထဲမှာ ရုံတွေပေါ်ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇာတ်ကားထဲက သရုပ်ဆောင်တွေဖြစ်တဲ့ ခရစ်စ်ပရက်နဲ့ ဘရိုင်စ်ဒါးလက်စ်ဟိုးဝပ်တို့ပဲ ဦးဆောင်ပြီး ပါဝင်ထားတာ ဖြစ်ပါတယ်။

ဒါရိုက်တာကတော့ လူငယ်ဒါရိုက်တာ ဂျေအေဘာယိုတာ ဖြစ်ပြီးတော့ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့လက်ရာ ဖြစ်ပါသတဲ့။

ပျက်စီးသွားတဲ့ ဒိုင်နိုဆော အပန်းဖြေကျွန်း Jurassic World ကို ဒီအတိုင်းထားလိုက်ပြီး ဒိုင်နိုဆောများရဲ့ဘေးမဲ့တောအဖြစ် ရှင်သန်နေခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်းမှာရှိတဲ့ မီးတောင်တွေ ပြန်လည်လှုပ်ရှားထကြွလာချိန်မှာတော့ တစ်ချိန်က ကော်ပိုရိတ်ဝန်ထမ်းဖြစ်ဖူးတဲ့ ကလဲယာဟာ မနေသာတော့ဘဲ ချစ်သူဖြစ်သူ အိုဝင်နဲ့ ပူးပေါင်းပြီး အဆိုပါ ဒိုင်နိုဆောတွေကို ကယ်တင်ဖို့ လှုပ်ရှားမှုတွေ ပြုလုပ်ရပါတော့တယ်။ ကျွန်းပေါ်မှာ ကျန်ရှိနေတဲ့ ဒိုင်နိုဆော မျိုးစိတ်တွေကို သူတို့ ကယ်တင်နိုင်ပါ့မလား။ အသားစားမျိုးစိတ်တွေရဲ့ အလယ်မှာ ဘာတွေ အခက်အခဲတွေမလဲဆိုတာ စိတ်ဝင်စား စရာပါပဲ။ ဇန်နဝါရီလ ၂၂ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုနဲ့ ကမ္ဘာတစ်လွှား ရုပ်ရှင်ရုံတွေမှာ ရုံတင်မှာ ဖြစ်တဲ့ အဆိုပါ ဇာတ်ကားကို Jurassic ပရိသတ်တွေ ရင်ခုန်စွာ စောင့်စားရပြီပေါ့။

**F-02**

# "'အမေမဖြစ်ခင် အပျိုတစ်ခေတ်မှာ' ရုပ်ရှင်ဇာတ်ကားက ဇာတ်ရုပ်ကတော့ အကယ်ဒမီရမယ့်ဇာတ်ရုပ်မျိုးပါ"

**ခိုင်သင်းကြည်နဲ့ တွေ့ဆုံခြင်း**

**ဝင်းထွန်းနိုင်**



ဓာတ်ပုံ- ဝင်းထွန်းနိုင်

**မကြာခင်ရိုက်ကူးတော့မယ့် 'အမေမဖြစ်ခင် အပျိုတစ်ခေတ်မှာ' ရုပ်ရှင်ကားမှာ အဓိကဇာတ်ကောင်နေရာကနေ ပါဝင်သရုပ်ဆောင်သွားမယ့် သရုပ်ဆောင်ခိုင်သင်းကြည်နဲ့ တွေ့ဆုံပြီး ဇာတ်ရုပ်အကြောင်း၊ ပြင်ဆင်ထားမှုများ အကြောင်းနဲ့အတူ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ နဲ့ ၃၁ ရက်နေ့များမှာ မန္တလေးမြို့ရှိ အမျိုးသားကဇာတ်ရုံမှာ ကပြသွားမယ့် 'လက်ာဒီပချစ်သူ' ပြဇာတ်အကြောင်း တစေ့တစောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: 'လက်ာဒီပချစ်သူ' ပြဇာတ်မှာ ကိုယ်ပါဝင်သရုပ်ဆောင်ရမယ့် ဇာတ်ရုပ်နဲ့အတူ စိတ်ခံစားမှုကို ပထမဆုံး ပြောပြပေးပါဦး။**

**KTK:** ဒီပြဇာတ်မှာ မခိုင်လေးက ဒသဂီရိရဲ့ညီမဖြစ်သူနေရာကနေ ပါဝင်သရုပ်ဆောင်ရမှာပါ။ သူက ထက်လည်း ထက်မြက်တယ်၊ အစ်ကိုဖြစ်သူကိုလည်း အကြံဉာဏ်တွေလည်းပေးနိုင်တဲ့ ပုံစံမျိုးလေးပေါ့နော်။ ဒီဝတ္ထုက အရမ်းကို နာမည်ကြီးတဲ့ဝတ္ထုပါ။ ဒီဝတ္ထုမှာ ကိုယ်ပါဝင်ကပြရမယ်ဆိုတော့ ပျော်ပါတယ်။ အစကတော့ လက်ာဒီပချစ်သူဆို မခိုင်လေးက ရာမ၊ လက္ခဏာ၊ သီတာဒေဝီနဲ့ ဒသဂီရိပဲ သိတာလေ။ ဒီဇာတ်လမ်းကို ကိုယ့်ကိုလာပေးတော့မှပဲ မခိုင်လေးရဲ့နေရာကလည်း တော်တော်လေး လုပ်ကွက်ရပြီး ဇာတ်စမှာကတည်းက အစ်ကိုနဲ့ တောက်လျှောက်ပါနေတဲ့နေရာဖြစ်နေတယ်။ အဲ့ဒီဇာတ်ကောင်စရိုက်ကို စိတ်ဝင်စားလို့လည်း ဒီပြဇာတ်မှာ ပါဝင်ဖြစ်တာပါ။

**Voice: အရင်က ကခဲ့ဖူးတဲ့ပြဇာတ်တွေနဲ့ 'လက်ာဒီပချစ်သူ' ပြဇာတ်ကြားက ကွာခြားမှုက ဘာတွေဖြစ်မလဲ၊ နာမည်ကြီးပြဇာတ်ဆိုတော့ ပိုတာဝန်ကြီးနိုင်လား။**

**KTK:** မခိုင်လေးတို့အနေနဲ့ များသောအားဖြင့် ကခဲ့တာတွေက ပုံမှန်ပြဇာတ်တွေပါ။ ဒီပြဇာတ်ကကျတော့ ရာဇ ဝင်ပြဇာတ်ဖြစ်တယ်။ အဲ့ဒါကြောင့် မခိုင်လေးကို ရာဇဝင်ပုံစံစကားပြောရမယ်ဆိုရင်လည်း အားလုံးနဲ့ လိုက်လျောညီထွေဖြစ်အောင်တော့ လုပ်ရမှာပေါ့နော်။ မခိုင်လေးက ရာဇဝင်လိုပြောရမှာကိုလည်း ကြိုက်တယ်။ ရှေ့မှာကခဲ့တဲ့ ပြဇာတ်တချို့မှာလည်း ရေဒီယိုပြဇာတ်ကို ကပြတာမျိုးတွေရှိခဲ့တော့ ရာဇဝင်ပုံစံလေးတွေလုပ် ပြီးပြောခဲ့ရသေးတယ်။

**Voice: မကြာခင်မှာလည်း အဓိကဇာတ်ကောင်အနေနဲ့ ရုပ်ရှင်ကားကြီးတစ်ကားရိုက်ဖို့ ရှိတယ်လို့ သိရတယ်၊ ကားနာမည်ကို သိချင်ပါတယ်။**

**KTK:** ဒီကားနာမည်က 'အမေမဖြစ်ခင် အပျိုတစ်ခေတ်မှာ' ပါ။ ဒီကားကို ဒီဇင်ဘာလ ၂၀ ရက်နေ့မှာစပြီး မန္တလေးဘက်မှာ သွားရောက်ရိုက်ကူးဖို့ရှိတယ်။ ဒီကားကို အောင်သီရိထုတ်လုပ်ရေးက ရိုက်တာပေါ့နော်။ သူတို့က မခိုင်လေးနဲ့ ဟာသကားတွေပဲ ရိုက်တာများတယ်။ သူတို့နဲ့ရိုက်တဲ့ 'ငါ့အကယ်ဒမီ'၊ 'ဖေ့ဘုတ်စ်ရှာ' စတဲ့ ဟာသရုပ်ရှင်ကားတွေလည်း အောင်မြင်ခဲ့ပါတယ်။ လက်ရှိမှာတော့ မခိုင်လေးကို ဒရာမာကားရိုက်ပေးတယ်။ မခိုင်လေးက သူတို့နဲ့ ကံစပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မခိုင်လေးအကယ်ဒမီရခဲ့တဲ့ 'စုန်းပြူး' ရုပ်ရှင်ကားကိုလည်း သူတို့ပဲရိုက်ခဲ့တာလေ။

**Voice: ဇာတ်က ကိုယ့်ရဲ့ဇာတ်ဆိုတော့ ဘယ်လိုပုံစံမျိုးသရုပ်ဆောင်ရမှာလဲ၊ ကိုယ့်အတွက် စိန်ခေါ်မှုတွေရှိတဲ့ ဇာတ်ရုပ်မျိုးလား။**

**KTK:** ဒီကားမှာ မခိုင်လေးက ငယ်ဘဝ အသက်ဆယ့်ကိုးနှစ်လောက်ကနေစပြီးတော့ အလယ်အလတ်အရွယ် အိမ်ထောင်သည်၊ အသက်လေးဆယ်ကျော်အရွယ် အရွယ်သုံးမျိုးလောက်ကိုလုပ်ရမှာပါ။ မခိုင်လေးတို့က ဟာသကားတွေရိုက်ရင် Message ပေးတယ်ဆိုတာထက် လူတွေရဲ့အပန်းဖြေမှုအတွက်ပဲ ရိုက်တာများတယ်။ ဒီကားကတော့ ဘာပဲပြောပြော ပညာပေး လေးလည်းပါမှာဆိုတော့ ယူတတ်ရင်တော့ ပညာရမှာပေါ့နော်။ ဒီကားမှာ သရုပ်ဆောင်တွေအနေနဲ့ ကိုကျော်ရဲအောင်၊ ကိုလူမင်း၊ သူရိယ၊ မမေသဥ္ဇာဦး၊ မယ်လိုဒီ၊ ခင်ဝင့်ဝါနဲ့ ဆု အိမ့်စံတို့ပါပါမယ်။ ဒီကားကို ဒါရိုက်တာ ဦးညီအောင် ရိုက်မှာပါ။

**Voice: ဇာတ်ရုပ်ပုံစံသုံးမျိုးကို သရုပ်ဆောင်ရမှာဆိုတော့ အဝတ်အစားပိုင်းအတွက် ဘယ်လိုပြင်ဆင်သွားမလဲ။**

**KTK:** ပထမဆုံး မခိုင်လေးက အသက်နှစ်ဆယ်အရွယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ဆိုတော့ မမို့တို့ခေတ်က ပုံစံမျိုးကို ဝတ်ရမှာပါ။ လူငယ်ဆိုတော့လည်း လူငယ်ပုံစံပေါက်အောင် ဆံပင်အတိုတပ်သင့်ရင်လည်း တပ်ရမှာပေါ့နော်။ အသက်ငယ်အောင် ဟန်ဆောင်ပန်ဆောင်ငယ်ရမှာပေါ့။ အသက်ကြီးပိုင်းကျတော့ ရုပ်ကသိပ်ပြီး ချစရာမလိုဘူးလေ။ မခိုင်လေးက အသက်ကြီးနေပြီ။

**Voice: လက်ရှိမြန်မာနိုင်ငံမှာက မင်းသားဦးစားပေးဇာတ်တွေပဲရိုက်ကြတာများပြီး မင်းသမီးဦးစားပေးဇာတ် ဆိုတာက မရှိသလောက်ရှားတယ်နော်။**

**KTK:** မခိုင်လေးကတော့ မင်းသားဦးစားပေးဇာတ်၊ မင်းသမီးဦးစားပေးဇာတ်ဆိုပြီး မတွက်ပါဘူး။ ဇာတ်ကားတစ် ကားမှာက ကိုယ်တစ်ယောက်တည်းကောင်းနေလို့လည်းမရဘူး။ မခိုင်လေးကတော့ အောင်မြင်သွားတဲ့ မင်းသားဦးစားပေးဇာတ်မှာ ကိုယ်ပါဝင်ခွင့်ရရင်ပျော်တာပါပဲ။ မခိုင်လေးအဓိကပါရတဲ့ ဟာသကားတော်တော်များများလည်း ဒီနှစ်ထဲမှာရိုက်ရပါတယ်။ ဥပမာ - မင်းသားလေးယောက်နဲ့ မခိုင်လေးပါတဲ့ ကားမျိုးတွေပေါ့နော်။ ဒီကားကကျတော့ ဒရာမာကားဆိုတော့ မခိုင်လေး အနေနဲ့ ရိုက်ရတာ ပိုကြိုက်တာပေါ့။

**Voice: မရိုက်ခင် ဇာတ်လမ်းကိုဖတ်ကြည့်တဲ့အချိန်မှာကတည်းက 'အမေမဖြစ်ခင် အပျိုတစ်ခေတ်မှာ' ကားက ကိုယ့်အတွက် မှတ်တိုင်ဖြစ်မယ့်ကားလား။**

**KTK:** ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့စကားမှာ ကံကအရင်ဆုံးပါဖို့ လိုပါတယ်။ အဓိက ကိုယ့်ဘက်ကနေ အတတ်နိုင်ဆုံးကြိုးစားဖို့က ကိုယ့်တာဝန်ပါ။ နောက်ပိုင်းကိစ္စကတော့ကံပါပဲ။ ကိုယ့်နှစ်ကျမှ ကိုယ့်ထက်ကောင်းနေတဲ့ လူတွေရှိနေရင်လည်း ကိုယ်ရမှာမဟုတ်ဘူးလေ။ ကိုယ့်ကားကိုလာကြည့်ကြတဲ့ ပရိသတ်တွေက ကောင်းလိုက်တာလို့ အသိအမှတ်ပြုတာနဲ့ကို မခိုင်လေးကျေနပ်ပါတယ်။ ဒါပေမဲ့ 'အမေမဖြစ်ခင် အပျိုတစ်ခေတ်မှာ' ရုပ်ရှင်ဇာတ်ကားက ဇာတ်ရုပ်ကတော့ အကယ်ဒမီရမယ့် ဇာတ်ရုပ်မျိုးပါ။

# လက်ာဒီပချစ်သူ ပြဇာတ်

သန့်ဇင်ဦး

နာမည်ကျော် သရုပ်ဆောင် ကျော်သူ၊ လူမင်း၊ သူထူးစံ၊ ကျော်ကျော်ဗို၊ ကျော်ကျော်၊ ခိုင်သင်းကြည်၊ ဝတ်မှုံရွှေရည်၊ ဆုမြတ်နိုးဦးတို့ ပါဝင်တဲ့ 'လက်ာဒီပ ချစ်သူ' ပြဇာတ်ကို ဒါရိုက်တာ ဇာနည်ဌေးက မန္တလေးမြို့မှာ ရှိတဲ့ အမျိုးသားကဇာတ်ရုံမှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့နဲ့ ၃၁ ရက်နေ့တွေ မှာ တင်ဆက် သွား တော့မှာပါ။ ယင်းပြဇာတ်မှာ ပါဝင်ကြမယ့် အနုပညာရှင် အချို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။


ဓာတ်ပုံ-သန့်ဇင်ဦး

## လူမင်း

ဒီပြဇာတ်မှာ ပါဝင်ဖို့ အစ်ကို့ကို ကမ်းလှမ်းလာတဲ့ အခါမှာ ဝမ်းသာဂုဏ်ယူစွာနဲ့ လက်ခံဖြစ်ခဲ့တာပါ။ ဒီဝတ္ထုက စာဖတ် ပရိသတ်တွေရဲ့ ရင်ထဲမှာ နှစ်ပေါင်းများစွာ မမေ့နိုင်ကြတဲ့ ဝတ္ထုပါ။ ရုပ်ရှင်အဖြစ် တင်ဆက်ဖို့လည်း အကြိမ်ကြိမ်ကြိုးပမ်းခဲ့ကြပေမယ့် မဖြစ်လာခဲ့ဘူးပေ့ါ။ ဒီလို ကြီးကျယ်ခမ်းနားတဲ့ ဇာတ်ကြီးမှာ အဓိကဇာတ်ကောင်ဖြစ်တဲ့ ဒဿဂီရိ နေရာမှာ ပါဝင်ကပြရမှာ ဖြစ်တဲ့အတွက် ကိုယ်ရင်လည်း ခုန်ပါတယ်။ ကိုယ့်ဘက်ကတော့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပြဇာတ်ကတာကတော့ ရုပ်ရှင်ရိုက်တာနဲ့ မတူဘူးပေ့ါနော်။ စင်ပေါ်မှာ ပရိသတ်ကို တိုက်ရိုက်တင်ဆက်ရမှာ ဖြစ်တဲ့အတွက် အမှားအယွင်း၊ အတိမ်းအစောင်းခံလို့ မဖြစ်ဘူး။ ရုပ်ရှင်လို မှားသွားရင်လည်း ပြန်ရိုက်လို့ရတာ မဟုတ်ဘူး။ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုတဲ့အတိုင်း အများကြီးကြို တင်ပြင်ဆင်မှုတွေကို စီစဉ်သူအပိုင်းက လုပ်ရပါလိမ့်မယ်။ ကိုယ်တို့သရုပ်ဆောင်တွေဘက်ကတော့ ဇာတ်လမ်းကို ကျေကျေညက်ညက်ဖြစ်အောင် အဖန်ဖန် အထပ်ထပ် တိုက်ရပါလိမ့်မယ်။


ဓာတ်ပုံ-သန့်ဇင်ဦး


ဓာတ်ပုံ-သန့်ဇင်ဦး

## ဒါရိုက်တာ ဇာနည်

အစ်ကိုတို့အားလုံးကတော့ 'လက်ာဒီပ ချစ်သူ' ဇာတ်လမ်းကို ဒီဘက်ခေတ် လူငယ်တွေရော၊ အစ်ကိုတို့ အသက်အရွယ် အပိုင်းအခြားက လူတွေရော ခံစားလို့ရအောင် အကောင်းဆုံး တင်ဆက်သွားမှာပါ။ ဆရာချစ်ဦးညိုကလည်း အစ်ကိုတို့ လူငယ်တွေရဲ့ ကြိုးစားချင်စိတ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ သူ့ရဲ့ Masterpiece အနုပညာလက်ရာတစ်ခုကို အသုံးပြုခွင့်ပေးတာလေ။ အဲ့ဒီယုံကြည်မှုတစ်ခုအတွက် အစ်ကိုတို့ဘက်ကလည်း အကောင်းဆုံး ပြန်လည်ပေးဆပ်သွားမှာပါ။ အစ်ကို တို့ ငယ်ငယ်တုန်းကတည်းက လက်ာဒီပချစ်သူ ဝတ္ထုမှာပါတဲ့ ဒဿကို Hero တစ်ယောက်လို သဘောထားပြီး ရှူးသွပ်ခဲ့ကြတယ်။ ယောက်ျားတွေ အားလုံးအတွက်လည်း ဒဿက Hero ဖြစ်ခဲ့တယ်။ အစ်ကိုတို့က ပြဇာတ်ကမှာ ဆိုပေမယ့် ဇာတ်ဟန်တွေနဲ့တော့ မသွားပါဘူး။ Presentation အသစ်ကလေးကို ဆရာ ချစ်ဦးညိုရဲ့ သားဖြစ်တဲ့ ကိုလက်ာညိုနဲ့ တိုင်ပင်ပြီးတော့ လုပ်ထားတယ်။ မန္တလေးက ဇာတ်သဘင် ပညာရှင်ဦး ချစ်စရာကလည်း ဇာတ်တိုက်တဲ့ နေရာမှာ ပါဝင်ကူညီပေးသွားမှာပါ။ Animation ပိုင်းနဲ့ Lighting ပိုင်းတွေကို တော့ ပညာရှင်တွေနဲ့ပေါင်းပြီး အစ်ကိုက တာဝန်ယူပေးသွားမှာပါ။

## ဝတ်မှုံရွှေရည်

ဒီပြဇာတ်ကို ကဖို့ မကြည်လဲ့လဲ့ဦးက ကစ်ကို ဇာတ်လမ်းလာပြတော့ ဖတ်ကြည့်လိုက်တယ်။ အရင်ကတည်းကလည်း ဒီရာဇဝင်ဇာတ်လမ်းက အားလုံးလည်း ကြားဖူးနေကျဆိုတော့ ကိုယ်ပါဝင်ကပြရတာ တာဝန်ကြီးတယ်လို့ ခံစားရပါတယ်။ ဒါပေမဲ့ ဒီပြဇာတ်မှာ ကိုယ်ပါဝင်ကပြရမယ့် သီတာဒေဝီ မင်းသမီးလေး နေရာ ကို စိတ် ဝင်စားတဲ့အတွက် လက်ခံဖြစ်ခဲ့တာပါ။ ဒီပြဇာတ်ကဖို့ ကစ်တို့ အချိန်ပေးပြီး ပြဇာတ်တိုက်ရမှာပေ့ါနော်။ ကစ်အနေနဲ့လည်း ပြဇာတ်ကတဲ့ အတွေ့အကြုံ နည်းပါတယ်။ လက်ာဒီပ ချစ်သူ ပြဇာတ်မှာလည်း ကိုယ်လုပ်နိုင်ပါ့မလားလို့ အကြိမ်ကြိမ် စဉ်းစား ပြီးတော့မှ လက်ခံခဲ့တာပါ။ ကိုယ်အရင်ကခဲ့တဲ့ ပြဇာတ်တွေကျတော့ အပျော်၊ ဟာသ ပြဇာတ်တွေများတယ်။ အဲ့ဒါကလည်း ကိုပြေတီဦး ဖောင်ဒေးရှင်းအတွက် နှစ်ခါကဖူးတယ်။ ဒါရိုက်တာ ဦးမိုက်တီး စီစဉ်တဲ့ ပြဇာတ်မှာ ကဖူးတယ်။ ကစ်ဘက်ကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။ မန္တလေးက ပရိသတ်တွေနဲ့ တွေ့ရမယ့်အတွက်လည်း ကစ်ပျော်နေပါတယ်။ မန္တလေးက ပရိသတ်တွေအားလုံး လာရောက်ကြည့်ရှုအားပေးကြဖို့လည်း ဖိတ်ခေါ်ပါတယ်။


ဓာတ်ပုံ-ကျော်သူ Facebook Page

## ကျော်သူ

ဒီပြဇာတ်မှာ ကျွန်တော်က ဦးရီးတော် မာရဇ္ဇနေရာက ပါရမှာပါ။ ဒီဇာတ်ကောင်ကတော့ ဒဿအတွက် အထောက်အကူ အများကြီးပေးတဲ့ ဇာတ်ကောင်ပါ။ သူ ချစ်ရတဲ့ မယ်သီတာအတွက် ရာမ၊ လက္ခဏာတို့နေတဲ့ တိုင်းပြည်နဲ့ ရန်ဘက်တွေ ဖြစ်တယ်။ ဦးရီးတော် မာရဇ္ဇကတော့ ဒဿဂီရိကိုယ်စား ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပြီးတော့ လမ်းကြောင်းချပေးတဲ့သူပေ့ါ။ ဦးရီးတော်က အနုရော၊ အကြမ်းရော ပညာရပ်တွေ မျိုးစုံတတ်တယ်။ ဒါတွေကို ဒဿဂီရိကိုလည်း သင်ကြားပေးတယ်ပေ့ါ။ ဆရာချစ်ဦးညိုရဲ့ လက်ာဒီပချစ်သူ ဝတ္ထုက စာပေနယ်မှာ သြဇာကြီးခဲ့တဲ့ ဝတ္ထုပါ။ ဒီလို ဝတ္ထုကောင်းတစ်ပုဒ်ကို ပြဇာတ်အနေနဲ့ တင်ဆက်တဲ့အခါမှာ ကျွန်တော်တို့သရုပ်ဆောင်တွေ အားလုံးအတွက်လည်း တာဝန်ကြီးပါတယ်။ ဒီပြဇာတ်မှာ ကျွန်တော် ပါဝင်ရတဲ့အခန်း နည်းပါတယ်။ ဒါပေမဲ့ ပရိသတ်တွေအတွက် ပြဇာတ်ကောင်းတစ်ခုကို ကြည့်စေချင်တာကြောင့် ပါဝင်ဖို့ လက်ခံဖြစ်ခဲ့တာပါ။ ဒီပြဇာတ်မှာ ပါဝင်တဲ့သူတွေ အားလုံးတက်ညီလက်ညီနဲ့ ကြိုးစားကြမယ်ဆိုရင်တော့ ပရိသတ်တွေ က အသိအမှတ်ပြုကြမှာပါ။

## ကျော်ကျော်ဗို


ဓာတ်ပုံ-သန့်ဇင်ဦး

ဒီပြဇာတ်မှာ ကျွန်တော်က ရာဝဏရဲ့ညီနေရာက ပါဝင်ရမှာပါ။ ဒီပြဇာတ်မှာ ပါဖို့ ကမ်းလှမ်းလာတော့ ကျွန်တော် သေချာစဉ်းစားပြီးမှ လက်ခံခဲ့တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ပြဇာတ်ကရတာ ဖိအားများပါတယ်။ ပြဇာတ်ကရတာက ရုပ်ရှင်ရိုက်တာနဲ့ လုံးဝမတူဘူး။ ပြဇာတ် ရဲ့ ကြာချိန် နှစ်နာရီဆို နှစ်နာရီ အတွင်းမှာ စင်အောက်က ပရိသတ်တွေကိုရဲ့ အာရုံကို ဆွဲဆောင်နိုင်အောင် ကြိုးစားရတယ်။ အရုပ်၊ အသံ၊ နောက်ခံအပြင်အဆင်၊ ဆက်တင် အကုန်လုံးက ညီညွတ်ကောင်းမွန်နေမှ ပြဇာတ်ကောင်းတစ်ခုအဖြစ် ပရိသတ်တွေရဲ့ ရှေ့ကို ရောက်နိုင်မှာပါ။ လက်ာဒီပချစ်သူ ပြဇာတ်အတွက်လည်း စီစဉ်သူတွေအပိုင်းက သေချာပြင်ဆင်ထားလိမ့်မယ်လို့ထင်ပါတယ်။ ကျွန်တော့်ဘက်ကတော့ ဒီပြဇာတ်မှာ ပါဝင်ကပြဖို့အတွက်ကို စိတ် တွေ အရမ်း လှုပ်ရှား နေပါတယ်။ စင်ပေါ်မှာ အကောင်းဆုံး ကပြနိုင်ဖို့အတွက် ပြဇာတ်ကို တစ်လနီးပါးလောက်တော့ အချိန်ပေးပြီး တိုက်ရလိမ့်မယ်။ ကျွန်တော်တို့ပါဝင်တဲ့ သရုပ်ဆောင်တွေ အားလုံးကတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြမှာပါ။

# မြောက်ကိုရီးယားခေါင်းဆောင် လျှို့ဝှက်ဇီဝလက်နက် စက်ရုံတည်ဆောက်ရန်စီစဉ်

**ဆိုးလ်၊ ဒီဇင်ဘာ ၁၂**

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်းသည် ဇီဝလက်နက်များထုတ်လုပ်ရန်အတွက် စက်ရုံများနှင့် ဓာတ်ခွဲခန်းများ တည်ဆောက်လျက်ရှိကြောင်း Washington Post သတင်းတွင် ဖော်ပြထားသည်။


Reuters

ကင်ဂျုံအန်းသည် အန္တရာယ်ရှိသည့် ပိုးမွှားပေါင်းများစွာကို မွေးမြူထားသော ဓာတ်ခွဲခန်းများကို တည်ဆောက်ထားပြီးနောက် ဇီဝလက်နက်များ ထုတ်လုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း အမေရိက နှင့် အာရှထောက်လှမ်းရေး အဖွဲ့ဝင်များ၏ သတင်းထုတ်ပြန်ချက်များကို အခြေခံကာ ယင်းသတင်းကဆိုထားခြင်းဖြစ်သည်။

အမေရိကန်ကွန်ဂရက်သို့ တင်သွင်းသည့် အစီရင်ခံစာတွင် ဇီဝပိုးမွှားလက်နက်များကို တီထွင်မှု လုပ်ဆောင် နေသည်မှာ လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းကဖြစ်ပြီး၊ တတ်ကျွမ်းသည့် ပညာရှင်မရှိသေး သောကြောင့် လုပ်ငန်းမှာ အပြီးသတ်နိုင်ခြင်းမရှိသေးကြောင်း ရေးသားထားသည်။

ကင်ဂျုံအန်းသည် ကမ္ဘာအနှံ့ မိမိနိုင်ငံမှ ပညာရှင်များကို စေလွှတ်ပြီးနောက် ဇီဝပိုးမွှားဆိုင်ရာ ပညာရပ်များကို လေ့လာသင်ယူခိုင်းကာ တီထွင်နေသည်မှာ ယခုအခါ အောင်မြင်နေပြီး ရောဂါကူးစက်စေသည့် လက်နက် များကို အချိန်မရွေးပစ်ခတ်တိုက်ခိုက်နိုင်သည့် အနေအထားတွင် ရှိနေပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုမှ ပညာရှင်များက သုံးသပ်ထားသည်။

မြောက်ကိုရီးယားနိုင်ငံမှ ဇီဝနည်းပညာဆိုင်ရာ သူလျှိုများစေလွှတ်ထားသည်ကို မိမိတို့သိရှိထားပြီး ဖြစ်ကြောင်း၊ သူတို့တွင် နည်းစနစ်နှင့် ပစ္စည်းများကို ရရှိသွားပြီးဖြစ်သော်လည်း ယနေ့အထိ မထုတ်ဖော်သေးသည်မှာ နားလည်ရခက်ကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဇီဝပိုးမွှားလက်နက်ဆိုသည်မှာ ရောဂါဖြစ်စေနိုင်သည့် ပိုးမွှားများကို ဗုံးတစ်ခုအတွင်း ထည့်သွင်းပစ်လွှတ်ဖောက်ခွဲ လိုက်ပြီးနောက် ထိုဒေသအတွင်း ရောဂါများ ကူးစက်ပျံ့ပွားစေကာ အပင်များ၊ တိရစ္ဆာန်များနှင့် လူများ ကို ဒုက္ခရောက်စေရန် ပြုလုပ်မည့် လက်နက်များဖြစ်သည်။

ဇီဝလက်နက်များသည် အဆောက်အအုံများကို ပျက်စီးပြိုကျသွားနိုင်ခြင်း မရှိသော်လည်း သန်းပေါင်းများစွာသော ကူးစက်ရောဂါဖြစ်စေနိုင်သည့် ပိုးမွှားများကြောင့် လူတို့သည် ကျောက်၊ ဝက်သက်၊ ပလိပ်၊ ထောင့်သန်းရောဂါများကူးစက်ကာ လူသားမျိုးသုဉ်းစေရန် အချိန်ဆွဲပြီး သုတ်သင်မည့် လက်နက်ဆိုး တစ်ခုလည်းဖြစ်သည်။

ယခု အမေရိကန်ပြည်ထောင်စု၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းပြီး မြောက်ကိုရီးယားနိုင်ငံ၏ ပစ်လွှတ်စမ်းသပ်လျက်ရှိသော ဒုံးကျည်များကို စူးစမ်းလေ့လာစောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း Washington Post တွင် ရေးသားထားသည်။ ■

# အမေရိကန်အာကာသယာဉ်မှူးများကို လပေါ်သို့စေလွှတ်ရန်ဆန္ဒရှိကြောင်းထရမ့်ပြောကြား

**ဝါရှင်တန်၊ ဒီဇင်ဘာ ၁၂**


AFP

တရုတ်နိုင်ငံသည် လပေါ်သို့တစ်ကြိမ်ပြန်လည်စေလွှတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်၌ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်ကလည်း အမေရိကအနေနှင့် လပေါ်သို့ပြန်လည်စေလွှတ်ရန် ဆန္ဒရှိကြောင်း ဒီဇင်ဘာ ၁၁ ရက်နေ့က ထုတ်ဖော်ပြောကြားချက်ကို Reuters သတင်းတွင် ဖော်ပြထားသည်။

ထရမ့်က မိမိတို့အနေနှင့် လပေါ်ဆင်းသက်ရေးတွင် ခေါင်းဆောင်နိုင်ငံဖြစ်ခဲ့သောကြောင့် ခေါင်းဆောင်နေရာ တွင်သာရှိသင့်ကြောင်း Space Policy Directive 1 လက်မှတ်ရေးထိုးပွဲတွင် ပြောကြားခဲ့သည်။

ယင်းလက်မှတ်ရေးထိုးမှုသည် လပေါ်ခရီးဆက်ရေးနှင့် အင်္ဂါဂြိုဟ်သို့သွားရေးများအတွက် သမ္မတ၏ သဘောတူညီမှု လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

သမ္မတက ယခုအကြိမ်တွင် လပေါ်၌ အလံစိုက်ပြီး ခြေရာချခဲ့ရုံသာမက အင်္ဂါဂြိုဟ်ပေါ်သို့ရောက်ရန်ပါ လုပ်ဆောင်ရန်နှင့် အခြားဂြိုဟ်များအထိ အောင်မြင်စွာရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းသွားသည်။

ယခုနှစ်ဇွန်လက တရုတ်အာကာသ တာဝန်ရှိသူများက လပေါ်သို့စေလွှတ်ရန် စီစဉ်ထားကြောင်း ထုတ်ပြန် လိုက်ပြီးနောက် ထရမ့်အနေနှင့် အာကာသဆိုင်ရာ မူဝါဒလက်မှတ်ရေးထိုးပွဲသို့တက်ရောက်ကာ အမေရိကန် ပြည်ထောင်စုအနေနှင့် အာကာသတစ်ခေတ်ကို ပြန်လည်ဝင့်ကြွားစေရမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ် သည်။

အာကာသထဲတွင် မိမိတို့အနေနှင့် စမ်းသပ်လုပ်ဆောင်မှုပေါင်းများစွာ လုပ်ဆောင်ရန် လိုသေးကြောင်း၊ အထူးသဖြင့် စစ်ရေးဆိုင်ရာ စမ်းသပ်မှုများကို လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်းလည်း ယင်းကဆိုသည်။

မူဝါဒသစ်အရ ၂၀၁၀ ပြည့်နှစ်တွင် ယခင်သမ္မတချမှတ်ခဲ့သည့် လူသားများ အာကာသနှင့် အနီးအနားဂြိုဟ်များသို့သွားပြီး လေ့လာရေးအတွက် ပိတ်ခဲ့သည့် အစီအစဉ်များကို ပြန်လည်လမ်းဖွင့် ပေးလိုက်ပြီဖြစ်သည်။

အာကာသလေ့လာစူးစမ်းရေးသစ်အတွက် ဘတ်ဂျက်ငွေများကို လာမည့် ၂၀၁၉ ခုနှစ်တွင် NASA အနေနှင့် တောင်းဆိုပိုင်ခွင့်ရှိမည်ဖြစ်ကြောင်း Reuters သတင်းတွင် ရေးသားထားသည်။ ■

# NEWS IN BRIEF

## တရုတ်လျှပ်စစ်ကား ၂၀၁၈ တွင် လမ်းပေါ်ရောက်မည်

တရုတ်နိုင်ငံ လျှပ်စစ်ကားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် WM Motor Technology သည် Weltmeister ဆိုသည့် အမည်သစ်ပြောင်းကာ လာမည့်နှစ်အတွင်း လျှပ်စစ်ကားများကို ပြေးဆွဲနိုင်ရန် အမှာစာများကို လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ရှန်ဟိုင်းအခြေစိုက်ယင်းကုမ္ပဏီသည် ကမ္ဘာ့ချန်ပီယံဟု အမည်ရသည့် Weltmeister ဟူသော ဂျာမန် အမည်နှင့်ပင် လျှပ်စစ်ကားများကိုထုတ်လုပ်ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်တိုးသွားမည်ဖြစ်ကြောင်း ယင်း သတင်းက ဆိုသည်။

တရုတ်ထုတ် Weltmeister လျှပ်စစ်ကားများကို လာမည့် ၂၀၁၈ ခုနှစ်ဝက်တွင် ဒေါ်လာလေးသောင်းခွဲအောက် လျှော့ရောင်းပြီး တစ်နှစ်လျှင် စင်းရေ တစ်သိန်းထုတ်လုပ်ကာ မော်ဒယ်အမျိုးအစား သုံးမျိုးခွဲထုတ်မည် ဖြစ်ကြောင်း ကုမ္ပဏီအကြီးအကဲ ဖရီးမင်းရှန်းကပြောကြားသည်။ ■

## အမေရိကနှင့် ရုရှားတို့တွင် ATM စက်မှ ဒေါ်လာသန်းချီ အဖောက်ခံရ

အမေရိကနှင့် ရုရှားနိုင်ငံ ATM စက်ပေါင်း အနည်းဆုံး ၁၈ ခု ထံမှ ဒေါ်လာ ၁၀ သန်းခန့်ကို ရုရှားဟက်ကာ အုပ်စုတစ်စုက ခိုးဖောက်သွားခဲ့ကြောင်း ရုရှားအခြေစိုက်လုံခြုံရေးအဖွဲ့ Group-IB ၏ ထုတ်ဖော်ပြောကြားချက် ကို Reuters သတင်းတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ်ကတည်းက ATM စက်များနှင့် ချိတ်ဆက်လုပ်ဆောင်နေသည့် STAR ကွန်ရက်ကို ခိုးဖောက်တိုက် ခိုက်ခြင်းခံနေရသော်လည်း ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း၊ ယင်းကွန်ရက်သည် အဖွဲ့အစည်း ကုမ္ပဏီ ပေါင်း ၅၀၀၀ ကျော်နှင့် လုပ်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဟက်ကာအဖွဲ့၏ နောက်တစ်ကြိမ်ပစ်မှတ်မှာ လက်တင်အမေရိကတိုက်ဖြစ်ပြီး Interpol နှင့် Europol ရဲတပ်ဖွဲ့ဝင်များအနေနှင့် လုံခြုံရေးကို အထူးသတိထားရန် Broup-IB အဖွဲ့က သတိပေးထားသည်။ ■

## ၂၀၁၈ ခုနှစ်ကစတင်ပြီး ထိုင်းနိုင်ငံတွင် e-Payment စနစ်စတင်အသုံးပြုမည်

၂၀၁၈ ခုနှစ်ကစတင်ပြီး ထိုင်းနိုင်ငံတွင် ငွေလွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များအား ဒစ်ဂျစ်တယ်စနစ်ဖြစ်သည့် e-Payment နှင့် စတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ဘဏ်များအားလုံးကလည်း Wave စနစ်ကို အကောင်အထည်ဖော်ကာ ပိုက်ဆံမကိုင်ရသော လူ့အဖွဲ့အစည်းတစ်ခုဖြစ်အောင် ကြံဆောင်သွားမည်ဖြစ်ကြောင်း Bangkok Post သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် QR ကုတ်စနစ်ဖြင့် ငွေလွှဲပြောင်းမှု လုပ်ငန်းများကို စတင်စမ်းသပ်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ကတည်းက ဘတ်ငွေ ၃၂၈ ထရီလီယံကို လွှဲပြောင်းဝန်ဆောင်မှုများပေးခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ထိုင်းနိုင်ငံသို့အလည်အပတ်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်များထဲတွင် တရုတ် ၉၈ ရာခိုင်နှုန်းသည် စမတ်ဖုန်းများကို အသုံးပြုကြပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်စေရေးအတွက်လည်း e-Payment စနစ်ကိုအကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း Bangkok Post တွင် ရေးသားထားသည်။ ■

## တရုတ်တို့ LinkedIn ပေါ်တွင် သတင်းအမှားများတင်ပြီး ထောက်လှမ်းဟုဆို

တရုတ်တို့သည် LinkedIn ဆိုသည့် စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ ဆိုရှယ်ကွန်ရက်တစ်ခုပေါ်တွင် account အတုပေါင်းများစွာကို တင်ထားပြီး သတင်းမှားများ ထုတ်ပြန်ပေးနေကာ နိုင်ငံရေးသမား၊ သံတမန်နှင့် အစိုးရ အရာရှိများကို ထောက်လှမ်းလျက်ရှိကြောင်း ဂျာမနီထောက်လှမ်းရေးအဖွဲ့ BfV ၏ သတိပေးချက်ကို Reuters သတင်းတွင် ဖော်ပြထားသည်။

တရုတ်ထောက်လှမ်းရေးများသည် account အတုများစွာကို အသုံးပြုပြီး ဂျာမနီနိုင်ငံသားပေါင်း ၁၀၀၀၀ ကျော်ကို ဆက်သွယ်ကာ ထောက်လှမ်းမှုများကို လုပ်ဆောင်နေကြောင်း ယင်းသတင်းကဆိုသည်။ Account အတုများသည် ဥရောပနှင့် ဂျာမနီနိုင်ငံမှာ နာမည်ကျော် နိုင်ငံရေးသမားများနှင့် သံတမန်များစွာကို ချဉ်းကပ်လျက်ရှိပြီး ထိုလုပ်ငန်းများကို တရုတ်ပြည်နယ်စပ်ကလုပ်ဆောင်နေသည်ကို ခြေရာခံမိကြောင်း BfV အဖွဲ့က ထုတ်ပြန်ထားသည်။ ■

## Apple ပစ္စည်းအတုများကို အသုံးပြုနေသောကြောင့် မီးလောင်မှုများဖြစ်ပွား

iPhone များကို တစ်ကမ္ဘာလုံး နှစ်သက်စွာ သုံးစွဲနေကြသော်လည်း ဘက်ထရီအားသွင်းသည့် ပစ္စည်းများ ကြိုးများကို အတုများအား ဝယ်ယူသုံးစွဲနေကြခြင်းကြောင့် မီးလောင်ပေါက်ကွဲမှုများဖြစ်ပေါ်နေရကြောင်း Apple ကုမ္ပဏီ၏ ထုတ်ပြန်ချက်ကို Electrical Safety First အစီရင်ခံစာတွင် ဖော်ပြထားသည်။

အားသွင်းကြိုးများကတစ်ဆင့် ပေါက်ကွဲမီးလောင်မှု ၉၈ ရာခိုင်နှုန်းသည် Apple ပစ္စည်းအတုများကို သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဗြိတိန်နိုင်ငံတွင် အားသွင်းကြိုးများကို တင်သွင်းရောင်းချနေကြသော်လည်း ၅၀ တွင် ၄၉ ချောင်းကို စစ်ဆေးခြင်းမရှိဘဲ သုံးစွဲနေကြခြင်းဖြစ်ကြောင်း Electrical Safety First အဖွဲ့မှ ဒါရိုက်တာ မာတင် အယ်လန်က ပြောကြားသည်။ ■

ယမန်နေ့ကအဆက်

# “မွတ်ဆလင်နဲ့ ဗုဒ္ဓဘာသာ ပဋိပက္ခမဟုတ်ပါဘူး”

## မြန်မာ့အရေးကျွမ်းကျင်သူ ဘာတေးလ်လင့်တ်နာနှင့် တွေ့ဆုံခြင်း (အပိုင်း ၂)

ဇေဝင်းနောင်ဘာသာပြန်သည်


Bertil Lintner twitter

**မေး ： အဲဒါတွေအပြင် ဒီ (ARSA) အဖွဲ့ရဲ့ နည်းလမ်းတွေကရော မြန်မာနိုင်ငံတွင်းက တခြား လူမျိုးရေးအခြေပြု- အမျိုးသားရေးဝါဒီ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ကွဲပြားခြားနားတာမျိုး ရှိပါသလား။**

**ဖြေ** ： ဟုတ်ပါတယ်၊ တိုင်းပြည်တွင်းကအခြားသော လူမျိုးရေးအခြေပြု-အမျိုးသားရေးဝါဒီ လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးဟာ သမားရိုးကျ စစ်တပ်တစ်တပ်လို အနည်းနဲ့အများ ဖွဲ့စည်းဆောင်ရွက်ကြပါတယ်။ သူတို့အားလုံးမှာ ယူနီဖောင်းရှိတယ်၊ ရာထူးအဆင့်တွေရှိတယ်၊ တပ်စုတွေ၊ တပ်ခွဲတွေ၊ တပ်မဟာတွေနဲ့ ဖွဲ့စည်းထားတယ်။ အော်တိုမက်တစ်ရိုင်ဖယ်တွေ ၊ စက်သေနတ်တွေ ကိုင်ကြတယ်ပေါ့။

ARSA ရဲ့နည်းလမ်းတွေကျတော့ အရမ်းကွဲပြားပါတယ်၊ ဩဂုတ်လအတွင်းကတိုက်ခိုက်မှုမှာရော အစောပိုင်းအောက်တိုဘာ ၂၀၁၆ တုန်းက တိုက်ခိုက်မှုမှာရော ဒါကို မြင်နိုင်ပါတယ်။ သူတို့ဟာ အခြေခံအားဖြင့် ရွာသားရာနဲ့ချီစည်းရုံးပြီး ပစ်မှတ်တွေကို ဝိုင်းတယ်၊ အမှန်တကယ်ရှိတဲ့ အရေအတွက်ထက်ပိုများတယ်လို့ ထင်ရအောင်လုပ်တယ်ပေါ့။ လက်နက်ခဲယမ်းကျတော့ တော်တော်လေးကို နည်းပါတယ်။ အများစုကဓားမြောင်တွေ၊ လှံတွေ၊ ဓားတွေပဲရှိတယ်။ သူတို့နည်းလမ်းက မြန်မာပြည်က တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေနဲ့ မတူဘဲ နီပေါက မော်ဝါဒီတွေ၊ အိန္ဒိယအလယ်ပိုင်းကအဖွဲ့တွေနဲ့ ပိုတူပါတယ်။

**မေး ： ဒီအဖွဲ့ရဲ့အင်အားက ခင်ဗျားခန့်မှန်းခြေဆို ဘယ်လောက်ရှိမယ်ထင်လဲ။**

**ဖြေ** ： ကျွန်တော်တို့လည်းတကယ်မသိပါဘူး။ ဩဂုတ် ၂၅ မတိုင်မီကဆိုရင်တော့ အင်အားက ရာဂဏန်းလောက်ရှိမယ်။ ဘင်္ဂလားဒေ့ရှ်က စခန်းတွေမှာ သင်တန်းဘာညာတက်ထားတဲ့ ကေဒါ ၅၀၀ ၆၀၀ လောက်လည်း ဖြစ်နိုင်တယ်။ သင်တန်းမှူးတွေက အာဖဂန်စစ်ပွဲက ဝါရင့်တွေ ချည်းပဲ။ ဒီအထဲက အများအပြားက ၁၅၀ လောက် ဝန်းကျင်ရှိမယ် နိုင်ငံခြားသားတွေပါ၊ ဘင်္ဂလားဒေ့ရှ်သားတွေပါ ထည့်တွက်ရင်ပေါ့။ ဒ့ါအပြင် တချို့ တိုက်ခိုက်ရေးသမားတွေက ပါကစ္စတန်၊ အင်ဒိုနီးရှား၊ ဥဇဘက်က နှစ်ယောက်ပါမယ်၊ အနည်းစုကတော့ မလေးလို့ ပြောတယ်၊ ဒါပေမဲ့ သူတို့တွေက မလေးကလား၊ ထိုင်းတောင်ပိုင်းကလားဆိုတာတော့ ကျွန်တော်တို့လည်း မသိဘူး။

“ သတိပြုရမယ့် အချက်တစ်ချက်က ARSA ရဲ့အချိန်ကိုက်လှုပ်ရှားမှုဟာ သေချာတွေးတောပြီး လုပ်ခဲ့တယ်ဆိုတာပါပဲ။ ဒီအကျပ်အတည်းနဲ့ ပတ်သက်တဲ့ ကိုဖီအာနန်ကော်မရှင်ရဲ့ အစီရင်ခံစာ၊ အဲဒါကလည်း တကယ်တမ်းမြန်မာနိုင်ငံဘက်ကို ဝေဖန်ထားတဲ့ဟာ ထွက်လာတာ နာရီပိုင်းပဲရှိပါသေးတယ်။ ဒီတိုက်ခိုက်မှုတွေက အစီရင်ခံစာကို လုံးဝသတ်လိုက်တာပဲ။ ဒါဘယ်လိုမှ တိုက်ဆိုင်တာမဟုတ်ပါဘူး။ သူတို့ကပိုကျယ်ပြန့်တဲ့ စစ်ပုံသွင်းအခင်းအကျင်းမျိုး လိုချင်တာ ”

**မေး ： သူတို့က ရခိုင်ပြည်နယ်ကတောင် မဟုတ်နိုင်တဲ့ အရောင်အသွေးစုံလူတွေ စုဖွဲ့ထားတာဆိုရင် လွတ်လပ်တဲ့ ရခိုင်ပြည်နယ်တစ်ခုရလာဖို့အတွက် အတူတကွ တိုက်ပွဲဝင်အောင် ဘယ်အရာက စေ့ဆော်ပေးခဲ့တာလဲ။**

**ဖြေ** ： အောက်ခြေတပ်ဖွဲ့ဝင်အဆင့်တွေမှာတော့ စုဆောင်းထားတဲ့ ဒေသခံတွေ ပါပါတယ်။ ဒီလူတွေဟာ သူတို့နှစ်ပေါင်းများစွာဆက်ဆံခံလာရတဲ့ ပုံစံနဲ့ ဆက်ဆံခံရမှုအပေါ် မကျေမနပ်ဖြစ်နေကြတဲ့ ဒေါသထွက်နေတဲ့ လူငယ်လူရွယ်တွေပေါ့။ ဒါပေမဲ့ ပါကစ္စတန်သားတွေ၊ ဥဇဘက်သားတွေနဲ့ မလေးတွေပါ ဘာကြောင့် ဒီကိုရောက်လာလဲ။ ဒီလူတွေဟာ တကယ်ကိုဂျီဟတ်စစ်ပွဲတစ်ခုအတွက် လုပ်နေတာပါ။

**မေး ： ဒီလူတွေအပေါ် ရိုဟင်ဂျာလို့ ကိုယ့်ကိုယ်ကိုယ်ပြောနေတဲ့ ဒေသက လူထုအကြားမှာ ရောထောက်ခံမှုရှိလား။**

**ဖြေ** ： အများကြီးတော့မဟုတ်ပါဘူး။ ဒါက အရမ်းကွဲလွဲမှုရှိမယ်လို့ ထင်တယ်။ ဩဂုတ် ၂၅ တိုက်ခိုက်မှုအတွက် သူတို့က ARSA ကိုအပြစ်တင်နေကြတယ်။ ‘ဘာဖြစ်လို့လုပ်ရတာလဲ၊ ဘာလို့ သူတို့ကို သွားဆွတာလဲ’ ဆိုတာမျိုးပေါ့။

သတိပြုရမယ့် အချက်တစ်ချက်က ARSA ရဲ့ အချိန်ကိုက်လှုပ်ရှားမှုဟာ သေချာတွေးတောပြီး လုပ်ခဲ့တယ် ဆိုတာပါပဲ။ ဒီအကျပ်အတည်းနဲ့ပတ်သက်တဲ့ ကိုဖီအာနန်ကော်မရှင်ရဲ့အစီရင်ခံစာ၊ အဲဒါကလည်း တကယ်တမ်း မြန်မာနိုင်ငံဘက်ကိုဝေဖန်ထားတဲ့ဟာ ထွက်လာတာနာရီပိုင်းပဲ ရှိပါသေးတယ်။ ဒီတိုက်ခိုက်မှုတွေကအစီရင်ခံစာကို လုံးဝ သတ်လိုက်တာပဲ။ ဒါဘယ်လိုမှ တိုက်ဆိုင်တာမဟုတ်ပါဘူး။ သူတို့က ပိုကျယ်ပြန့်တဲ့ စစ်ပုံသွင်းအခင်းအကျင်းမျိုးလိုချင်တာ။ ဒါကြောင့် တစ်ဖက်မှာ စစ်တပ်ကိုသွားဆွတဲ့အတွက် လူတွေက သူတို့ကို အပြစ်တင်ကြသလို တစ်ဖက်မှာလည်း ဒေါသထွက်နေတဲ့ လူငယ်လူရွယ် အမြောက်အမြားထက် မျှော်လင့်ထားတဲ့အတိုင်း သူတို့နဲ့ လာပူးပေါင်းခဲ့ကြတယ်။

**မေး ： အနောက်မီဒီယာတွေက ဒီအကျပ်အတည်းကိုင်တွယ်မှုနဲ့ပတ်သက်ပြီး မြန်မာခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အဓိကအပြစ်တင်ကြတာတွေ့ရပါတယ်။ ဒီအပေါ်မှာ ဘာပြောချင်ပါသလဲ။**

**ဖြေ** ： ၂၀၁၅ တုန်းက မြန်မာပြည်မှာ မျှတတဲ့ ရွေးကောက်ပွဲတွေကျင်းပနိုင်ခဲ့တယ်ဆိုပေမယ့်စစ်ဘက်ကအရေးပါတဲ့ ဝန်ကြီးဌာနသုံးခုကိုကိုင်ထားပြီး မောင်းနှင်ပဲ့ကိုင်တဲ့ နေရာမှာရှိနေတုန်းပါ။ အခုဖြစ်နေတာတွေက သူ့ထိန်းချုပ်မှုအောက်မှာ လုံးဝမရှိပါဘူး။ ဒါကြောင့် တစ်ယောက်ယောက်ကိုအမိန့်ပေးတယ်ဆိုတာမျိုးမှာ ဒေါ်စုအနေနဲ့ တကယ်တမ်းဘာမှ များများစားစားမလုပ်နိုင်ပါဘူး။ စစ်ဘက်ဟာ ကာကွယ်ရေးဦးစီးချုပ်ရဲ့အမိန့်ကိုနာခံတာပါ၊ ရွေးကောက်ခံခေါင်းဆောင်တစ်ယောက်ကို နာခံတာမဟုတ်ပါဘူး။

ဒေါ်စုအနေနဲ့က အင်မတန်သိမ်မွေ့တဲ့မျှခြေတစ်ခုပေါ်မှာလျှောက်ရတာပါ။ ဆိုပါစို့ သူ့ကသာဘင်္ဂါလီတွေဘက်ကရပ်တည်ခဲ့ရင် ဒါဟာ နိုင်ငံရေးအရ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသလိုဖြစ်သွားပါမယ်။ သူ့ကိုမဲပေးခဲ့သူအများစုက ဒီကိစ္စမှာ ဘယ်ဘက်ကရပ်တည်သလဲဆိုတာ အရှင်းကြီးပါ။ အကယ်၍ သဘောထားတင်းမာတဲ့ ရခိုင်အမျိုးသားပါတီ (ANP) ဘက်က ရပ်တည်မယ်ဆိုလည်း အနောက်မီဒီယာတွေက ပြင်းပြင်းထန်ထန်ဝေဖန်ကြပါဦးမယ်။ ဒီတော့ ဘာမှမလုပ်ဘဲနေပြန်ရင်လည်း တစ်ခုခုလုပ်သလိုပဲ ဝေဖန်ခံရဦးမှာပါပဲ။ သူ့အတွက် အင်မတန်သိမ်မွေ့တဲ့ အခြေအနေပါ။

သူလုပ်နိုင်ပြီးမလုပ်သေးတာက စစ်တွေကိုသွားပြီး ရွေးကောက်ခံနိုင်ငံရေးသမားအချို့နဲ့ တွေ့ဖို့ပါ။ ရခိုင်အမျိုးသားပါတီခေါင်းဆောင်တွေကို သူသဘောမတွေ့တာကြောင့် သူလုပ်မှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရခိုင်ပြည်နယ်မှာ အရပ်ဘက်ရဲ့အခန်းကဏ္ဍရှိတယ်ဆိုတာလေးတော့ ပြဖို့လိုပါတယ်။ ဘာမှပြောစရာမလိုဘူး၊ ဆေးရုံကိုသွားမယ်၊ အသိုင်းအဝိုင်းအားလုံးက လူတွေကိုတွေ့မယ်။ ဒီလိုနည်းနဲ့ အင်မတန် အကန့်အသတ်ရှိတဲ့ အရပ်ဘက်ရဲ့အခန်းကဏ္ဍကိုခြဲ့ထွင်နိုင်ပါတယ်။

**မေး ： အနောက်ဒီမိုကရေစီနိုင်ငံ အများအပြားနဲ့ မတူဘဲ ရခိုင်အရေးမှာ အိန္ဒိယအစိုးရကပွင့်ပွင့်လင်းလင်း ရှုတ်ချတာမျိုးတုံ့ပြန်တာမရှိပါဘူး။ ဒါဟာ အိန္ဒိယအစိုးရဘက်က မှန်ကန်တဲ့လုပ်ရပ်လား။**

**ဖြေ** ： မှန်တယ်၊ မှားတယ်က ကျွန်တော်ပြောရမယ့် ကိစ္စမဟုတ်ဘူး၊ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့အရေးပါဆုံး အိမ်နီးချင်းနှစ်ဦးဖြစ်တဲ့ တရုတ်နဲ့အိန္ဒိယက အနောက်ကမ္ဘာရဲ့ပြစ်တင်မှုတွေမှာ မပူးပေါင်းခဲ့ဘူး။ ဒါဟာမဟာဗျူဟာကျတဲ့ အကြောင်းရင်းခံတွေကြောင့်ဆိုတာရှင်းပါတယ်။ တရုတ်အတွက် မြန်မာက အိန္ဒိယသမုဒ္ဒရာကိုချိတ်ဆက်ထိတွေ့ဖို့ အရေးပါပါတယ်။ အိန္ဒိယအတွက်ကျတော့လည်း ဒီတိုင်းပြည်က အရှေ့တောင်အာရှကိုဝင်ဖို့ ဂိတ်တံခါးဖြစ်နေပါတယ်။

**မေး ： အိန္ဒိယအစိုးရက အခုနောက်ပိုင်း ဘင်္ဂါလီဒုက္ခသည်တွေအပေါ်မှာလည်း တော်တော်တင်းမာတဲ့ သဘောထားရှိပါတယ်။ ဘင်္ဂါလီတွေဟာလုံခြုံရေးခြိမ်းခြောက်မှု ဖြစ်လာနိုင်တယ်လို့တောင် သုံးသပ်တာတွေရှိပါတယ်။ ဒီအပေါ်မှာဘယ်လိုမြင်ပါသလဲ။**

**ဖြေ** ： လုံခြုံရေးအရ ပူပန်မှုတွေရဲ့ စေ့ဆော်မှုကြောင့် ဖြစ်နိုင်ပါတယ်။ လက်ရှိမှာသူတို့တွေက လုံခြုံရေးအတွက် အန္တရာယ်ရှိသူတွေလား။ အခုထိတော့ ဒီလိုပြောဖို့ သက်သေမရှိသေးပါဘူး။ ဒါကြောင့် တကယ်တမ်းမဟုတ်ဘူးလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ဘင်္ဂလားဒေ့ရှ်က ဒုက္ခသည် ၈ သိန်းနီးပါး၊ သူတို့တွေ ဘယ်သွားမလဲ။ ဘင်္ဂလားဒေ့ရှ်က အခုတင် လူဦးရေအလွန်အကျွံထူထပ်နေပြီ။ လူဦးရေထူထပ်မှု မဆိုစလောက်နည်းတဲ့ နေရာလေးတစ်ခုပဲရှိတော့တယ်၊ အဲဒါက စစ်တကောင်းတောင်တန်းတွေပဲ။ ကျွန်တော်ရထားတဲ့ အချက်အလက်သာအမှန်ဆိုရင်တော့ (ဘင်္ဂလားဒေ့ရှ်က ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့) ချက္ကမ (သက္ကမ) နဲ့ မရမာတွေဟာ တော်တော်စိုးရိမ်နေကြတယ်လို့ ဆိုပါတယ်။

**မေး ： တောင်အာရှအတွက် ဒီအကျပ်အတည်းက ဘယ်လိုသက်ရောက်မှုရှိနိုင်လဲ။**

**ဖြေ** ： အခုကတော့ပြောဖို့စောလွန်းနေသေးတာ ဖြစ်နိုင်တယ်။ ရုတ်တရက်ကြီးဒီဇရီယာထဲမှာ ဒုက္ခသည်အသိုင်းအဝိုင်းကြီးတစ်ခု ရောက်လာမယ်။ အစွန်းရောက်အစ္စလာမ်မှစ် အဖွဲ့အမြောက်အမြားကဒါကို အခွင့်ကောင်းယူဖို့ ကြိုးပမ်းနေတယ်ဆိုတာလည်း လျှို့ဝှက်ချက် မဟုတ်တော့ပါဘူး။ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်တို့ကအဖွဲ့တွေဟာ လူသစ်စုဆောင်းနိုင်တဲ့အခွင့်အရေးအတွက် ဆောင်ရွက်နေကြပါတယ်။ စစ်သွေးကြွတွေရဲ့ တုံ့ပြန်မှုတစ်ခုသာ ရှိလာရင် ဒေသအပေါ်မှာ ဆိုးကျိုးသက်ရောက်မှုကြီး ရှိလာနိုင်ပါတယ်။

နောက်ထပ် အရေးကြီးတဲ့အချက်က မကြာခင် ဘင်္ဂလားဒေ့ရှ်မှာ ရွေးကောက်ပွဲကျင်းပတော့မယ်ဆိုတာပဲ။ ဘင်္ဂလားဒေ့ရှ်က မြန်မာ့တပ်မတော်နဲ့ အတူဘင်္ဂါလီသူပုန်တွေကို ချေမှုန်းဖို့ ပူးတွဲစစ်ဆင်ရေး လုပ်မယ်လို့ ကမ်းလှမ်းခဲ့ဖူးတာ၊ အစောပိုင်းမှာဘင်္ဂါလီ ဒုက္ခသည်တွေကို လက်ကိုမခံဘူးလို့ ငြင်းခဲ့တာတွေကို သိထားဖို့လိုပါတယ်။ ဒါပေမဲ့ ရေစီးကြောင်းလေးက ဆူနာမီလှိုင်းလုံးကြီးဖြစ်သွားတဲ့အခါကျတော့ ဝန်ကြီးချုပ် ရှိတ်ဟာစီနာနဲ့ အဝါမိလိဂ် (ပါတီဦးဆောင်တဲ့) အစိုးရအနေနဲ့ သူတို့ရပ်တည်ချက်ကို ပြောင်းလိုက်ရတယ်။ ဒါမှသာဒီအခြေအနေကို အခြေခံဝါဒီ အစွန်းရောက် ဘင်္ဂလားဒေ့ရှ် ဂျာမတ်အအီအစ္စလာမီပါတီကအမြတ်ထုတ်မယ့် အခြေအနေက ဟန့်တားနိုင်မှာဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ် အမျိုးသားပါတီသာ ဘင်္ဂါလီသူပုန်တွေနဲ့ နီးစပ်မှုရှိတယ်လို့ ထင်ရှားတဲ့ ဂျာမတ်အဖွဲ့ရဲ့ပံ့ပိုးမှုနဲ့ အာဏာရလာရင်တော့ လုံခြုံရေးအရ တော်တော်စိုးရိမ်စရာကောင်းလာနိုင်ပါတယ်။ ဒါကြောင့်လည်း ရှိတ်ဟာစီနာက ဒုက္ခသည်တွေဘက်က သူရှိပါတယ်ဆိုတာကို ပြသဖို့ စိတ်အားထက်သန်နေတာပေါ့။

**မေး ： မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်ကြား မကြာသေးမီကရရှိခဲ့တဲ့ ပြန်ပို့ဖို့သဘောတူညီချက်ကို ဘယ်လိုထင်ပါသလဲ။**

**ဖြေ** ： အင်း၊ ဒါကတော့ လူမြင်ကောင်းရုံ ကြည့်ကောင်းရုံလုပ်တာပါပဲ။ ဖြစ်လာမှာမဟုတ်ပါဘူး။ ပထမဆုံးအချက်က စိစစ်ရမယ်ဆိုတဲ့ ကိစ္စပဲ။ ဒီလူတွေအများစုမှာ အဲဒီလိုစာရွက်စာတမ်းအထောက်အထားတွေမှ မရှိတာ။ နောက်တစ်ချက်က သူတို့ကရော ပြန်လာချင်ရဲ့လား။ စစ်ဘက်ကလုပ်ဆောင်ခဲ့တဲ့ ရက်စက်မှုတွေဟာ ဒီလူတွေဘယ်တော့မှ ပြန်မလာချင်အောင်လုပ်တာလို့ ကျွန်တော်ထင်တယ်။ ပြီးတော့ သူတို့က ဘယ်ကို ပြန်လာရမှာလဲ။ သူတို့အိမ်တွေ အကုန်မီးလောင်ကုန်ပြီပဲဟာ။

**မေး ： မဝေးတဲ့အနာဂတ်မှာ ဒီအကျပ်အတည်းကိုဖြေရှင်းနိုင်မယ့် အဖြေမျိုးရောရှိနိုင်မလား။**

**ဖြေ** ： ဒါကအားလုံးသိချင်တဲ့မေးခွန်းပဲ။ အရိုးသားဆုံးပြောရရင် ကျွန်တော်လည်းမသိဘူး။ သူတို့ ဘင်္ဂလားဒေ့ရှ်မှာနေနိုင်မလား။ ဟုတ်တယ်၊ နေနိုင်တယ်၊ ဒါပေမဲ့ ဒီလိုဆိုရင် စစ်တကောင်းတောင်တန်းတွေမှာ ပြဿနာရှိလာနိုင်တယ်။ တတိယနိုင်ငံ ဆိုတာမျိုးရော၊ ဘယ်သူတွေက သူတို့ကိုလက်ခံမှာလဲ။ ■

**ဇေဝင်းနောင်**

**(ရိုဟင်ဂျာဟူသော အသုံးအနှုန်းအချို့ကို ဘင်္ဂါလီဟု ပြောင်းလဲဖော်ပြထားသော်လည်း အဆိုပါဝေါဟာရကို နိုင်ငံရေးအရ အသုံးချပုံအကြောင်း၊ ဖန်တီးယူခဲ့ပုံအကြောင်း သုံးသပ်ဖြေဆိုချက်များတွင်မူ နားလည်ရလွယ်ကူစေရန်အလို့ငှာ မူလအတိုင်း ထားရှိပါသည်။)**

# လိင်အလွဲလုပ်မှုများဖြင့် စွပ်စွဲခံရသောရီပတ်ဘလစ်ကန် အမတ်လောင်း ရွှိုင်မိုးရ်ဘက်က ထရမ့်ရပ်တည်

**ဝါရှင်တန်၊ ဒီဇင်ဘာ ၁၂**

လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှု စွဲချက်များနှင့် ရင်ဆိုင်နေရသော ရီပတ်ဘလစ်ကန်ပါတီ၏ အထက်လွှတ်တော်အမတ်လောင်း တရားသူကြီး ရွှိုင်မိုးရ်ဘက်မှ သမ္မတဒေါ်နယ်ထရမ့်က ရပ်တည်ပြောဆိုပေးထားသော အသံဖိုင်တစ်ခု ပေးပို့ခဲ့ကြောင်း BBC သတင်းကဖော်ပြထားသည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့ အလာဘားမားပြည်နယ် အထက်လွှတ်တော်အမတ် ကြားဖြတ်ရွေးကောက်ပွဲတွင် တရားသူကြီးဟောင်း ရွှိုင်မိုးရ်သည် ဒီမိုကရက်ဘက် ဒေါက်ဂျုံးစ်နှင့် အဓိက ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသမီးအချို့က မိုးရ်သည် အလိုတူ အလိုပါမဟုတ်သော လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားပြီး ဖြစ်စဉ်အများစုမှာ ထိုအမျိုးသမီးများ ဆယ်ကျော်သက်အရွယ်က ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

ပုံမှန်အားဖြင့် ရီပတ်ဘလစ်ကန်တို့အားကောင်းသော ပြည်နယ်ဖြစ်သော အလာဘားမားတွင် ယခုကိစ္စကြောင့် ပြိုင်ဘက်နှစ်ဦးအကြား အကြိတ်အနယ်ဖြစ်သွားခဲ့သည်။

ယခုရွေးကောက်ပွဲသည် အလာဘားမားမှ အထက်လွှတ်တော်အမတ်တစ်နေရာအတွက်သာ ယှဉ်ပြိုင်ခြင်းဖြစ်သော်လည်း ယင်းတစ်နေရာ အပြောင်းအလဲသည် လာမည့်နှစ် သမ္မတသက်တမ်းအလယ် လွှတ်တော်ရွေးကောက်ပွဲများ မကျင်းပမီ အချိန်အထိအထက်လွှတ်တော်မှ အာဏာမျှခြေကို အပြောင်းအလဲ အကြီးအကျယ်ဖြစ်သွားစေနိုင်သည်။

ထရမ့်က မိုးရ်သည် သူ့အပေါ် စွပ်စွဲမှုများကို ထပ်တလဲလဲ ငြင်းဆိုခဲ့ခြင်းကိုကြည့်ပါကသူ၏ ဖြောင့်မတ်မှုကို မြင်နိုင်ကြောင်း ထောက်ပြထားသည်။ မိုးရ်ကလည်း သူသာယင်းသို့ကျူးလွန်ခဲ့သည်ဆိုပါလျှင် နိုင်ငံရေးရာထူးမျိုးစုံ တာဝန်ယူခဲ့သည့် အနှစ် ၄၀ အတွင်း ထိုသူများအဘယ့်ကြောင့် နှုတ်ဆိတ်နေခဲ့ပြီး ယခုအခါမှ စွပ်စွဲရပါသနည်းဟု ပြန်လှန်မေးခွန်းထုတ်ထားသည်။

အမျိုးသမီးတစ်ဦးက မိုးရ်သည် သူ ၁၄ နှစ်သမီးအရွယ်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှု ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည်။ နောက်တစ်ဦးကမူ မိုးရ်သည် သူ့ကိုအဓမ္မကျင့်ရန် ကြံခဲ့သည်ဟု စွပ်စွဲထားသည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့ နောက်ဆုံးမဲဆွယ်ညတွင် မိုးရ်သည် ထရမ့်၏ မဟာဗျူဟာမှူး ဟောင်းစတိဗ်ဘန်နွန်နှင့်အတူ ထောက်ခံသူများရှေ့တွင် မိန့်ခွန်းပြောခဲ့သည်။

"သမ္မတထရမ့်နဲ့အတူ အမေရိကကို တစ်ဖန်ကြီးမြတ်အောင် ဆောင်ရွက်ချင်ပါတယ်"ဟု မိုးရ်ကပြောကြားခဲ့သည်။

ထရမ့်၏ အသံဖိုင်ကိုဖွင့်ပြခဲ့ရာတွင် အကယ်၍ မိုးရ်သာ ရှုံးပါကမိမိ၏ လုပ်ငန်းစဉ် ရပ်တန့်အေးခဲသွားနိုင်ကြောင်း ထရမ့်၏ ပြောကြားချက်ပါရှိခဲ့သည်။ ■F-03







ချားလ်စ်ဂျန်ကင်း

## မြောက်ကိုရီးယားဘက်သို့ သွားရောက်ပူးပေါင်းခဲ့သည့် အမေရိကန်စစ်သားဟောင်းကြီးကွယ်လွန်

**တိုကျို၊ ဒီဇင်ဘာ ၁၂**

မြောက်ကိုရီးယားဘက်သို့ သွားရောက်ပူးပေါင်းခဲ့သည့် အမေရိကန် တပ်ကြပ်ကြီးဟောင်းသည် မြောက်ကိုရီးယားတွင် အနှစ် ၄၀ ခန့် နေထိုင်ခဲ့ရပြီး ပြန်လည်လွတ်မြောက်ပြီးမှ အသက် ၇၇ နှစ်အရွယ်အရောက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ချားလ်စ်ဂျန်ကင်းဟုအမည်ရသည့် အဆိုပါအမေရိကန်သားသည် ၂၀၀၄ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာပြီးနောက် မိသားစုနှင့်အတူ ဂျပန်တွင် နေထိုင်ခဲ့သည်။

၁၉၆၀ ကာလများက ဘက်ပြောင်းသွားခဲ့သော အမေရိကန်စစ်သားလေးဦးတွင် မစ္စတာဂျန်ကင်းက တစ်ဦးအပါအဝင်ဖြစ်ကာ မြောက်ကိုရီးယားဝါဒဖြန့်ရုပ်ရှင်ကားများတွင် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့ပြီး ၎င်းသာ တစ်ဦးတည်းသော ပြန်လည်လွတ်မြောက်သူဖြစ်ခဲ့သည်။

ဂျိမ်းစ်ဒရက်စ်နော့ခ် ဆိုသူအမေရိကန်စစ်သားဟောင်းကတော့ ၂၀၁၆ တွင် လေဖြတ်ဝေဒနာဖြင့် မြောက်ကိုရီးယားတွင်ပင် ကွယ်လွန်သွားခဲ့ပြီး အခြားသူများလည်း မြောက်ကိုရီးယားတွင်ပင် သေတစ်ပန်သက်တစ်ဆုံး နေသွားရသည်။

ချားလ်စ်ဂျန်ကင်းသည် မြောက်ကိုရီးယားက ဖမ်းဆီးထားသော ဂျပန်နိုင်ငံသူ ဟီတိုမီဆိုဂါနှင့်လက်ထပ်ခဲ့ပြီး ပြန်လည်လွတ်မြောက်သောအခါ ဂျပန်နိုင်ငံ ဆာဒိုကျွန်းတွင် နေထိုင်ရင်းကွယ်လွန်သွားခဲ့သူဖြစ်သည်။

အိမ်ရှေ့တွင် လဲကျသွားခဲ့ပြီး နှလုံးရောဂါဖြင့် ဆေးရုံတွင် ကွယ်လွန်သွားခဲ့သည်ဟု ဂျပန်မီဒီယာများက ရေးသားဖော်ပြထားသည်။

ခင်ပွန်းသည်ကွယ်လွန်ခြင်းကြောင့် အလွန်အံ့သြမိကာ တခြားဟာကို မတွေးနိုင်သေးပါကြောင်း ဇနီးဖြစ်သူဟီတိုမီဆိုဂါက ပြောကြားသည်။

မြောက်ကိုရီးယားတွင် အဆင်ပြေခဲ့သည်များရှိသလို ခက်ခဲကြမ်းတမ်းခဲ့သည်များလည်းရှိကြောင်း ၎င်းက နောက်ပိုင်းဖြေကြားသော အင်တာဗျူးများတွင် ထည့်သွင်းပြောဆိုခဲ့သည်။

၁၉၆၅ ခုနှစ်က တောင်ကိုရီးယားစစ်မဲ့ဇုန်နားရှိ အမေရိကန်စစ်တပ်တွင် စခန်းချနေထိုင်ခဲ့ပြီး ကင်းလှည့်စဉ် အသတ်ခံရခြင်း၊ ဗီယက်နမ်သို့ အပို့ခံရခြင်းတို့ကို စိုးရိမ်သဖြင့် မြောက်ကိုရီးယားဘက်သို့ ခိုလှုံသွားခဲ့သည်ဟု ၎င်းက ဆိုသည်။ ၎င်း၏ မူလအကြံဉာဏ်မှာ မြောက် ကိုရီးယားရှိ ရုရှားသံရုံးသို့သွားရောက် ခိုလှုံလိုခြင်းဖြစ်သည်ဟုလည်း ပြောခဲ့သည်။ ■F-04

## S-400 လေကြောင်းရန် ကာကွယ်ရေးစနစ် ဝယ်ယူရေး ရုရှားနှင့်တူရကီ အပြီးသတ်ဆွေးနွေးမည်

**အန်ကာရာ၊ ဒီဇင်ဘာ ၁၂**

ရုရှား နိုင်ငံထုတ် S-400 အဆင့်မြင့် လေကြောင်းရန် ကာကွယ်ရေးစနစ် ဝယ်ယူရေး လာမည့်ရက်သတ္တပတ်အတွင်း ရုရှားနှင့်တူရကီနိုင်ငံတို့အပြီးသတ် ဆွေးနွေးမည်ဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ရုရှားထုတ် လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ဝယ်ယူရေး တူရကီနိုင်ငံ တစ်နှစ်ကျော်ကြာ ကြိုးပမ်းလျက်ရှိသော်လည်း ရုရှားစနစ်သည် နေတိုးစစ်အုပ်စု၏ ကာကွယ်ရေးစနစ်တွင်း ပေါင်းစည်းနိုင်ခြင်းမရှိခြင်းကြောင့် အမေရိကန်နှင့် တူရကီ၏ နေတိုးမဟာမိတ်များက လိုလားခြင်းမရှိပေ။

သို့သော်လည်း S-400 စနစ် ၂ ခု ဝယ်ယူရန် စီစဉ်ထားကြောင်း ၂၀၁၉ ခုနှစ်တွင် ပထမဆုံးသော S-400 လေကြောင်းရန် ကာကွယ်ရေးစနစ် ရရှိလိမ့်မည်ဖြစ်ကြောင်း တူရကီကာကွယ်ရေးဝန်ကြီး ကာနီကလီက ပြောကြားထားသည်။

"လာမည့်ရက်သတ္တတစ်ပတ်မှာ ကျွန်တော်တို့အရာရှိတွေ တွေ့ဆုံပြီး S-400 အရေး အပြီးသတ်မှာပါ" ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်အတူ လုပ်ဆောင်သည့် သတင်းစာရှင်းလင်းပွဲတွင် တူရကီသမ္မတ အာဒိုဂန်က ပြောကြားသွားသည်။

တူရကီနိုင်ငံသည် တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ တင့်ကားများ၊ မောင်းသူမဲ့လေယာဉ်များအပါအဝင် လက်နက်စနစ်မျိုးစုံကို ထုတ်လုပ်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိသည်။

S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ကီလိုမီတာ ၄၀၀ အကွာရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်ပြီး တူရကီအပါအဝင် ဆော်ဒီနှင့်ဘီလာရုနိုင်ငံတို့က ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ ■F-05




S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်



# တရုတ်၏ စက်မှုနှင့် ကုန်သွယ်မှုစွမ်းရည် အဆမတန်မြင့်တက်မှုကို အမေရိကန်၊ အီးယူနှင့် ဂျပန်တို့ ပူးပေါင်းရင်ဆိုင်ရန် စီစဉ်

**ဗျူနိုအေးရီးစ်-ဝါရှင်တန်၊ ဒီဇင်ဘာ ၁၂**

တရုတ်နိုင်ငံ၏ အဆမတန်မြင့်တက်လာသော စက်မှုစွမ်းရည်နှင့် အခြားသော ကုန်သွယ်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ရင်ဆိုင်ရန် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ(အီးယူ)နှင့် ဂျပန်တို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဟု သိရကြောင်း ယုံကြည်စိတ်ချရသည့် သတင်းရင်းမြစ်တစ်ရပ်ကို Reuters သတင်းဌာနက ကိုးကားဖော်ပြသည်။

တရုတ်ပြည်၏ စက်မှုထုတ်လုပ်မှုစွမ်းရည်နှင့် ကုန်သွယ်ရေးလုပ်ဆောင်ချက်များသည် အဆမတန်မြင့်တက်လာသည်ဖြစ်ရာ အမေရိကန်ပြည်ထောင်စု၊ အီးယူနှင့် ဂျပန်တို့ ပူးပေါင်းကာ အင်အားတစ်ရပ်အဖြစ် စုစည်းပြီး ရင်ဆိုင်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်ကို မကြာမီ ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရကြောင်း သတင်းကဆိုသည်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် အီးယူတို့မှ ကုန်သွယ်ရေးအရာရှိများသည် ဗျူနိုအေးရီးတွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲ၏ သီးခြားဆွေးနွေးပွဲတွင် ယင်းကြေညာချက်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်ဟု အမည်မဖော်လိုသူ အရာရှိကြီးတစ်ဦးက ပြောကြားသည်။

သို့သော် ထုတ်ပြန်မည့် ကြေညာချက်တွင် တရုတ်ဟူသည့် အမည်နာမကို ထည့်သွင်းဖော်ပြရန် အစီအစဉ် ရှိ၊ မရှိကို တိတိကျကျမသိရသေးဟု ၎င်းက ဆိုသည်။

တရုတ်နိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်းများအပေါ် ထောက်ပံ့ပေးနေခြင်း၊ နိုင်ငံခြားလုပ်ငန်းများအနေနှင့် မဟာဗျူဟာကျသော နည်းပညာများကို လွှဲပြောင်းပေးရန် ဖိအားပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ မကြာခဏထုတ်ပြန်ခြင်း စသည်တို့နှင့်ပတ်သက်၍ အမေရိကန်၊ အီးယူနှင့် ဂျပန်တို့က မကျေမနပ်ဖြစ်လျက်ရှိသည်။

ထို့ပြင် ယင်းသို့ တရုတ်နိုင်ငံ၏ ဘက်လိုက်မှုများကြောင့် စတီး၊ အလူမီနီယံ စသည်ကဲ့သို့ အရေးပါသည့် လုပ်ငန်းကြီးများတွင် အဆမတန်ထုတ်လုပ်မှုများပေါ်ပေါက်စေခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ယင်းစက်မှုထုတ်ကုန်များ အဆမတန်များပြားလာခြင်းကြောင့် အခြားနိုင်ငံများ၌ အလုပ်သမားလျှော့ချရခြင်း၊ အလုပ်ဆိုင်းငံ့ထားရခြင်းမျိုးများဖြစ်ပေါ်စေခဲ့ကြောင်း အမေရိကန်၊ အီးယူနှင့် ဂျပန်နိုင်ငံတို့မှ ကုန်သွယ်ရေးအရာရှိကြီးများက ဆိုသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေနှင့် တရုတ်နိုင်ငံ၏ ဈေးကွက်စီးပွားရေး အနေအထားကို အသိအမှတ်ပြုလက်မခံသင့်ဟူသော အီးယူ၏အဆိုကို အမေရိကန်ပြည်ထောင်စုက ထောက်ခံထားသည်။

တရုတ်၏ ဈေးကွက်စီးပွားရေးသည် အနောက်ကမ္ဘာ၏ ကုန်သွယ်ရေးအဟန့်အတားများကို အားနည်းသွားစေသည်ဟု အမေရိကန်နှင့် အီးယူတို့ကဆိုသည်။

ဂျပန်ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီး ဟီရိုရှိဂါဆီကိုက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပွင့်လင်းမြင်သာမှုနှင့် စံချိန်စံနှုန်းများမြှင့်တင်ရန် လိုအပ်မှု စသည်တို့ကို ထောက်ခံကြောင်း ပြောကြားသည်။

"လွတ်လပ်တဲ့ကုန်သွယ်ရေးဆိုတာ ယှဉ်ပြိုင်မှုအတွက် မျှတမှုရှိတဲ့ အခြေအနေတွေရှိမှ အလုပ်ဖြစ်တာပါ"ဟု ၎င်းက ဆိုသည်။

■ F-01



# နယူးယောက် မြေအောက်ရထားတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ဗုံးခွဲ၊ သုံးဦး ဒဏ်ရာရ

**နယူးယောက်၊ ဒီဇင်ဘာ ၁၂**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မြေအောက်ရထား နေရာတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတစ်ဦး အိမ်လုပ်ပိုက်လုံးဗုံး ဖောက်ခွဲခဲ့သဖြင့် လူသုံးဦး ဒဏ်ရာရရှိသွားကာ ယင်းလုပ်ဆောင်မှုကို အကြမ်းဖက်မှုအဖြစ် သတ်မှတ်ထားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

သံသယရှိသူ အသက် ၂၇ နှစ်အရွယ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား အကယတ် ယူဆောင်လာသည် ဖောက်ခွဲရေးပစ္စည်းကို နိုင်လွန်နှင့်ဇစ်များ အသုံးပြု၍ ကိုယ်တွင် ချည်နှောင်ထားခဲ့ပြီး ဗုံးကို အပြည့်အဝ ဖောက်ခွဲနိုင်ခဲ့ခြင်းမရှိကြောင်း ရဲအရာရှိများက ပြောကြားသွားသည်။

ထို့ပြင် မတ်ဟတ်တန် အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုသည် အသေခံ ဗုံးခွဲရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ဟု စုံစမ်းရေးမှူးများက မှတ်ချက်ပြုထားသည်။

နံနက် ၇ နာရီခန့်တွင် ဆိပ်ကမ်းအာဏာပိုင် ကားမှတ်တိုင်အောက်နှင့် တိုင်းစကွဲယား မြေအောက်ဘူတာရုံကြားရှိ လူသွားလူလာများသည့် မြေအောက်စင်္ကြံတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ခရီးသွားများ ထွက်ပေါက်သို့ထွက်ပြေးခဲ့ရသည်။

ယင်းပေါက်ကွဲမှုကြောင့် ရဲအရာရှိတစ်ဦးအပါအဝင် လူသုံးဦး အသေးစား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အောက်မတ်ဟတ်တန်ရှိ စက်ဘီးလမ်းကြောင်းတစ်ခုတွင် သွားလာနေသည့် လူအုပ်တွင်းသို့ဥဇဘတ်အမျိုးသား ဆိုင်ပေါ့ကုန်တင်ကားဖြင့် ဝင်တိုက်ခဲ့ခြင်းကြောင့် လူရှစ်ဦး သေဆုံးသွားပြီးနောက် ရက်သတ္တပတ် ခြောက်ပတ်အကြာတွင် ဘူတာရုံ ပေါက်ကွဲမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

၂၀၁၆ စက်တင်ဘာလတွင်းကလည်း နယူးယောက်မြို့ချယ်ဆီးဒေသတွင် လူတစ်ဦးက အိမ်လုပ်ဗုံး ဖောက်ခွဲခဲ့သဖြင့် လူ ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လက်ရှိ ဖြစ်ပွားသည့် မြေအောက်ရထားပေါက်ကွဲမှုတွင် အသုံးပြုသည့် လက်နက်များသည် အပေါ့်တမ်းအဆင့်သာရှိပြီး အိမ်လုပ်ဗုံး အပြည့်အဝ ပေါက်ကွဲခဲ့ခြင်းမရှိသဖြင့် ထိခိုက်ဆုံးရှုံးမှု အကန့်အသတ်ဖြင့် ဖြစ်ပေါ်ခဲ့ကြောင်း နယူးယောက်အုပ်ချုပ်ရေးမှူး အန်ဒရူး ကူယိုနိုက ပြောကြားသွားသည်။

ယင်းကဲ့သို့သော တိုက်ခိုက်မှုများသည် အမေရိကန် ပြည်ထောင်စု၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒ အပြောင်းအလဲ လုပ်ရန် ညွှန်ပြနေခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က တိုက်ခိုက်မှုအပြီးတွင် ထုတ်ပြန်ထားသည်။

" အမေရိကန်အနေနဲ့ လုံလောက်စွာ စိစစ်ထားခြင်း မရှိသလို အန္တရာယ်ရှိတဲ့ လူအများကြီးကို ဝင်ခွင့်ပြုထားတဲ့ လူဝင်မှုကြီးကြပ်ရေးစနစ်ကို ပြန်လည်ပြင်ဆင်ရပါမယ်"ဟု အမေရိကန်သမ္မတက ပြောကြားထားသည်။

■ F-05




သံသယရှိသူ အသက် ၂၇ နှစ်အရွယ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အကယတ်အူလာ



# ၁၄ နှစ် မိန်းကလေးအား ခိုးယူပေါင်းသင်းသူကို ထောင်ဒဏ် အနှစ် ၂၀ အမိန့်ချ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

အသက် ၁၄ နှစ်အရွယ် ရည်းစားဖြစ်သူ မိန်းကလေးအား ခိုးယူပေါင်းသင်းသည့် အသက် ၂၂ နှစ်အရွယ် အမျိုးသားကို အလုပ်နှင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် ဒီဇင်ဘာလ ၁၁ ရက် မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းခရိုင်၌ အမိန့်ချမှတ်ခဲ့သည်။

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၁/၁)ရပ်ကွက်တွင် နေထိုင်သူ ကိုနိုင်လင်းထွန်းသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့က အသက် ၁၄ နှစ်အရွယ် ရည်းစားဖြစ်သူကိုလှိုင်သာယာမြို့နယ်၊ ဒဂုံ ရာအဝေးပြေးဝင်းအတွင်းရှိ တည်းခိုခန်းတစ်ခုသို့ခေါ်ဆောင်ကာ သားမယားတစ်ကြိမ်ပြုကျင့်ခဲ့ပြီး၊ ၎င်းမှတစ်ဆင့် ဒေးဒရဲမြို့နယ်သို့ခေါ်ဆောင်ကာ ထပ်မံသားမယားပြုကျင့်ခဲ့ကြောင်း အမှုဖွင့်တိုင်တန်းချက်အရ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

"သမီးရည်းစားတွေလို့ သိရတယ်။ အသက် ၁၄ နှစ်အရွယ် မိန်းကလေးဖြစ်နေလို့ မုဒိမ်းမှုမြောက်သွားတာ။ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ နဲ့ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်ချခဲ့တာ။ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျစေဖို့ အမိန့်ချခဲ့တဲ့အတွက် အနှစ် ၂၀ ကျခံရမှာဖြစ်ပါတယ်"ဟု အရှေ့ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယင်းအမှုကို မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံနယ်မြေရဲစခန်း(ပ)၃၉၉/၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၆၃ ဖြင့်တရားစွဲဆိုတင်ပို့ခဲ့ပြီး အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာ ၃၁ ရက်နေ့အထိ မုဒိမ်းမှုပေါင်း ၂၄၆ မှုဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၂၂၉ မှု၊ ၂၀၁၅ ခုနှစ်တွင် ၁၁၀ မှုဖြစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထုတ်ပြန်ချက်အရ စုံစမ်းသိရသည်။

■ J 16

## စစ်တွေထောင်မှ အကျဉ်းသား ၁၆ ဦး ထောင်ပြောင်းပေးရန် ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦး အကျဉ်းထောင်ပြောင်းပေးရန် ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က ပြောကြားသည်။

"ထောင်ထဲမှာ လူ့အခွင့်အရေးချိုးဖောက်ခံရတာနဲ့ပတ်သက်ပြီး ဘာမှမပြောဘူး။ ထောင်ပြောင်းပေးဖို့ ပြောတယ်။ မိသားစုနဲ့ဝေးတဲ့အတွက်ကြောင့် သူတို့ထောင် ပြောင်းချင်တယ် ပြောတယ်။ နောက်တစ်ချက်က ထောင်ထဲက ပြဿနာထက် ထောင်မကျခင်က ပြဿနာတွေကို တင်ပြကြတယ်၊ သဘောတရားကတော့ ကျွန်တော်တကယ်ကို လူမသတ်ခဲ့ဘူး။ ဒါပေမဲ့ စွပ်စွဲခံရပြီး ထောင်ချခံရပါတယ် တင်ပြကြတယ်"ဟု ၎င်းက ဆိုသည်။

ထို့ကြောင့် ကော်မရှင်၏ရခိုင်ပြည်နယ်ခရီးစဉ် ခြောက်ရက်အပြီးတွင် ထောင်ပြောင်းချင်သည့်အကျဉ်းသား ၁၆ ဦးအတွက် ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြအကူအညီတောင်ခံသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောဆိုသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်သည် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများဖြစ်ပွားပြီးနောက်ပိုင်း လူ့အခွင့်အရေးအခြေနေကို လေ့လာရန် စစ်တွေ၊ ဘူးသီးတောင်နှင့်မောင်တောမြို့များသို့ ဒီဇင်ဘာလ ၁၀ ရက်မှစ၍ ခြောက်ရက်ကြာ သွားရောက်ရာတွင် ပထမရက်၌ စစ်တွေမြို့ပေါ်ရှိ အကျဉ်းထောင်၊ အချုပ်စခန်း၊ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများကို သွားရောက်လေ့လာစဉ် အကျဉ်းသား ၁၆ ဦးက ကော်မရှင်နှင့်တွေ့ဆုံပြီး ထိုသို့တင်ပြခဲ့ခြင်း ဖြစ်သည်။

အကျဉ်းထောင်မှ ထောင်သားများ ပြောင်းရွှေ့ခွင့်နှင့် ပတ်သက်၍ The Voice က အကျဉ်းဦးစီးဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းသော်လည်း ပြန်လည်ဖြေကြားခဲ့ခြင်း မရှိခဲ့ချေ။

မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်သည်၏ ဘူးသီးတောင်၊ မောင်တောဒေသများ လေ့လာရေးခရီးစဉ်အတွင်း လေ့လာတွေ့ရှိချက်များကို သမ္မတရုံးနှင့် ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အကြမ်းဖက်မှု ဖြစ်ပွားပြီးနောက်ပိုင်း တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိသည်ဆိုသော နိုင်ငံတကာ၏ စွပ်စွဲချက်များ ထွက်ပေါ်လာသည့်အတွက် အောက်တိုဘာလက ကွင်းဆင်းလေ့လာခဲ့သည်။

■J-18

## ပုဇွန်တောင်ချောင်း သမ္ဗန်ဆိပ်တွင် လှေလုပ်သားအချင်းချင်း လူသတ်မှုဖြစ်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ပုဇွန်တောင်ချောင်းအတွင်းရှိ သမ္ဗန်ဆိပ်တစ်ခုတွင်ဆိုက်ကပ်ထားသော ငါးဖမ်းစက်လှေတစ်စီးပေါ်တွင် ဒီဇင် ဘာလ ၁၁ ရက် ညနေ ၈ နာရီခန့်က အရက်သောက်စကားများရန်ဖြစ်ရာက လှေလုပ်သားအချင်းချင်း ဓားနှင့်ထိုးသတ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၅/က)ရပ်ကွက်တွင်နေထိုင်သူ အသက် ၅၂ နှစ်အရွယ် ဒေါ်သန်းသန်းလွင်သည် ယင်းနေ့က ငါးဖမ်းစက်လှေပေါ်တွင် သားဖြစ်သူ အသက် ၁၉ နှစ်အရွယ် အေးမင်းဇော် ဓားထိုးခံရကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှုရာ ဘယ်ရင်ညွန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ လည်ပင်းညာထိုးသွင်းဒဏ်ရာတစ်ချက် ဖြင့်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် လူသတ်မှုကျူးလွန်သူကို ဥပဒေအရ အရေးယူပေးပါရန် အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"တစ်လှေတည်းအတူတူ လုပ်ကိုင်နေတဲ့သူက ဓားနဲ့ ထိုးသတ်လိုက်တာ၊ အရက်သောက် စကားများရန်ဖြစ်ပြီး ဖြစ်သွားတာပါ၊ လူသတ်မှုတွေကြည့်လိုက်ရင် အရက်သောက်စကားများ ရန်ဖြစ်တာတွေ အများဆုံးတွေ့ရတယ်၊ လူသတ်မှုကျူးလွန်တဲ့သူကိုလည်း ဖမ်းဆီးအရေးယူထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိ တစ်ဦးက ရှင်းပြသည်။

လူသတ်မှု ကျူးလွန်သည်ဟုဆိုသော အမျိုးသားမှာ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကန်းနီကျေးရွာအုပ်စုတွင်နေထိုင်သူ အသက် ၃၈ နှစ်အရွယ် ကိုသက်နိုင်ဦးဖြစ်ပြီး ဆိပ်ကမ်းမြို့မ ရဲစခန်းက (ပ) ၂၅၀/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ လူသတ်မှုပေါင်း ၁၄၃ မှုဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာ ၃၀ ရက်နေ့အထိ လူသတ်မှုပေါင်း ၁၆၈ မှုရှိခဲ့ရာ ၂၅ မှု လျော့ကျသွားကြောင်း၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် လူသတ်မှု ၁၂ မှုဖြစ်ခဲ့ပြီး နိုဝင်ဘာ လတွင် ၂၂ မှုဖြစ်ခဲ့ရာ ၁၀ မှုပိုများလာကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။ J 16

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## မှုခင်းသတင်းတိုများ

■ ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ လမ်း ၄၀ အထက်ဘလောက်ရှိ ၆ လွှာတိုက်ခန်းတစ်ခုတွင် ဒီဇင်ဘာလ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က အသက် ၆၁ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရဘဲ ထိုင်လျက်သေဆုံးနေသည် ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ ယင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

■ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၈)ရပ်ကွက်၊ ပုဏ္ဏမီလမ်းနှင့် ကွမ်းအပ်သားမင်းသားလမ်းဆုံတွင် ဒီဇင်ဘာလ ၁၂ ရက် နံနက် ၁ နာရီခန့်က ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်သူ အသက် ၃၈ နှစ်အရွယ် အမျိုးသားထံမှ အရိုးအသွား ၉ လက်မခွဲခန့်ရှိ ဓားဦးချွန်စတီးဓားတစ်ချောင်းကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက တရားမဝင်လက်နက်ကိုင်ဆောင်မှု ဥပဒေပုဒ်မ ၁၉(င)ဖြင့် အမှုဖွင့်ထားသည်။

■ ကွမ်းခြံကုန်းမြို့နယ်၊ ကမာပါကျေးရွာအုပ်စု၊ ဆည်းမြောင်းရုံးအနီး ရေတံခါးလမ်းဘေးမြေကွက်လပ်တစ်ခုတွင် ဒီဇင်ဘာလ ၁၁ ရက် မွန်းလွဲ ၃ နာရီခန့်က လောင်းကစားရာတွင် အသုံးပြုသည့် တိုက်ကြက်ဖလေးကောင်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၂၉ နှစ်မှ ၅၈ နှစ်ကြားရှိ အမျိုးသားလေးဦးကို ဖမ်းမိခဲ့သဖြင့်ယင်းမြို့ ရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၂(က)ဖြင့်အမှုဖွင့်ထားသည်။

■ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာမဥ္ဇူလမ်းရှိ တိုက်ခန်းတစ်ခုတွင် ဒီဇင်ဘာလ ၁၁ ရက် ည ၈ နာရီခွဲခန့်က အသက် ၅၆ နှစ်အရွယ် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး နေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို ယင်းမြို့နယ်စံပြဆေးရုံဆေးရုံကြီးသို့ပို့ဆောင်ကာ ယင်းမြို့မရဲစခန်းကသေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။ J 16

## ဗိုလ်အောင်ကျော်လမ်းရှိ ကုမ္ပဏီရုံးခန်းကို ဖောက်ထွင်းသည့် လူငယ်သုံးဦးကို ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း(အထက်ဘလောက်)ရှိ သင်္ဘောသားကုမ္ပဏီရုံးခန်းကိုဖောက်ထွင်းပြီး ငွေကျပ်သိန်းနှစ်ရာကျော်ယူဆောင်သွားသည့် လူငယ်သုံးဦးကိုဖမ်းဆီးအရေးယူထားကြောင်း ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်တွင်နေထိုင်ပြီး အထက်ပါလိပ်စာတွင် သင်္ဘောသားကုမ္ပဏီရုံးခန်း ဖွင့်ထားသူ အသက် ၆၁ နှစ်အရွယ် ဦးထွန်းသိန်းသည် ဒီဇင်ဘာလ ၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ရုံးခန်း အတွင်းထားရှိသော CCTV မော်နီတာမှာ ရုပ်မပေါ်သဖြင့် စစ်ဆေးကြည့်ရှုရာ CCTV ကင်မရာကြိုးမှာပြတ်နေပြီး ရုံးခန်းအဝင် တံခါးဘက်သို့ လှည့်ထားသော CCTV ကင်မရာမှာ တိတ်ဖြင့်ဖိကပ်ထားကြောင်း မသင်္ကာဖွယ်ရာတွေ့ရှိသဖြင့် သင်္ဘောသားအတွက် လစာပေးရမည့်ငွေများကို စစ်ဆေးရေတွက်ကြည့်ရာက ငွေကျပ်သိန်းနှစ်ရာ ကျော်မှာ ပျောက်ဆုံးနေသည်ကို သိရသဖြင့် ရဲစခန်းသို့ တိုင်ကြားအမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

"ငွေအားလုံးရှိတာက သိန်းပေါင်းတစ်ထောင့်ခုနစ်ရာကျော်ရှိတာ။ အဲဒီထဲကမှ သိန်းနှစ်ရာကျော်ပျောက်သွားတာ။ CCTV ကင်မရာတပ်ဆင်ထားတာ တိပ်နဲ့ပတ်ပြီး ကြိုးကပြတ်ထွက်နေတာနဲ့ CCTV ကိုင်တဲ့ အလုပ်သမားတစ်ယောက်ကို ခေါ်စစ်ဆေးရာက ပေါ်ခဲ့တာပါ။ သော့တုလုပ်ထားပြီးတော့ သူ့သူငယ်ချင်းနှစ်ယောက်နဲ့ပေါင်းပြီး ခိုးထုတ်ခဲ့တာလို့ စစ်ဆေးချက်အရ သိရတယ်"ဟု ကျောက်တံတားမြို့မရဲစခန်းက ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယင်းငွေသိန်းနှစ်ရာကျော်ကိုဖောက်ထွင်းခိုးယူသည်ဟုဆိုသော လူငယ်သုံးဦးမှာ ဒလမြို့နယ်တွင်နေထိုင်သူ အသက် ၁၈ နှစ်အရွယ် အောင်ကြည်ငြိမ်း၊ သန့်ဇင်ငြိမ်းနှင့် အောင်ဟံသင်းဖြစ်ပြီး ဒီဇင်ဘာလ ၁၀ ရက်နေ့ကဖမ်းမိကာ ကျောက်တံတားမြို့မ ရဲစခန်းက(ပ)၄၅၉/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့်အမှုဖွင့်ဆောင်ရွက်ထားသည်။

■ J 16

The VOICE Daily CARTOON



# ကေထောင်ချီ စပါးခင်းများတွင် ကြွက်ဖျက်ဆီးမှုမရှိဟု ရောဝတီတိုင်း စိုက်ပျိုးရေးဝန်ကြီးဖြေရှင်း

**ပုသိမ်၊ ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီးရှိ သီးနှံစိုက်ခင်းများတွင် ကြွက်များဝင်ရောက်ဖျက်ဆီးသဖြင့် ကေထောင်ချီ ပျက်စီးဆုံးရှုံးမှုများရှိနေကြောင်း သတင်းထွက်ပေါ်မှုကို ကွင်းဆင်း စစ်ဆေးရာ ကြွက်ဖျက်ဆီးမှုမရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းက ပြောကြားသည်။

"ဝါးပင်တွေ အသီးသီးတဲ့အချိန်လည်း မဟုတ်ဘူး၊ ကြွက်တွေ မျိုးပွားချိန်လည်းမဟုတ်ဘူး၊ စပါးတွေ ရိတ်သိမ်းချိန်ရောက်လို့ လယ်ထဲမှာ ကြွက်တွေပုံမှန်ဝင်ရောက်မှု အတိုင်းအတာလောက်ပဲရှိတာ၊ စိုက်ကေတွေထောင်ချီပြီး ပျက်တယ်ဆိုတာလည်း မဟုတ်ဘူး၊ အဲဒီဒေသမှာ စိုက်ကေ ၅၀၀ ကျော်ပဲရှိတယ်၊ ဒီလိုသတင်းမျိုးထွက်တယ်ဆိုတော့ ရည်ရွယ်ချက် တစ်ခုခုတော့ရှိလိမ့်မယ်"ဟု ဝန်ကြီးက ပြောသည်။

ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ် အနီးရှိ ကျေးရွာများတွင် စိုက်ခင်းများသို့ ကြွက် များ ဝင်ရောက်ဖျက်ဆီးမှုများ ရှိသည်ဟု သတင်းထွက်ပေါ်မှုကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ငရုတ်ကောင်းမြို့မှ ထွေ/အုပ်ဦးစီး၊ မြေစာရင်းဦးစီး၊ စိုက်ပျိုးရေးဦးစီးနှင့် တာဝန်ရှိသူများက ငရုတ်ကောင်းမြို့ ကွင်းဘက်ကျေးရွာအုပ်စုအတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးဝင်းစိုးက ရှင်းပြသည်။

စစ်ဆေးချက်များအရ ကြွက်များဝင်ရောက်သည်ဆိုသော လယ်ကွင်းမှာ တောစပ်ရှိ လယ်ကွင်းများဖြစ်ပြီး စပါးရိတ်ထားသော ကောက်လှိုင်းပုံများကို ကြွက်များဝင်ကိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကြွက်များမှာ မြေကြွက်အမျိုးအစားဖြစ်ပြီး စပါးရိတ်သိမ်းရာသီတွင် ပုံမှန်ဝင်ရောက်တတ်ကြောင်း၊ ကြွက်များသိန်းနှင့်ချီဝင်ရောက်ပြီး လယ်ယာမြေ ထောင်ချီပျက်စီးသည်မှာ မဟုတ်မှန်ကြောင်း၊ ကြွက်ဝင်သည်ဟုဆိုသော ငရုတ်ကောင်းမြို့ကွင်းဘက်ကျေးရွာအုပ်စုတွင် စိုက်ပျိုးမြေဧက ၅၀၀ ကျော်ခန့်သာရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးဝင်းစိုး က ရှင်းပြသည်။

ယခုနှစ် မိုးဦးကျကာလကလည်း ဝါးပင်သီး ချိန်တွင် ဟိုင်းကြီးကျွန်းဒေသသို့ ကြွက်ထောင်ချီဝင်ရောက်ခဲ့ကြောင်း၊ ကြွက်ဝင်ရောက်မှုကို ကာကွယ်နိုင်ရန်အတွက် မြန်မြန်ရိတ်၊ မြန်မြန်ခြွေလှေ့၊ အမိုးအကာအောက်သို့ မြန်မြန်ပို့စနစ်ကို ကျင့်သုံးသင့်ကြောင်း၊ မြေကြွက်များကို ကာကွယ်ရာတွင် ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်တွင်းဝများတွင် မီးခိုးမှိုင်းတိုက်ခြင်း၊ ကြွက်ဆေးချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ သဘာဝဂေဟစနစ်ဖြင့် ကာကွယ်ရန်မှာ လင်ကောင်ပိုးများကို သတ်ဖြတ်ခြင်းမပြုလုပ်ကြရန်လိုကြောင်း၊ လင်ကောင်ပိုးတစ်စုံလျှင် လယ်ကေ ၂၀၀ ခန့်ရှိ ကြွက်များကို ထိန်းချုပ်ဟန့်တားနိုင်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးထံမှ သိရသည်။

■ R-11

The VOICE Daily CARTOON




# အခမဲ့ ကြော်ငြာကဏ္ဍ Classifieds ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅၅ ၇၇၃

| | | | | | |
|---|---|---|---|---|---|
| ရတနာမောင်<br>[illegible]<br>မြောင်းမြလမ်း လမ်း-60 ထောင့်<br>မန္တလေးမြို့<br>09-2032076, 09-2027375 | အောင်ကျော်မိုး<br>(ပန်းရံ နှီးချွန်းကုန် လုပ်ငန်း)<br>[illegible]<br>အကွက်-475၊ မန္တလေးမြို့<br>09-402715427, 09-43140051 | အောင်ပြည့်စုံ<br>(မြန်မာ့ ကြေးသွန်းလုပ်ငန်း)<br>အကွက်-489၊ [illegible]<br>[illegible] မန္တလေးမြို့<br>09-2057098, 09-91004088 | ကိုနိုင်<br>(မြန်မာ့ ပန်းပုလုပ်ငန်း)<br>[illegible]<br>မန္တလေးမြို့<br>09-43137915, 09-402744192 | စုပါကိုး (လ်)<br>[illegible]<br>09-44042912, 09-49252181 | ကျော်<br>[illegible]<br>33-လမ်းနှင့် 34-လမ်းကြား<br>85-လမ်း မန္တလေးမြို့<br>09-2000331 |
| ကိုဝေယံနှင့် ညီများ<br>(ဆိုင်ကယ် ဝါယာရိန်း)<br>25-လမ်းနှင့် 26-လမ်းကြား<br>92-လမ်း [illegible]<br>[illegible] မန္တလေးမြို့<br>09-790263812 | အောင်ရတနာ<br>(ကားအပိုပစ္စည်းဆိုင်)<br>နံ-126, [illegible]<br>[illegible] မန္တလေးမြို့<br>09-402546592 | အောင်ရတနာ<br>(ကားအပိုပစ္စည်းဆိုင်)<br>81-လမ်း 21-လမ်းနှင့် 22-လမ်းကြား<br>မန္တလေးမြို့<br>09-2006256, 02-68714 | ပြည့်ဖြိုးလှိုင်<br>[illegible]<br>85-လမ်း 33×34 ကြား<br>မန္တလေးမြို့<br>09-771701566, 09-91028566 | ရှိုင်း<br>(ကဖေး)<br>[illegible]<br>09-33055613 | ကြယ်စင်မင်း<br>[illegible]<br>26-လမ်းနှင့် 90-လမ်းထောင့်<br>မန္တလေးမြို့<br>09-2020252 |
| ဦးစိုးလှိုင် (ရွှေပြည်စိုး)<br>[illegible]<br>[illegible] 65-လမ်း မန္တလေးမြို့<br>09-91047661 | ရဲကြီး<br>(ဆိုင်ကယ် ရေဆေးဆီလိုက်)<br>37-လမ်း 79×80 ကြား<br>မန္တလေးမြို့<br>09-91044866 | Auto Home<br>(ကားအပိုပစ္စည်းဆိုင်)<br>[illegible]<br>အခန်း-13/14၊ မန္တလေးမြို့<br>09-259460610 | Super Star<br>(ကားအပိုပစ္စည်းဆိုင်)<br>62-လမ်းနှင့် [illegible]<br>မန္တလေးမြို့<br>09-33312611 | ဝီးဝီးကြီး<br>[illegible]<br>55-လမ်း [illegible]<br>မန္တလေးမြို့<br>09-400550721 | နန်းမြို့မင်း<br>[illegible]<br>[illegible]<br>မန္တလေးမြို့<br>09-259049901 |
| မောင်ရိုးနှင့် ညီများ<br>(ဆံသ)<br>[illegible]<br>မန္တလေးမြို့<br>09-402672047 | ရဲညီနောင်<br>(ဆံသ)<br>အမှတ်-ဓဓ-26၊ ရတနာလမ်း<br>55×56 ကြား [illegible]<br>မန္တလေးမြို့<br>09-798699633 | ရွှေဖြိုး<br>[illegible]<br>60×61 ကြား [illegible]<br>မန္တလေးမြို့<br>09-259742224 | နေဝင်းနှင့် ညီများ<br>[illegible]<br>Ph:09-254407040 | ထွန်းထွန်း<br>[illegible]<br>မန္တလေးမြို့ | ရှိုင်းထက်<br>[illegible]<br>ကိုနိုင်လင်း<br>[illegible] |
| ရွှေမြန်မာ<br>[illegible]<br>[illegible] မန္တလေးမြို့<br>09-797153075 | အောင်ကျော်<br>[illegible]<br>အမှတ်-ပပ-17/25၊ 61×62 ကြား<br>[illegible] မန္တလေးမြို့<br>09-2054314 | မိုးဟိန်း<br>[illegible]<br>မန္တလေးမြို့<br>09-456588856, 09-797576940 | ဟာရီ ဦးနီနှင့် သားများ<br>[illegible]<br>မန္တလေးမြို့<br>09-2058328 | SHELL FAMILY SILK & COTTON<br>[illegible]<br>09-2022580, 09-788788887 | ထူး<br>[illegible]<br>မန္တလေးမြို့<br>Ph:09-2077767 |

# ရွှေဘိုမြို့ပေါ်တွင် နေအိမ်အနုကြမ်းစီးခံရ၊ သုံးဦးဒဏ်ရာရ

**ရွှေဘို၊ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ပေါ်၊ ပျဉ်စျေးတောင်ပိုင်း၊ အမှတ် ၂ ရပ်ကွက်ရှိ နေအိမ်တစ်ခုတွင် ဒီဇင်ဘာလ ၁၂ ရက်နေ့နံနက်အစောပိုင်းက အနုကြမ်းစီးမှုဖြစ်ခဲ့ရာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။

အိမ်ရှင်ဖြစ်သူ ဦးသာမွေးနှင့် ဇနီး ဒေါ်တင်မာနွယ်မှာ အိမ်အောက်ထပ်တွင် အိပ်ပျော်နေစဉ် အဘွားနှင့် သမီးနှစ်ဦး၏ အော်သံကြောင့်အိမ်ပေါ်တက်သွားကြောင်း လှေကားအဆင်းတွင် အမည်မသိ အမျိုးသားတစ်ဦးနှင့်တွေ့ဆုံရာ ဒေါ်တင်မာနွယ်၏ လည်ပင်းကိုဓားဖြင့်ထောက်ပြီး 'တက်မလာနှင့်'ဟုဆို၍ ဦးသာမွေးမှာ တရားခံကို လက်သီးဖြင့်ထိုးခဲ့ကြောင်း၊ ယင်းနောက် အိမ်အောက်ထပ်သို့ ရောက်ရှိလာပြီး လုံးထွေးသတ်ပုတ်ရာ ကျူးလွန်သူက ဓားဖြင့် ထိုး၍ ဦးသာမွေး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ဓားဖြင့်ထောက်ကာ ရွှေထည်ပစ္စည်းများနှင့် ငွေတောင်းပြီး သမီးဖြစ်သူ လည်ပင်း၌ ဝတ်ထားသည့် တစ်ကျပ်သားခန့် ဆွဲကြိုးကိုချွတ်ယူသွားကြောင်း၊ သို့ရာတွင် ထိုယူသွားသည်များ အိမ်ရှေ့မြောင်းတွင် ပြုတ်ကျနေခဲ့ကြောင်း၊ ယင်းသို့ဒဏ်ရာများ ရရှိအောင် ပြုလုပ်သွားသည့်အတွက် ၎င်းကိုအမှုကြီး အမှတ်စဉ် ၁၂/၂၀၁၇ (ပ)၇၀၄/၂၀၁၇ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၄၉ ဖြင့် ရွှေဘို မြို့မရဲစခန်းက အမှုဖွင့်ထားကာ ကျူးလွန်သူကို အမြန်ဖမ်းမိစေရေး ဆောင်ရွက်လျက်ရှိကြောင်း ယင်းစခန်းထံမှ သိရသည်။

အဆိုပါဖြစ်စဉ်တွင်တရားလိုဦးသာမွေး အသက် ၄၃နှစ်တွင် လည်ပင်းဝဲဘက်ထိုးသွင်းဒဏ်ရာ၊ ဝဲဘက်လက်ဖျံ ထိုးသွင်းဒဏ်ရာနှင့် ဒေါ်တင်မာနွယ် အသက် ၄၁ နှစ်တွင် ဝဲဘက် လက်ဖျံ၊ ဦးခေါင်းနောက်စေ့ ဝဲဘက်ခြမ်းပြတ်ရှဒဏ်ရာအပြင် မစုပြည့်ချမ်းသာ အသက် ၁၆ နှစ်တွင် ယာဘက် လည်ပင်းပြတ်ရှဒဏ်ရာများရရှိခဲ့၍ ရွှေဘိုပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေရကြောင်း မြို့နယ်တပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"သူတို့သားအဖ သုံးယောက်လုံး ဒဏ်ရာရတယ်။ အခုဆေးရုံတင်ထားတယ်။ အနုကြမ်းစီးတဲ့လူက အိမ်ထဲက ထွက်ပြေးတော့ မြောင်းထဲကို ဆွဲကြိုးကျနေခဲ့တယ်။ အခင်းဖြစ်တဲ့နေရာသုံးတဲ့ဓားလည်း မြောင်းထဲ ညတွင်းချင်း(ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက် ၂ နာရီခန့်) ထိုးဆယ်ရခဲ့တယ်" ဟု ရပ်ကွက် အိမ်နီးချင်းတစ်ဦးက ပြောဆိုသည်။

■ R-09


ဓာတ်ပုံ - ရန်နိုင်

တစ်နှစ်ကျော်ကြာသည်အထိ ဖြတ်သန်းခွင့်ပိတ်ပင်ထားသည့် ကျိုင်းတုံ-မိုင်းလား နယ်စပ်ကုန်သွယ်ရေးလမ်း

# ကျိုင်းတုံ၌ တရားမဝင် ကုန်သွယ်မှုများကို ထိန်းချုပ်စစ်ဆေးမည်

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၁၂**

တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် တရားမဝင် ကုန်သွယ်မှုများ ပြုလုပ်နေသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် တရားဝင်ကုန်သွယ်မှုများ မြင့်တက်လာစေရန် နယ်စပ် ကုန်သွယ်ရေးလမ်းများ၌ ပူးပေါင်းအဖွဲ့ရုံဖြင့် ထိန်းချုပ်စစ်ဆေးမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ပြောကြားသည်။

"မိုင်းလားလမ်းက ပိတ်ထားတဲ့အတွက် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းကနေ တရားမဝင်ကုန်သွယ်မှုတွေ ဖြစ်နေလို့ စစ်ဆေးရေးအဖွဲ့ထားမှာပါ။ ကျန်တဲ့လမ်းတွေမှာလည်း စစ်ဆေးရေးအဖွဲ့တွေ မရှိရင် ထားဖို့ရှိတယ်။ ၁၃ ရက်နေ့မှာ နေရာလာကြည့်ပြီးရင် ပြည်ထောင်စုထံတင်ပြပြီး ဒီလထဲမှာထားဖြစ်မယ်"ဟု၎င်းကဆိုသည်။

ကျိုင်းတုံ- မိုင်လားလမ်းကို လုံခြုံရေးအခြေအနေအရဟုဆိုကာ ပိတ်ထားသောကြောင့် ကျိုင်းတုံ- မိုင်းခတ်လမ်းအတိုင်း တရားမဝင် ကုန်သွယ်မှု လုပ်ဆောင်နေကြောင်း၊ တရားဝင်ဆန်တင်ပို့သူများကို ခွင့်မပြုဘဲ တရားမဝင် တင်ပို့သူများကို ခွင့်ပြုနေသဖြင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာဆုံးရှုံးကြောင်း ကျိုင်းတုံမြို့ဒေသခံ ကုန်သည်ကြီးတစ်ဦးက ပြော သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ရှိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများတွင် တရားမဝင် ကုန်သွယ်မှုများကို စစ်ဆေးရန်အတွက် ပူးပေါင်းအဖွဲ့ဖွဲ့စည်းပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ညွှန်ကြားထား၍ မီဒီယာများနှင့် ကုန်သည်ကြီးများ အပါအဝင် ဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းထားကြောင်း ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

■R-16

# ကြံခင်း၌ လေသေနတ်ကိုင်ဆောင်သူကို အမှုဖွင့်

**ဟသ်ာတ၊ ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်တွင် ဒေသသုံးပစ္စည်းများဖြင့် ထည့်သွင်းတပ်ဆင်ထားသည့် လက်လုပ်လေသေနတ် ကိုင်ဆောင်သူ အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့နှင့် ကျေးရွာတာဝန်ရှိသူများက ဖမ်းဆီးအမှုဖွင့်လိုက်ကြောင်း ကြံခင်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ဇီးပင်ကွင်းအုပ်စု၊ ကရင်ကုန်း ကျေးရွာတွင်နေထိုင်သူ အသက် ၂၃ နှစ်အရွယ် ဇေယျာမင်းသည် တောင်အုတ်ပုံ ကျေးရွာဘက်မှ ဇီးပင်ကွင်း ကျေးရွာသို့ ဆိုင်ကယ်မောင်းနှင်လာစဉ် ရဲတပ်ဖွဲ့ပါဝင်သည့် တာဝန်ရှိသူများက ရပ်တန့်စစ်ဆေးဖမ်းဆီးရာတွင် ၎င်း၏ဆိုင်ကယ်ပေါ်တွင် ပီနံအိတ်ဖြင့် လက်လုပ်လေသေနတ်ကိုသယ်ဆောင်လာသည်ကိုတွေ့ရကြောင်း ယင်းရုံးထံမှ သိရသည်။

အဆိုပါလေသေနတ်သည် ပြောင်းအရှည် ၃၁ လက်မ၊ အပြာရောင်ကော်ပိုက်ကိုယ်ထည်အရှည် ၂၄ လက်မ၊ သံထည်ဒင်အရှည် ၁၃ လက်မတို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားသည့် စက်ဘီးဘောစေ့ ကျည်ဆန်သုံး၊ စတီးလေထိုးပိုက် လေသေနတ်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသို့လက်လုပ်လေသေနတ် ကိုင်ဆောင်သူ ဇေယျာမင်းကို ဘက်ရဲနယ်မြေရဲတပ်ဖွဲ့စခန်းက (ပ)အမှတ် ၁၆၃/၂၀၁၇ လက်နက်ဥပဒေပုဒ်မ ၁၉(စ)ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ယင်းစခန်းထံမှ သိရသည်။

■ R-13

# စစ်ကိုင်းတိုင်းရှိ မြို့များကို မြေသယ်ကားနှင့် လမ်းကြိတ်စက်တစ်စီးစီ ထောက်ပံ့ရန် တင်ဒါခေါ်

**ကလေး၊ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်မြို့နယ်စီလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘက်ဟိုး(မြေတူးစက်)၊ မြေသယ်ကားနှင့် လမ်းကြိတ်စက် တစ်စီးစီ ထောက်ပံ့ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ဘတ်ဂျက်ရရှိပြီဖြစ်သဖြင့် တင်ဒါစတင်ခေါ်ယူနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးဦးက ပြောကြားသည်။

ယင်းသို့ထောက်ပံ့နိုင်ရန် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး နဝမပုံမှန်အစည်းအဝေးတွင် တင်ပြပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ဘတ်ဂျက်ရရှိခဲ့ပြီးဖြစ်ရာ စက်ယန္တရားတင်သွင်းလိုသည့်ကုမ္ပဏီများအတွက် ဒီဇင်ဘာလ ၈ ရက်နေ့မှ စတင်၍ လျှောက်လွှာရောင်းချပေးနေပြီး တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်မှာ ဒီဇင်ဘာလ ၂၆ ရက်နေ့ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်ကို တစ်မြို့လျှင် ဘက်ဟိုးကားတစ်စီး၊ မြေသယ်ကားတစ်စီးနှင့် လမ်းကြိတ်စက် တစ်စီးထောက်ပံ့ပါက ကုန်ကျမည့် ကုန်ကျစရိတ်သည် တစ်မြို့လျှင် ကျောက်ချောလမ်းတစ်မိုင်ခွဲခင်းပေးနိုင်မည့် စရိတ်နှင့် ညီမျှနေကြောင်း စစ်ကိုင်းတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တွက်ချက်မှုအရ သိရသည်။

"အစီးရေကလည်း နည်းနည်းများတဲ့ အခါကျတော့ တင်သွင်းတဲ့နေရာမှာ ဘယ်လိုကြာဦးမလဲ မသိဘူး။ ဒီဘက်ဂျက်နှစ်အတွင်းကတော့ ရရမှာပေါ့"ဟု ဝန်ကြီး ဦးစိုးဦးက ပြောဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်တောင်းခံငွေ (ငွေလုံးငွေရင်း အသုံးစရိတ်)တွင် မြို့နယ်တစ်မြို့နယ်လျှင် ဘက်ဟိုး မြေသယ်ကား၊ လမ်းကြိတ်စက်အတွက် ထောက်ပံ့ငွေ စုစုပေါင်း ၄၆၁၂ ဒသမ ၁၀၀ ကျပ်သန်း ထည့်သွင်း တင်ပြတောင်းခံခဲ့ခြင်းဖြစ်ပြီး ဘတ်ဂျက်ငွေ အပြည့်အဝရရှိထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထံမှ သိရသည်။

■ R-20

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)


ဓာတ်ပုံ – ဆလိုင်းယောခဲ့

# လက်လုပ်မိုင်းပေါက်ကွဲ၍ ကျောင်းဆရာနှင့် အမျိုးသားတစ်ဦး ဒဏ်ရာရ

**ဗန်းမော်၊ ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာ၊ ဗန်းမော်- မန္တလေး သွားကားလမ်းမကြီးဘေးတွင် ဒီဇင်ဘာလ ၁၁ ရက် မွန်းလွဲပိုင်းက လက်လုပ်မိုင်းကွဲခဲ့ရာ ကျောင်းဆရာတစ်ဦးနှင့် အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ မိုင်းကို ကောင်းတုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသားများက တွေ့ရှိသဖြင့် မူလတန်းပြ ကျောင်းဆရာကို ပြသခဲ့ကြောင်း၊ ယင်းနောက် ကျောင်းဆရာမှ တစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များကို သတင်းပို့ပြီး သွားရောက်ကြည့်ရှုရာမှ ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း စင်းခန်းကျေးရွာအုပ်ချုပ်ရေးမှူးက ပြောဆိုသည်။

အဆိုပါ မိုင်းသည်ဝလက်မပတ်လည်ရှိ လေးထောင့်ပုံဖြစ်ပြီး မိုင်းနှင့်ဆက်လျက်ဝါယာကြိုးစကို ရှစ်ပေခန့်မြင့်သောသစ်ပင်ပေါ်တွင် တင်ထားသည့် အဝေးထိန်းမိုင်းဖြစ်ကြောင်း ၊ မိုင်းပေါက်ကွဲမှုကြောင့် မူလတန်းပြဆရာ ဦးယောရှု(၂၉နှစ်)တွင် ဘယ်ဘက်ခြေခုံ ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဦးမီခေး(၃၉နှစ်)၏ ညာဘက်ပေါင် ပေါက်ပြဲဒဏ်ရာတစ်ချက်တို့ရရှိကာ ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ဆေးကုသမှုခံယူခဲ့ရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ R-14

# မွန်လူမှုအဖွဲ့အစည်းများဖိုရမ် ကျင်းပ

**မော်လမြိုင်၊ ဒီဇင်ဘာ ၁၂**

ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် လူမှုအဖွဲ့အစည်းက ငြိမ်းချမ်းရေးဆိုင်ရာ စာတမ်းတင်သွင်းနိုင်ရန် မွန်လူမှုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ရာမည ဟိုတယ်တွင် ဒီဇင်ဘာလ ၁၁ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ပြုလုပ်နေသည်။

"လာမယ့် ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှာ CSO တွေဆီက စာတမ်းတွေရဖို့အတွက် ဒါက အကြိုအနေနဲ့လုပ်တာ ဖြစ်တယ်၊ ဒီဖိုရမ်မှာတော့ အကြောင်းအရာ ၂ ခုကို ဆွေးနွေးသွားဖို့ရှိမှာပါ" ဟု ဖိုရမ်ဖြစ်မြောက်ရေးကော်မတီဝင် စာတမ်းဖြစ်မြောက်ရေးတာဝန်ခံ မင်းအောင်ထူးက ပြောသည်။

ယခုဖိုရမ်တွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် နေရာချထားရေးကိစ္စနှင့် ဖက်ဒရယ်နှင့်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေး၍ စာတမ်းပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး ကိစ္စရပ်တွင် ပါဝင်သည့် ကဏ္ဍများမှာ ရွှေ့ပြောင်းဒုက္ခသည်များ ပြန်လည်နေရာချထားရေး၊ မူးယစ်ဆေးဝါးအတွက် ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်သည့် ကိစ္စရပ်များ ပြန်လည်ထူထောင်ရေး၊ မြေသိမ်းယာသိမ်းကြောင့် ဖြစ်သည့် ကိစ္စရပ်များ ပြန်လည်ထူထောင်ရေး စသည့် ကဏ္ဍများ ပါဝင်ကြောင်း ၎င်းက ရှင်းပြသည်။

မွန်ပြည်နယ် CSO ဖိုရမ်မှ ရရှိလာသည့် စာတမ်းကို လာမည့် ဇန်နဝါရီလတွင် ပြုလုပ်မည့် တစ်နိုင်ငံလုံးအတိုင်းအတာ CSO ဖိုရမ်တွင် မွန်ပြည်နယ် CSO အနေနှင့် စာတမ်း တင်သွင်းမည်ဖြစ်ကြောင်း၊ အခြားတိုင်းနှင့် ပြည်နယ်မှ တက်လာမည့် စာတမ်းများနှင့် အတူ ပူးပေါင်း၍ ဒုတိယအကြိမ် နိုင်ငံရေးဆွေးနွေးပွဲတွင် CSO အခန်းကဏ္ဍမှ တင်သွင်းသည့် စာတမ်းအဖြစ် ပြုစု၍ တင်ပြသွားမည်ဖြစ်ကြောင်း ဖိုရမ်ဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

အဆိုပါ ဖိုရမ်သို့ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ငြိမ်းချမ်းရေးနှင့် သက်ဆိုင်၍ အကောင်အထည်ဖော်နေသည့် CSO အဖွဲ့ပေါင်း ၁၂၀ ကျော်၊ မသန်စွမ်း ကိုယ်စားလှယ်၊ မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားများ တက်ရောက် ဆွေးနွေးလျက်ရှိသည်။

■ R- 12

သတင်း ကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ကလေးတွင် စည်းကမ်းမဲ့ယာဉ်များကို အရေးယူမှုပုံစံပြောင်း

**ကလေး၊ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့်ယာဉ်များကိုအရေးယူသည့် ပုံစံကို ပြောင်းလဲကာ အရေးယူမှုစတင်လုပ်ဆောင်နေကြောင်း ကလေးမြို့ အမှတ် (၁၀၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တပ်ဖွဲ့စုမှူး) ဒုရဲမှူး မောင်မောင်မြင့်က ပြောကြားသည်။

ကလေးမြို့တွင် ယခင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့်ယာဉ်များကို ယာဉ်ထိန်းရဲဌာနမှ မြို့နယ်တရားရုံးသို့တန်းပို့ပြီး ချက်ချင်း ဒဏ်ငွေဆောင်ခိုင်းသည့် ပုံစံဖြင့် အရေးယူခဲ့သည်။

လက်ရှိတွင် ယင်းစနစ်အစား ယာဉ်ထိန်းရဲတပ်ဖွဲ့က ဖမ်းမိသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသည့်ယာဉ်များကို ရဲစခန်းတွင် အမှုဖွင့်၍ ရဲစခန်းက မြို့နယ်တရားရုံးတွင် တရားစွဲဆိုသည့် စနစ်ကို ဒီဇင်ဘာလ ၁၁ ရက်နေ့မှ စတင်ကျင့်သုံးနေခြင်းဖြစ်ကြောင်း ဒုရဲမှူး မောင်မောင်မြင့်က ရှင်းပြပြောဆိုသည်။

"အရင်တုန်းက ပြည်သူလည်း အဆင်ပြေအောင် မြန်မြန်ဆန်ဆန်ပြီးအောင်ဆိုပြီး ယာဉ်ထိန်းရဲမိရင် တရားရုံးမှာ တန်းပြီး ဒဏ်ငွေဆောင်ခိုင်းတာ။ အခုကျတော့ ဒီလိုမဟုတ်ဘူး၊ ရဲအရေးပိုင်တဲ့အမှုဖြစ်တဲ့အတွက် ရဲစခန်းမှာ အမှုဖွင့်ပါဆိုပြီး ဖွင့်ခိုင်းတာ။ ကျွန်တော်တို့ အမှုဖွင့်တယ်။ ဖွင့်ပြီးတော့ သူတို့ကို သက်သေခံပစ္စည်းရော၊ တိုင်စာရော ရဲစခန်းအပ်ရတယ်။ ရဲစခန်းကဆက်ပြီးတော့ လုပ်တာ" ဟု ၎င်းက ဆိုသည်။

ဒီဇင်ဘာလ ၁၁ ရက်နေ့မှ စတင်ပြောင်းလဲ ကျင့်သုံးနေသည့် စနစ်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို ဖမ်းဆီးခဲ့ရာ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ငါးမှု ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ခြောက်မှုဖမ်းဆီးမိခဲ့ကြောင်း အမှတ် (၁၀၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု မှူးရုံးမှ သိရသည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဥပဒေအရ ဆိုင်ကယ်ဦးထုပ်မဆောင်ခြင်း၊ ယာဉ်မောင်းလိုင်စင်လက်ဝယ်မရှိဘဲ မောင်းနှင်ခြင်း၊ နောက်ကြည့်မှန် မတပ်ခြင်း၊ အိတ်ဇောစက်သံ ဆူညံခြင်းတွေ့ရှိက ဒဏ်ငွေကျပ်သုံးသောင်းအဖြစ် ပြစ်ဒဏ်သတ်မှတ်ထားကြောင်း မော်တော်ယာဉ် ဥပဒေအရ သိရသည်။

"ဒီစနစ်က နယ်ကနေ မြို့ကိုလာတဲ့သူတွေဆိုရင် ရဲစခန်းမှာပဲ တရားရုံးမှာ ဒဏ်ငွေမဆောင်ရမချင်း အချုပ်ခံရမှာ။ ဒီဥပဒေကပြည်သူတွေအပေါ် မတရားချမှတ်ထားတဲ့ဥပဒေလို့မြင်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်ကနေ ဒီဥပဒေကို အမြန်ဆုံး ပြင်ဆင်ပေးစေချင်တယ်" ဟု ကလေးမြို့နေ ဦးအောင်သူဝင်းက ပြောဆိုသည်။

■ R-20

# ကလေးဝ- တမူးလမ်းတွင် တံတားအစင်း ၆ဝ ကျော် အိန္ဒိယ တည်ဆောက်မည်

**ကလေး၊ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နှင့် တမူးခရိုင်၊ တမူးမြို့ ဆက်သွယ်ထားသည့် ကလေးဝ- ကျီကုန်း- တမူးလမ်းပေါ်ရှိ တံတား ၆၉ စင်းကို အိန္ဒိယနိုင်ငံက ယခုလမှ စတင်၍ သုံးနှစ်အတွင်း အပြီး တည်ဆောက်မည်ဖြစ်ရာ လမ်းနယ်နှင့် မလွတ်ကင်းသည့် ဓာတ်တိုင်များ၊ ဖုန်းတိုင်များ၊ အဆောက်အအုံများနှင့် သစ်ပင်များကို ဖယ်ရှားရှင်းလင်းမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးထံမှ သိရသည်။

"ခရိုင်အုပ်ချုပ်ရေးမှူးကို တင်ပြပြီးတော့ တံတားအဝင်အထွက်တွေမှာ မလွတ်တာတွေကို ဖယ်ရှားပေးရမှာ။ ဒီနှစ်ထဲမှာပဲ စီမံကိန်းဧရိယာနဲ့ လွတ်အောင် ရှင်းပေးရမှာပေါ့။ လမ်းနယ်မှာ မလွတ်တဲ့ဟာတွေကိုလည်း တစ်ခါတည်း ရှင်းသွားမှာပေါ့။ နောက်ပိုင်းဆိုရင် လမ်းကလည်းအဆင့်မြှင့်တင်ဖို့ရှိတာကိုး" ဟု ကလေးခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ဝေလင်းက ပြောဆိုသည်။

တံတားနယ်နှင့် မလွတ်သည့် အရာများကို ဖယ်ရှားသည်နှင့် တစ်ပြိုင်နက် လမ်းနယ်နှင့် မလွတ်သည့် အရာများကိုလည်း ဖယ်ရှားမည်ဖြစ်ကာ လမ်းနယ်နိမိတ် ပေ ၂၃၀ အတွင်း ကျရောက်နေသည့် သစ်ပင်၊ အဆောက်အအုံ၊ ဖုန်းတိုင်၊ ဓာတ်တိုင်နှင့် ခြံစည်းရိုးများကို ဖယ်ရှားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်း လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးထံမှ သိရသည်။

တံတားနယ်နိမိတ် ၂၃၀ ပေ လမ်းနယ်နိမိတ် ၂၃၀ ပေ အဖြစ် သတ်မှတ်ထားသည့် ကလေးဝ- ကျီကုန်း- တမူး မိုင် ၁၀၀ နီးပါးရှည်သည့် လမ်းသည် လက်ရှိအချိန်တွင် ကတ္တရာခင်းထားသည့်လမ်းမှာ ၁၈ ပေ ရှိခြင်းကြောင့် လူနေအဆောက်အအုံများ၊ သစ်ပင်များ၊ ဓာတ်တိုင်များ၊ တယ်လီဖုန်းတိုင်များသည် လမ်းနယ်နိမိတ်အတွင်း ကျရောက် တည်ဆောက်ထားမှုများရှိလာသည့်အတွက် ဖယ်ရှားရှင်းလင်းရန် လမ်းဦးစီးဌာနက စီစဉ်နေပြီး ဖယ်ရှားရန်အတွက် ကွင်းဆင်းတိုင်းတာမှုလုပ်ငန်းကို ဒီဇင်ဘာလ ဒုတိယပတ်အတွင်း စတင်ဆောင်ရွက်နေကြောင်း ကလေးခရိုင် လမ်းဦးစီးဌာနထံမှ သိရသည်။

■ R-20

# ကနီမြို့ အထက်တန်းကျောင်းတွင် ရိုက်ပွဲဖြစ်၊ ကျောင်းသားခြောက်ဦး ဒဏ်ရာရ

**ကနီ၊ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းသားများကို ဒီဇင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်က ပြင်ပအဆောင်နေ ကျောင်းသားများက အုပ်စုဖြင့် ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း ကနီမြို့မရဲစခန်းထံမှ သိရသည်။

ယင်းနေ့က ကျောင်းဆင်း၍ ကျောင်းသားများ အိမ်ပြန်ရန် ပြင်နေကြစဉ် ကနီမြို့ရှိ အလင်းရောင်စာသင်ဝိုင်းတွင် တက်ရောက်နေသည့်အထက်တန်းကျောင်းသားများနှင့် ဂိုက်ဆရာများက ကျောင်းဝင်းအတွင်းဝင်ရောက်ကာ သံပိုက်တုတ်များကိုင်ဆောင်ကာ ကျောင်းသား၊ ကျောင်းသူများကို ရိုက်နှက်ခဲ့ကြခြင်းဖြစ်ကြောင်း ကနီမြို့မရဲစခန်းမှ ဒုရဲအုပ် နေလင်းဦးက ပြောကြားသည်။

အခင်းမဖြစ်ပွားမီ နှစ်ပတ်ခန့်က ဖြစ်ပွားခဲ့သည့် ကျောင်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုကို ကျောင်းအုပ်ဆရာကြီးက ရုံးခန်းသို့ မိဘများကိုပါ ခေါ်ယူ သတိပေးဆုံးမခဲ့သည်ကို မကျေမနပ်ဖြစ်ကာ အုပ်စုဖွဲ့ရိုက်နှက်မှုကြောင့် ကိုးတန်းကျောင်းသား လေးဦးနှင့် ၁၀ တန်းကျောင်းသားနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

"ဘော်ဒါဆောင်က ဂိုက်ဆရာနှစ်ယောက်ဦးဆောင်ပြီး အထက်တန်းကျောင်းကိုလာရန်လုပ်တာကနေ စဖြစ်ကြတာ။ ကျောင်းအုပ်ကြီးက ရိုက်တဲ့ဘော်ဒါဆောင်က ဂိုက်ဆရာနှစ်ယောက်နဲ့ ကျောင်းသား ၂၀ ကျော်ကို ပုဒ်မသုံးခုနဲ့ တရားစွဲထားတယ်။ အာမခံပေးလို့ရတဲ့ပုဒ်မတွေမို့အာမခံနဲ့ လွှတ်လိုက်တယ်။ ဂိုက်ဆရာနှစ်ဦးကိုတော့ စခန်းမှာခဏ ခေါ်ထားရတယ်။ မြို့ခံတွေနဲ့ပြဿနာဆက်ဖြစ်နေမှာစိုးလို့ သူတို့လုံခြုံရေးအတွက်ပါ"ဟု ကနီမြို့မရဲစခန်းမှ စာရေးကြီး ဦးဇော်ဝင်းက ဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အလင်းရောင် စာသင်ဝိုင်းမှ ကြီးကြပ်ဆရာ ဦးရဲမင်းဇော် ၂၆ နှစ်၊ အလင်းရောင် စာသင်ဝိုင်းမှ ကြီးကြပ်ဆရာ ဦးကျော်ဇင်ဦး ၂၃ နှစ် အပါအဝင် ၁၀ တန်းကျောင်းသားနှင့် ကိုးတန်းကျောင်းသား ၂၃ ဦးကို ကနီမြို့မရဲစခန်းတွင် (ပ) ၂၆၂/၁၇၊ နာကျင်စေမှု၊ တာဝန်ဝတ္တရားနှောင့်ယှက်မှု၊ ပူးပေါင်းကြံစည်မှု ရာဇသတ်ကြီးပုဒ်မ ၃၂၅/ ၃၅၃/၁၁၄ ဖြင့် အမှုဖွင့်ထားကြောင်း ကနီမြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါအလင်းရောင် ဘော်ဒါဆောင်မှာ ကိုယ်ပိုင်ကျောင်းအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသည့် တရားမဝင်ဘော်ဒါဆောင်ဖြစ်ပြီး ခိုက်ရန်ဖြစ်ပွားမှုကြောင့် ကျောင်းသားခြောက်ဦးထိခိုက်ဒဏ်ရာများရရှိသဖြင့် အတွင်းလူနာအဖြစ် ဆေးရုံတက်ကုသခံရသူတစ်ဦးရှိကြောင်း ကနီမြို့နယ်၊ အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြောကြားသည်။

ယင်းအခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် ကနီအမှတ်(၁) အထက်တန်းကျောင်း ကျောင်းအုပ်ကြီးထံ မေးမြန်းစုံစမ်းရန် သွားရောက်ခဲ့သော်လည်း ကျောင်းအုပ်ဆရာကြီး မအားမလပ်သည့်အတွက် တွေ့ဆုံနိုင်ခြင်းမရှိခဲ့ပေ။

"ကျောင်းသားတွေကို ဘော်ဒါကဝိုင်းသင်သူဆရာက သွေးထိုးပေးတယ်။ ကျောင်းထဲကိုသံတုတ်တွေနဲ့ ဝင်ရိုက်တယ်။ တားတဲ့ဆရာ၊ ဆရာမတွေကို ရန်ပြုတယ်လို့ကြားရပါတယ်။ ဒီလိုမဖြစ်သင့်ပါဘူး။ စာသင်နေတဲ့ဝိုင်းဆရာက ဖျန်ဖြေပေးရမှာ။ ဆရာတွေရဲ့အရည်အသွေးပြည့်မီဖို့ လိုတာပေါ့"ဟု ကနီမြို့အမှတ်(၂) မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောဆိုသည်။ ■ R-08/ R-20



ဓာတ်ပုံ – ရန်ကောင်း

# ဖားကန့် ကျောက်စိမ်းလုပ်ကွက်များကို ပြည်နယ်အစိုးရအဖွဲ့ စစ်ဆေးမည်

**မြစ်ကြီးနား၊ ဒီဇင်ဘာ ၁၂**

ဖားကန့်ဒေသရှိ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးသုံးဦးသည် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၄ ရက်အထိ သုံးရက်ကြာ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ကချင်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်၊ လီဆူတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးအားတီယောဟန်နှင့် ဗမာတိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး ဦးဒိတ် (ခ) ခင်မောင်မြင့်တို့သည် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများ၏ လုပ်ဆောင်မှုများကိုစစ်ဆေးလေ့လာခြင်းဖြစ်ကြောင်း လီဆူတိုင်းရင်းသား လူမျိုးများဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇင်ယော်က ပြောကြားသည်။

"ဒီမှာ ရေကျော်တံတားတွေကို သက်တမ်းကုန်ပြီးရပ်ထားတဲ့ ကုမ္ပဏီတွေရဲ့ လုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး လူထုက တိုင်တန်းတာတွေကို စစ်ဆေးတာရှိတယ်။ နောက်ပြီး သဘာဝပတ်ဝန်းကျင်ကို လေ့လာတာရှိတယ်"ဟု ၎င်းက ဆိုသည်။

အဆိုပါခရီးစဉ်တွင် ဖားကန့်မြို့နယ်ရှိ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီများ၊ ကျောက်မျက်တူးဖော်ရေးအသင်းများနှင့် လူထုတွေ့ဆုံပွဲများကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုခရီးစဉ်မှ မြေပြင်အနေအထားနှင့် ဒေသခံများ၏ တင်ပြချက်များကို မှတ်သား၍ ပြန်လည်ဖြေကြားနိုင်သည့် အချက်များကို ရှင်းလင်းပြီး ဖြေကြား ရန်မရသေးသည့်အချက်များကို ပြည်ထောင်စုအစိုးရထံသို့ တင်ပြမည်ဖြစ်ကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါ ပြည်နယ်ဝန်ကြီးများ၏ ခရီးစဉ်နှင့်ပတ်သက်၍ ဝန်ကြီးများအနေနှင့် လက်ရှိ ဖားကန့်ဒေသ၌ ဖြစ်ပွားနေသည့် ကုမ္ပဏီလုံခြုံရေးဝန်ထမ်းများနှင့် ရေမဆေးသမားများအကြား ပြဿနာများကို ဖြေရှင်းပေးရန်နှင့် အောက်ခြေရေမဆေးသမားများနှင့် အဓိကတွေ့ဆုံရန် လိုလားနေကြောင်း ယင်းဒေသခံများက ပြောဆိုသည်။

ဖားကန့်ဒေသအတွင်း ကျောက်မျက်တူးဖော်ရေးလုပ်ငန်းရှင်များ အနေနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် နည်းဥပဒေ(၈)ကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ကုမ္ပဏီများကို ယခုနှစ်မှစ၍ စိစစ်အရေးယူမည်ဖြစ်ကြောင်း ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က ပြောကြားထားသည်။ ■ R-06

# ပုသိမ်-ရန်ကုန် ကားလမ်းဘေးရှိ သစ်ပင်ကို ကားဝင်တိုက်၊ တစ်ဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

**ပုသိမ်၊ ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွာသစ်ကုန်း ကျေးရွာအနီးရှိ ပုသိမ်-ရန်ကုန်ကားလမ်း မိုင်တိုင် အမှတ် ၂၆/၁ နှင့် ၂၆/၂ အကြားတွင် ဒီဇင်ဘာလ ၁၁ ရက် နံနက်ပိုင်းက လမ်းဘေးရှိသစ်ပင်ကို လိုက်ထရပ်ယာဉ် ဝင်တိုက်ရာ တစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကျောင်းကုန်းမြို့မ ရဲစခန်းထံမှသိရသည်။

ယာဉ်မောင်း အပါအဝင် လူ၁၄ဦးက ဟင်္သာတမြို့နယ်မှ ချောင်းသာကမ်းခြေသို့ မော်တော်ယာဉ်ဖြင့် လာရောက်စဉ် ဘယ်ဘက်ရှေ့ဘီးပေါက်ကာ မလေးရှားပိတောက်ပင်ကို ဝင်တိုက်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ကိုကျော်စိုးမင်း(၃၂နှစ်)မှာ ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ပြီး အသက် ၇နှစ်မှ ၅၁နှစ်အရွယ်ရှိသူ ၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဒဏ်ရာရသူများအနက် ယာဉ်မောင်းကိုထွန်းလင်းအောင်(၂၄နှစ်)၊မသက်ဝေလွင်(၁၇နှစ်)တို့မှာ ဒဏ်ရာပြင်းထန်သဖြင့် ဟင်္သာတဆေးရုံတွင် တက်ရောက် ကုသနေသော်လည်း အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း ကျောင်းကုန်းမြို့နယ် လူမှုကူညီရေး အဖွဲ့ထံမှ ဦးအေးလွင် ကပြောသည်။

ယာဉ်တိုက်မှုကြောင့် ဟင်္သာတမြို့နယ်တွင်နေသူ ယာဉ်မောင်းကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄ က ၊ ၃၃၇ဖြင့်အမှုဖွင့်ကာ အရေးယူထားကြောင်း ကျောင်းကုန်းမြို့မရဲစခန်းထံမှ သိရသည်။ ■ R-12

# နွားအကောင် ၂၀ တရားမဝင် သယ်ဆောင်လာသည့် ကုန်တင်ယာဉ်ဖမ်းမိ

**တောင်ငူ၊ ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်း ဖြူးမြို့နယ် ရေလျှံကျေးရွာအနီးရှိ အမြန်လမ်းပေါ်သို့သွားသည့် လမ်းမပေါ်တွင် ဒီဇင်ဘာလ ၁၂ရက် နံနက်အစောပိုင်းက တရားမဝင် နွားကောင်ရေ ၂၀ တင်ဆောင်လာသော ကုန်တင်ယာဉ်ကို ဖမ်းမိကြောင်း ဖြူးမြို့မရဲစခန်းထံမှ သိရသည်။

"ဖြူးဘက်က ကျေးရွာတစ်ရွာကို ပို့ဆောင်ဖို့သယ်ယူလာတာလို့သိရတယ်"ဟု တောင်ငူခရိုင် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ လမ်းပေါ်တွင် တောင်ငူခရိုင် ရဲတပ်ဖွဲ့ဝင်များက မိတ္ထီလာမြို့နေ ကိုလှမျိုးထက်(ခ) ညီညီ မောင်းလာသော ကုန်တင်ယာဉ်ကို စောင့်ဆိုင်းရှာဖွေရာမှ ကျပ်သိန်း ၁၀၀ ကျော်ဖိုးရှိ နွားထီး ၁၉ ကောင်၊ နွားမ တစ်ကောင်တို့ကို ဖမ်းမိသဖြင့် အရေးကြီးကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုပုဒ်မ ၅ ဖြင့် အမှုဖွင့်ထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■ R-15

# မန်ယူ၊ စပါးနဲ့ လီဗာပူးတို့ကို ယုံကြည်စွာ လက်တွဲလိုက်ကြရအောင်လား

## ယနေ့ည ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



### အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁၇)

#### နယူးကာဆယ် - အဲဗာတန်

နောက်ဆုံးရှစ်ကြိမ်တွေ့ဆုံမှုမှာ နယူးကာဆယ်က အဲဗာတန်ကို အနိုင်ရခဲ့တာဆိုလို့ တစ်ကြိမ်တည်းသာ ရှိခဲ့ဖူးပါတယ်။ လက်ရှိအချိန်မှာလည်း နယူးကာဆယ်က အကျ၊ အဲဗာတန်က အတက်ဖြစ်လို့နေတာပါ။ သရေကျခဲ့မယ်ဆိုရင် အဲဗာတန်နဲ့ လက်တွဲထားသူတွေအတွက် အကျိုးဖြစ်ထွန်းနိုင်မယ့် အခြေအနေတွေ ရှိလို့နေပါတယ်။ အဲဗာတန်ကို ရွေးပါ။

#### ဆောက်သမ်တန် - လက်စတာ

နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်သုံးပွဲဆက်တိုက် လက်စတာက အောင်ပွဲဆင်နိုင်ခဲ့ပါတယ်။ ဆောက်သမ်တန်ကလည်း နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပွဲစဉ်လေးပွဲမှာ မန်စီးတီးတစ်သင်းတည်းကိုသာ အရေးနိမ့်ပြီး သုံးပွဲရလဒ်ကောင်းရထားတာမို့ လျှော့မတွက်သင့်ပါဘူး။ ဆောက်သမ်တန်ရဲ့ အိမ်ကွင်းဆီကို လာရောက်ကစားခဲ့ရတဲ့ပွဲစဉ်တိုင်းမှာ လက်စတာက ရှုံးကန်ခဲ့ရတာချည်းပါပဲ။ ဆောက်သမ်တန်နဲ့ စွန့်စားသင့်တယ်။

#### ဆွမ်ဆီး - မန်စီးတီး

လက်ရှိအချိန်မှာ မန်စီးတီးကို တားဆီးဟန့်တားနိုင်ဖို့ဆိုတာဟာ တော်ရုံအသင်းအတွက် မလွယ်လောက်တော့ပါဘူး။ တစ်ပွဲကို တစ်ဂိုးရဖို့အတွက် အသည်းအသန် ရုန်းကန်နေရတဲ့ ဆွမ်ဆီးဟာ မန်စီးတီးကို ဖိအားပေးနိုင်ဖို့ ခက်လှပါတယ်။ မန်စီးတီးတိုက်စစ်နဲ့ ဆွမ်ဆီးခံစစ် အားပြိုင်မယ့်ပွဲစဉ်ပါပဲ။ မန်စီးတီးရဲ့အနိုင်ရလဒ်ဟာ နှစ်ဂိုးပြတ်ပါလိမ့်မယ်။ မန်စီးတီးနဲ့ လက်တွဲလိုက်ကြရအောင်လား။

#### လီဗာပူး - ဝက်စ်ဘရွန်း

မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်မှာ အဲဗာတန်နဲ့ တစ်ဂိုးစီသရေကျခဲ့ရတာကို ပြန်လည်ချေဖျက်ပြဖို့အတွက် လီဗာပူး ကြိုးပမ်းလာပါလိမ့်မယ်။ အသင်းရလဒ်တွေ ယိမ်းယိုင်နေလို့ အလန်ပါဂျူးကို နည်းပြသစ်ခန့်လိုက်ပေမယ့် ဝက်စ်ဘရွန်းရဲ့စွမ်းဆောင်ရည်က အားရစရာကောင်းလောက်အောင် မြင့်တက်လာခြင်း မရှိသေးပါဘူး။ တိုက်စစ်လုပ်အားနှုန်းကောင်းမွန်တဲ့ လီဗာပူးကိုပဲ ယုံကြည်လိုက်ကြရအောင်လား။

#### စပါး - ဘရိုက်တန်

စတုတ်စီးတီးကို ငါးဂိုး တစ်ဂိုးနဲ့အနိုင်ယူပြီး စပါးက အသံတစ်ခု ပေးလိုက်နိုင်ပါပြီ။ တန်းတက်ကလပ် ဘရိုက်တန်ကတော့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်ငါးပွဲ ဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းနဲ့ အတူ ခြေအတက်အကျလည်း မမှန်တော့ပါဘူး။ စပါးဟာ ချန်ပီယံလိဂ်ပြိုင်ပွဲ ပါဝင်ကစားခွင့် တစ်နေရာစာကို ရယူနိုင်ဖို့ မျှော်ရည်ပြီး အမှတ်ဆက်လက်ရှာဖွေသွားပါလိမ့်မယ်။ စပါးကို အားပေးလိုက်ကြပါ။

#### မန်ယူ - ဘုန်းမောက်

မန်စီးတီးကို ရှုံးနိမ့်ခဲ့ရတဲ့ မန်ယူဟာ လက်ရှိရပ်တည်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်စေဖို့အတွက် ရှေ့လာမယ့်ပွဲစဉ်တွေကို အမှားမခံစတမ်း ဖြတ်သန်းနိုင်ဖို့ လိုအပ်သွားပါပြီ။ ဘုန်းမောက်က အသင်းလိုက်ကစားအား သိပ်မဆိုးလှပေမယ့် မန်ယူကို ယှဉ်နိုင်လောက်တဲ့အထိတော့ သူတို့အဆိပ်က မပြင်းလှပါဘူး။ အိမ်ကွင်းပွဲစဉ် နှစ်ပွဲဆက်တိုက် ရလဒ်ဆိုးတဲ့အဖြစ်မျိုး မကြုံဆုံရလေအောင် မန်ယူ ကြိုးပမ်းသွားပါလိမ့်မယ်။ မန်ယူကို ရွေးပါ။

#### ဝက်စ်ဟမ်း - အာဆင်နယ်

လန်ဒန်မြို့ခံအသင်းနှစ်သင်းရဲ့အားပြိုင်ပွဲဖြစ်လို့ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ဝက်စ်ဟမ်းဟာ ချယ်လ်ဆီးကို အနိုင်ရလိုက်တာကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်ချက် မြင့်တက်နေနိုင်တာကို သတိပြုကြရမှာပါ။ အာဆင်နယ်ရဲ့အဝေးကွင်း စွမ်းဆောင်ရည်က အားရစရာမကောင်းလှပါဘူး။ သရေကျသွားဖို့ ရာခိုင်နှုန်းများပါတယ်။ ဝက်စ်ဟမ်းနဲ့ လက်တွဲလိုက်ကြရအောင်လား။

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၆)

#### ဟော့ဖ်ဖန်ဟိမ်း - စတုဂတ်

နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ် လေးပွဲမှာ ဟော့ဖ်ဖန်ဟိမ်းက တစ်ပွဲသာ အနိုင်ရပြီး သုံးပွဲ နိုင်ပွဲပျောက်ခဲ့ပါတယ်။ တန်းတက်ကလပ် စတုဂတ်ကတော့ လက်ရှိခြေစွမ်းအတိုင်းဆိုရင် သိပ်မကြာခင်မှာပဲ တန်းဆင်းဇုန်တိုက်ပွဲ ဆင်နွှဲသွားရတော့မှာပါ။ စတုဂတ်ဟာ ခံစစ်ပိတ်ပြီး သရေတစ်မှတ် ရယူနိုင်ဖို့ကိုသာ ကြိုးပမ်းသွားပါလိမ့်မယ်။ ဟော့ဖ်ဖန်ဟိမ်းကို ရွေးပါ။

#### လေဗာကူဆင် - ဝါဒါဘရီမင်

လေဗာကူဆင်ဟာ အိမ်ကွင်းပရိသတ်ရှေ့မှောက်မှာ ဝါဒါဘရီမင်ကို အနိုင်မရခဲ့တာ လေးပွဲဆက်တိုက် ရှိသွားခဲ့ပါပြီ။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ အိမ်ကွင်းပွဲစဉ်သုံးပွဲဆက်တိုက် သရေရလဒ်တွေနဲ့ချည်း ကြုံဆုံခဲ့ရတာကို ပြန်လည်ချေဖျက်ပြဖို့အတွက် လေဗာကူဆင် ကြိုးပမ်းပါလိမ့်မယ်။ လေဗာကူဆင် နှစ်ဂိုးပြတ် အနိုင်ရဖို့ကတော့ ခက်မှာပါ။ ဝါဒါဘရီမင်ကို ရွေးမယ်။

#### ဘိုင်ယန်မြူးနစ် - ကိုလုံး

ကိုလုံးဟာ ကစားခဲ့ပြီးတဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ် ၁၅ ပွဲမှာ နိုင်ပွဲရယ်လို့ လုံးဝရှာမတွေ့ခဲ့ပါဘူး။ အဲ့ဒီပွဲစဉ် ၁၅ ပွဲမှာ ကိုလုံးက သုံးပွဲသာ သရေကစားနိုင်ခဲ့ပြီး ၁၂ ပွဲ ရှုံးနိမ့်ခဲ့ပါတယ်။ လက်ရှိဘွန်ဒက်စ်လီဂါပြိုင်ပွဲဝင်အသင်းအားလုံးအနက် ကိုလုံးက ပေးဂိုးအများဆုံးပါ။ ဖြစ်ချင်တော့ ဘိုင်ယန်မြူးနစ်ကလည်း ဘွန်ဒက်စ်လီဂါရဲ့တိုက်စစ် အားအကောင်းဆုံးအသင်း ဖြစ်လို့နေပါတယ်။ ဒါပေမဲ့ ဘိုင်ယန်မြူးနစ်ရဲ့အနိုင်ရလဒ်ကို လေးဂိုးအကွာပြတ်သားဖို့အထိ တောင်းဆိုထားတာကတော့ လက်မခံနိုင်ပါဘူး။ ကိုလုံးနဲ့ စွန့်စားကြည့်ရအောင်။

#### ရှော်ကေး - အော့စ်ဘတ်

အော့စ်ဘတ်ရဲ့အားနည်းချက်က အဝေးကွင်းပွဲစဉ်တွေဆိုရင် ခံစစ်ကြောင်း စွမ်းဆောင်ရည် လျော့ကျသွားတတ်လေ့ရှိတာပါပဲ။ ရှော်ကေးက ဒီနှစ်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲ ပါဝင်ကစားခွင့် တစ်နေရာစာ ရယူနိုင်ဖို့အတွက် အခြေအနေကောင်းတွေကို ဖန်တီးထားနိုင်ပြီပဲဖြစ်ပါတယ်။ အိမ်ကွင်းကစားအားကောင်းတဲ့ ရှော်ကေးကို ယုံကြည်လိုက်ပါ။

■ E-11

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

| | |
|---|---|
| **၁၃-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့)** | |
| **ဗီဇာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ(ဆီမီးဖိုင်နယ်)** | |
| ည ၁၁း၃၀ နာရီ | အယ်လ်ဂျားဇီးရား - ရီးရဲလ်မက်ဒရစ် (ယူအေအီး) (စပိန်) |
| **ကိုပါအီတာလီယာဖလား ၁၆ သင်းအဆင့်ပွဲစဉ်များ** | |
| ည ၁၁း၀၀ နာရီ | ဖီအိုရင်တီးနား - ဆမ်ဒိုးရီးယား |
| **၁၄-၁၂-၂၀၁၇(ကြာသပတေးနေ့)** | |
| **အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁၆)** | |
| နံနက် ၂း၁၅ နာရီ | နယူးကာဆယ် - အဲဗာတန် |
| နံနက် ၂း၁၅ နာရီ | ဆောက်သမ်တန် - လက်စတာ |
| နံနက် ၂း၁၅ နာရီ | ဆွမ်ဆီး - မန်စီးတီး |
| နံနက် ၂း၃၀ နာရီ | လီဗာပူး - ဝက်စ်ဘရွန်း |
| နံနက် ၂း၃၀ နာရီ | စပါး - ဘရိုက်တန် |
| နံနက် ၂း၃၀ နာရီ | မန်ယူ - ဘုန်းမောက် |
| နံနက် ၂း၃၀ နာရီ | ဝက်စ်ဟမ်း - အာဆင်နယ် |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၆)** | |
| နံနက် ၀၀း၀၀ နာရီ | ဟော့ဖ်ဖန်ဟိမ်း - စတုဂတ် |
| နံနက် ၂း၀၀ နာရီ | ဟာသာဘာလင် - ဟန်နိုဗာ |
| နံနက် ၂း၀၀ နာရီ | လေဗာကူဆင် - ဝါဒါဘရီမင် |
| နံနက် ၂း၀၀ နာရီ | ဘိုင်ယန်မြူးနစ် - ကိုလုံး |
| နံနက် ၂း၀၀ နာရီ | ရှော်ကေး - အော့စ်ဘတ် |
| **ကိုပါအီတာလီယာဖလား ၁၆ သင်းအဆင့်ပွဲစဉ်များ** | |
| နံနက် ၂း၁၅ နာရီ | အေစီမီလန် - ဟဲလပ်စ်ဗီရိုနာ |
| **ပြင်သစ်လိဂ်ဖလား ၁၆ သင်းအဆင့်ပွဲစဉ်များ** | |
| နံနက် ၀၀း၁၅ နာရီ | ရန်းနက်စ် - မာဆေး |
| နံနက် ၂း၃၅ နာရီ | စထရာဘော့ဂ် - ပီအက်စ်ဂျီ |
| နံနက် ၂း၃၅ နာရီ | လိုင်လီ - နိုက်စ် |
| နံနက် ၂း၃၅ နာရီ | အေမိန်းစ် - တိုးအားစ် |
| နံနက် ၂း၃၅ နာရီ | မောင့်ပဲလီယာ - လိုင်ယွန် |

## ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မြန်မာ ယူ- ၂၁ အသင်း ဗီယက်နမ် ယူ-၁၉ အသင်းကို သရေကျ

**ရန်ကုန်၊ ဒီဇင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ဗီယက်နမ်သတင်းစာ (Thang Nai) ဖိတ်ခေါ်ဖလားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်တွင် မြန်မာ ယူ-၂၁ အသင်းသည် အိမ်ရှင် ဗီယက်နမ် ယူ-၁၉ အသင်းကို သရေသာ ကစားသွားနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ဒီဇင်ဘာ ၁၂ ရက်နေ့က ဗီယက်နမ်နိုင်ငံရှိ Can Tho Stadium တွင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ ယူ-၂၁ အသင်းသည် ဦးဆောင်ဂိုး ရရှိခဲ့သော်လည်း ယင်းဂိုးကို မထိန်းနိုင်ခဲ့သည့်အတွက် အဆုံးသတ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျသွားခဲ့ရခြင်းဖြစ်သည်။

မျက်နှာသစ်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၁ အသင်းသည် ယခုပွဲတွင် ဗီယက်နမ် ယူ-၁၉ အသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေခဲ့ကာ ဒုတိယပိုင်းအပြန်အစတွင်မူ အဲစိုးက မြန်မာ ယူ-၂၁ အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

ဗီယက်နမ် ယူ-၁၉ အသင်းသည် ဦးဆောင်ဂိုးပေးလိုက်ရပြီးသည့်နောက်တွင် ချေပဂိုးပြန်ရရန် မြန်မာ ယူ-၂၁ အသင်းဘက်ကို ပြန်လည်ဖိအားပေးခဲ့ပြီး ဗီယက်နမ် ယူ-၁၉ အသင်း၏တိုက်စစ်ကို မြန်မာ ယူ-၂၁ အသင်းခံစစ်က တောင့်ခံနိုင်ခြင်း မရှိခဲ့သည့်အတွက် ချေပဂိုးပြန်ပေးလိုက်ရခြင်းဖြစ်သည်။

အဆိုပါဖိတ်ခေါ်ဖလားပြိုင်ပွဲကို ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အိမ်ရှင်ဗီယက်နမ်နိုင်ငံမှ ယူ-၁၉ နှင့် ယူ-၂၁ အသင်း၊ ထိုင်း ယူ-၂၁ အသင်း၊ ဂျပန်ကလပ် ယိုကိုဟားမားလူငယ်အသင်းနှင့် မြန်မာ ယူ-၂၁ အသင်းတို့ ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စု ပထမနှင့် ဒုတိယအသင်းတို့က ဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ကာ အုပ်စု တတိယနှင့် စတုတ္ထအသင်းတို့က တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဦးကြည်လွင်က နည်းပြချုပ်အဖြစ် တာဝန်ယူထားသည့် မြန်မာယူ-၂၁ အသင်းသည် လက်ကျန်ပွဲများအဖြစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ထိုင်း ယူ-၂၁၊ ဒီဇင်ဘာလ ၁၆ ရက်တွင် ဗီယက်နမ် ယူ-၂၁ နှင့် ဒီဇင်ဘာလ ၁၈ ရက်တွင် ယိုကိုဟားမား လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဒီဇင်ဘာလ ၂၂ ရက်၌ ကျင်းပသွားလိမ့်မည်ဖြစ်သည်။

■ J -04

# ခက်ခဲမှုတွေနဲ့ စောင့်ကြိုနေမယ့် မြန်မာဖူဆယ်အသင်းရဲ့ပထမဆုံး အာရှခရီးစဉ်

**စည်သူ**




**အောက်တိုဘာလအတွင်းက ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ၂ နှစ်ဆက်တိုက် အကြိုဗိုလ်လုပွဲတက်ရောက်ကာ တတိယဆုနှင့် အသန့်ရှင်းဆုံးဆုတို့ကို ရယူနိုင်ခဲ့သည်။**

ယင်းအပြင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ၂၀၁၇ ခုနှစ် အာဆီယံပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲ တက်ရောက်ခွင့်ရရှိသည့် အသင်းများကို ၂၀၁၈ ခုနှစ် အာရှချန်ပီယံရှစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားရာ မြန်မာအသင်း၏အောင်ပွဲမှာ ပိုမိုခမ်းနားခဲ့ရသည်။

အကြောင်းမှာ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၁၉၉၉ ခုနှစ်က စတင်ကာ ကျင်းပခဲ့ပြီး ယခု ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့်ပြိုင်ပွဲမှာ ၁၅ ကြိမ်မြောက်ပြိုင်ပွဲဖြစ်သည်။

သို့သော် မြန်မာနိုင်ငံအတွက်မူ ယခုတစ်ကြိမ်သို့ရောက်မှသာ အာရှအဆင့်ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

သို့သော် ပြိုင်ပွဲအတွက် အုပ်စုများကို မဲခွဲခဲ့ရာ ပထမဆုံးပြိုင်ပွဲတွင် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ပြီး မြန်မာအသင်း ရလဒ်ကောင်းရယူနိုင်ရန်မှာ မလွယ်ကူသည့်အခြေအနေသို့ ရောက်ရှိနေခဲ့သည်။

အုပ်စုများကို မဲခွဲခဲ့ရာတွင် အုပ်စု(က)၌ အိမ်ရှင် တရုတ်တိုင်ပေ၊ ဗီယက်နမ်၊ မလေးရှား၊ ဘာရိန်း၊ အုပ်စု(ခ)တွင် ဉဇဘက်ကစ္စတန်၊ ဂျပန်၊ တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံ အီရန်၊ အီရတ်၊ တရုတ်၊ မြန်မာ၊ အုပ်စု(ဃ) တွင် ထိုင်း၊ ကာဂျစ်စတန်၊ လက်ဘနွန်၊ ဂျော်ဒန်အသင်းတို့ ပါဝင်သွားခဲ့ကြသည်။

မြန်မာအသင်းသည် နောက်ဆုံးထုတ်ပြန်ထားသည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ အဆင့် ၇၁ တွင် ရပ်တည်နေပြီး အုပ်စုတွင်းပြိုင်ဘက်များအနက်၌ မြန်မာအသင်း၏အောက်တွင် ရပ်တည်နေသည်မှာ တစ်သင်းတည်းသာရှိသည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် နောက်ဆုံးထုတ်ပြန်ထားချက်အရ အီရန်အသင်းမှာ ကမ္ဘာ့အဆင့် ငါး၊ အီရတ်အသင်းမှာ ကမ္ဘာ့အဆင့် ၅၈ တို့ ရရှိထားပြီး တရုတ်အသင်းကမူ မြန်မာအသင်းအောက် ကမ္ဘာ့အဆင့် ၇၃ တွင် ရပ်တည်နေသည်။

ယင်းကွာဟချက်များအပြင် အာရှချန်ပီယံရှစ်ပြိုင်ပွဲကို ယှဉ်ပြိုင်ထားခဲ့သည့်အစဉ်အလာပိုင်းတွင်လည်း မြန်မာထက် အုပ်စုတွင်းပြိုင်ဘက်သုံးသင်းစလုံးက အပြတ်သာလွန်လျက်ရှိကြသည်။

အီရန်အသင်းသည် ပြိုင်ပွဲ ၁၄ ကြိမ်လုံးယှဉ်ပြိုင်ခွင့်ရခဲ့သောအသင်းဖြစ်ကာ အီရတ်နှင့် တရုတ်တို က ၁၁ ကြိမ်စီ ပြိုင်ပွဲဝင်ခွင့်ရခဲ့ဖူးကြသဖြင့် ယခုမှ စတင်ယှဉ်ပြိုင်မည့် မြန်မာအသင်းထက် ၎င်းတို့က ပြိုင်ပွဲအတွေ့အကြုံပိုင်း ဆိုင်ရာ များစွာသာလွန်သည့်သဘောဖြစ်လျက်ရှိသည်။

အုပ်စုအနေအထားနှင့်ပတ်သက်ပြီး " အုပ်စုအနေအထားကကျပ်တယ်။ လက်ရှိချန်ပီယံလည်းပါနေတော့ အုပ်စုက မလွယ်တဲ့အနေအထားပဲ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက မှတ်ချက်ပြုသည်။

နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၆ ခုနှစ်ပြိုင်ပွဲတွင် အီရန်က ချန်ပီယံဖြစ်ခဲ့ပြီး အီရတ်အသင်းမှာ ကွာတားဖိုင်နယ်တက်ရောက်ခဲ့ကာ တရုတ်အသင်းကမူ အုပ်စုအဆင့်မှပင် ထွက်သွားခဲ့ရသည်။

လက်ရှိအနေအထားအရ လက်ရှိချန်ပီယံအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သလို အီရတ်၊ တရုတ် စသည့်အသင်းများမှာ မိမိတို့ထက် ပိုမိုကောင်းမွန်သည့်အသင်းများဖြစ်သည့်အတွက် အတွေ့အကြုံများစွာရရှိမည်ဖြစ်ကြောင်း၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ထက် ပိုမိုကျပ်တည်းသည့်အနေအထားဖြစ်ကြောင်း မြန်မာ့လက်ရွေးစင် ဖူဆယ်ကစားသမား နိုင်ရဲကျော်က ပြောကြားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို အောက်တိုဘာလပြိုင်ပွဲအပြီးတွင် ခေတ္တအနားပေးခဲ့ကာ ဒီဇင်ဘာလဆန်းပိုင်းကစ၍ကစားသမား ၂၀ ဦးဖြင့် ပြန်လည်လေ့ကျင့်စေခဲ့သည်ဟု မြန်မာ့လက်ရွေးစင်အသင်း နည်းပြအဖွဲ့ကဆိုသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းအနေနှင့် ပြိုင်ပွဲအတွက် ပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း လက်ရှိတွင် တရုတ်အသင်းနှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည့်အတွက် အခြားနိုင်ငံသို့ သွားရောက်ဖွယ်ရှိနေကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နီးစပ်သူများထံက သိရှိရသည်။

မြန်မာအသင်းသည် ပထမဆုံး ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲတွင် အုပ်စုကျပ်အတွင်း ကျရောက်နေသည့်အတွက် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရန် မလွယ်ကူနိုင်ကြောင်း သုံးသပ်မှုများရှိနေသည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်အချိန်ဇယားများကိုမူ ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရှိရသည်။

မြန်မာအသင်းအတွက် လက်ရှိတွင် ပြင်ဆင်ချိန် နှစ်လနီးပါးကျန်ရှိနေသေးကာ နည်းပြချုပ်ကိုလည်း အသင်းကို သမိုင်းဝင်အောင်ပွဲများရယူပေးထားနိုင်သည့် ပြည်တွင်းနည်းပြဖြစ်သူ ဦးဌေးမြင့်ကိုပင် တာဝန်ပေးထားခြင်းကြောင့် ယုံကြည်မှုတစ်ရပ် ထားရှိကြိုးပမ်းပါက မျှော်လင့်ချက်ရှိလာနိုင်ဖွယ်ရှိနေသည်။

ဦးဌေးမြင့်သည် အီရန်နည်းပြ ဆာအိနှင့် လမ်းခွဲခဲ့သည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ယာယီတာဝန်ယူကာ ၂၀၁၆ အာဆီယံပြိုင်ပွဲတွင် ဒုတိယဆုရယူပေးနိုင်ခဲ့ပြီးနောက် အီရန်နိုင်ငံသားနည်းပြဖြစ်သူ ရီဇာလက်သို့လွှဲပြောင်းပေးခဲ့ရကာ ရီဇာလက်ထက်တွင် SEA Games ပြိုင်ပွဲ၌ အောင်မြင်မှုမရခဲ့သည့်အတွက် ဦးဌေးမြင့်မှာ အသင်းနည်းပြ တစ်ကျော့ပြန်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဦးဌေးမြင့်သည် ၂၀၁၇ ခုနှစ် အာဆီယံပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းကို ဦးဆောင်ခွင့်ရခဲ့ရာ၌ အသင်းကို တတိယရရှိစေကာ အာရှပြိုင်ပွဲကို ဝင်ခွင့်ရစေခဲ့ခြင်းဖြစ်သည်။

ယခုယှဉ်ပြိုင်ရမည့် ပြိုင်ပွဲမှာ အာရှအဆင့်ပြိုင်ပွဲဖြစ်သည့်အတွက် မြန်မာအသင်းအနေနှင့် နိုင်ငံ့ဂုဏ်ဆောင်ကာ ရလဒ်ကောင်းတစ်ခု ရရှိနိုင်ရန် ကြိုးစားပြင်ဆင်လျက်ရှိပြီး အကောင်းဆုံးကြိုးစားယှဉ်ပြိုင်မည်ဖြစ်သည်ဟု မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနည်းပြချုပ် ဦးဌေးမြင့်က ပြောကြားထားသည်။

မြန်မာအသင်းအတွက် ပထမဆုံး အာရှအဆင့်ပြိုင်ပွဲဖြစ်သည့်အတွက် ကစားသမားများမှာ အကောင်းဆုံးရလဒ်ရယူပေးနိုင်ရန် စိတ်အားထက်သန်လျက်ရှိနေသော်လည်း ထွက်ပေါ်ခဲ့သည့် အုပ်စုအနေအထားအရ မြန်မာအသင်းအတွက် အခက်ခဲဆုံးအခြေအနေတစ်ရပ်ကို ရောက်ရှိနေသည်။

ယင်းအတွက်ကြောင့် မြန်မာအသင်း၏ပထမဆုံးအာရှခရီးစဉ်မှာ လွယ်ကူဖွယ်မရှိဘဲ စိန်ခေါ်မှုများစွာဖြင့် ကြုံတွေ့ရရန် သေချာနေပြီး အာဆီယံဒေသအတွင်း ခြေစွမ်းပိုင်းများစွာ တိုးတက်လာခဲ့သည့် မြန်မာ့ဖူဆယ်လောကအတွက် အာရှအဆင့်၌ မည့်သည့်အတိုင်းအတာ ခရီးပေါက်မည်မှာ စိတ်ဝင်စားဖွယ်ကောင်းလျက်ရှိသည်။

မြန်မာ့လက်ရွေးစင်ကစားသမား နိုင်ရဲကျော်က "အခုအခြေအနေက ဘယ်လိုပဲဖြစ်ဖြစ် အကောင်းပုံစံနဲ့ အုပ်စုတက်နိုင်ဖို့ ကျွန်တော်တို့ကြိုးစားမှာပါ"ဟု ဆိုရာ မြန်မာအသင်း၏ ပထမဆုံးအာရှချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စုအဆင့်ကို ကျော်ဖြတ်ကာ မှတ်တမ်းသစ်ရေးထိုးနိုင်မလားဆိုသည်မှာ............။

# အိုဇေးလ်ကို စာချုပ်သစ်ချုပ်ရန်အတွက် နောက်ဆုံးတစ်ကြိမ် ကမ်းလှမ်းရန် အာဆင်နယ် စီစဉ်


Getty Images

**လန်ဒန်၊ ဒီဇင်ဘာ ၁၂**

အာဆင်နယ်အသင်းသည်ကွင်းလယ်ကစားသမား အိုဇေးလ်ကို စာချုပ်သစ်လက်မှတ်ရေးထိုးရန်အတွက် လက်ရှိဒီဇင်ဘာလအတွင်း၌ နောက်ဆုံးတစ်ကြိမ်ကမ်းလှမ်းသွားဦးမည်ဖြစ်ကာ ယခုတစ်ကြိမ်ကမ်းလှမ်းမည့် စာချုပ်သစ်တွင် တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်ကို အိုဇေးလ်တောင်းဆိုထားသည်နှင့် အနီးစပ်ဆုံးပေးချေသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်း တာဝန်ရှိသူတစ်ဦးကလည်း ဖွင့်ဟအသိပေးထားပြီဖြစ်သည်ဟု Daily Mail က ဖော်ပြထားသည်။

အာဆင်နယ်အသင်းသည် အစောပိုင်း၌ အိုဇေးလ်ကို တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့် ပေါင် ၂၃၅,၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ယင်းကမ်းလှမ်းမှုကို အိုဇေးလ်က လက်မခံနိုင်ကြောင်း ငြင်းဆန်လိုက်အပြီးတွင် ဒုတိယအကြိမ်မြောက်၌ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်ကို ပေါင်နှစ်သိန်းခွဲအထိ အာဆင်နယ်အသင်းတာဝန်ရှိသူများက တိုးမြှင့်ပေးအပ်ခဲ့ပြန်သည်။

အိုဇေးလ်သည် အသင်းနှင့်စာချုပ်သစ်လက်မှတ်ရေးထိုးရန်အတွက် တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်ကို ပေါင်သုံးသိန်းတောင်းဆိုထားပြီး အကယ်၍ ၎င်းတို့၏နောက်ဆုံးအကြိမ်ကမ်းလှမ်းမှုကို အိုးဇေးလ်ဘက်က လက်မခံခဲ့ပါက ၎င်းကို ရောင်းထုတ်လိုက်ရန် အာဆင်နယ်အသင်း တာဝန်ရှိသူများက စီစဉ်သွားတော့မည်ဖြစ်သည်။

မန်ယူနှင့် ဘာစီလိုနာတို့သည် အိုဇေးလ်ကို ခေါ်ယူရန် စောင့်ကြည့်မှုများရှိနေပြီး အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ကို စာချုပ်သစ် မချုပ်နိုင်ခဲ့သည့်တိုင် ရာသီကုန်ဆုံးချိန်ထိ အသင်းတွင် ဆက်ထိန်းထားလိုသော်လည်း အသင်းအားကစားဒါရိုက်တာ ဆနယ်လီဟီနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များကမူ စာချုပ်သစ်အထမြောက်အကောင်အထည်ပေါ်ခြင်း မရှိခဲ့ပါက ဇန်နဝါရီဈေးကွက်တွင် တန်ကြေးတစ်ရပ်သတ်မှတ်၍ အိုဇေးလ်ကို ရောင်းထုတ်လိုက်ဖွယ်ရှိနေပြီဖြစ်သည်။

အိုဇေးလ်သည်အာဆင်နယ်ဘက်က ယခုတစ်ကြိမ်ကမ်းလှမ်းမည့် စာချုပ်သစ်ကို လက်ခံလိုက်မည်ဆိုပါက ကလပ်အသင်းသမိုင်းကြောင်းတစ်လျှောက်တွင် စံချိန်တင်လုပ်ခလစာရရှိသူဖြစ်လာလိမ့်မည်ဟု ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ■ E-11

# အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအသင်း လက်ရှိချန်ပီယံအီရန်ပါဝင်သည့် အုပ်စုကျပ်အတွင်း ကျရောက်

**ကွာလာလမ်ပူ၊ ဒီဇင်ဘာ ၁၂**

အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် တတိယနေရာကို ရယူနိုင်ခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အီရန်အသင်းပါဝင်သည့် အုပ်စုကျပ်အတွင်း ကျရောက်သွားခဲ့သည်။

အောက်တိုဘာလအတွင်းက ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် တတိယနေရာရရှိကာ အာရှဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကို သမိုင်းတစ်လျှောက် ပထမဆုံးအဖြစ် ကစားခွင့်ရရှိခဲ့သည့် မြန်မာအသင်းသည် ယင်းပြိုင်ပွဲ၏ အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံ အီရန်၊ အီရတ်၊ တရုတ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

၁၄ ကြိမ်မြောက် အာရှဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို တရုတ်တိုင်ပေနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားပြီး ပြိုင်ပွဲကာလမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၈ ရက်နေ့အထိ ကြာမြင့်မည်ဖြစ်သည်။

မြန်မာအသင်းသည် လက်ရှိအုပ်စုအနေအထားအရ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရန် ရုန်းကန်ရဖွယ်ရှိနေပြီး ပွဲစဉ်အချိန်ဇယားများကိုမူ ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရှိရသည်။

ကျန်အုပ်စုများတွင် အုပ်စု(က)၌ အိမ်ရှင် တရုတ်တိုင်ပေ၊ ဗီယက်နမ်၊ မလေးရှား၊ ဘာရိန်း၊ အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဂျပန်၊ တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ အုပ်စု(ဃ)တွင် ထိုင်း၊ ကာဂျစ်စတန်၊ လက်ဘနွန်၊ ဂျော်ဒန်အသင်းတို့ ကျရောက်သွားခဲ့သည်။

အာရှအဆင့်ပြိုင်ပွဲဖြစ်သည့် အဆိုပါ အာရှချန်ပီယံရှစ်ဖူဆယ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မည့် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ကစားသမား ၂၀ ဦးခန့်ဖြင့် လေ့ကျင့်မှုများ စတင်နိုင်ရန် ပြင်ဆင်လျက်ရှိသည်ဟု ယင်းအသင်းနှင့် နီးစပ်သူများထံက သိရှိရသည်။ ■ J-04

# ဘီဘီစီက ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး အာဖရိက ကစားသမားဆုကို ဆာလားဟ် ရရှိ




Getty Images

**လန်ဒန်၊ ဒီဇင်ဘာ ၁၂**

လီဗာပူးတိုက်စစ်တောင်ပံကစားသမား ဆာလားဟ်သည် ဘီဘီစီသတင်းဌာနက ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး အာဖရိက ကစားသမားဆုကို ဆွတ်ခူးရရှိသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ဆာလားဟ်သည် ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီယန်၊ လီဗာပူးအသင်းဖော် မာနေး၊ လိုက်ပ်ဇစ်ဂ်ျကွင်းလယ်လူ နာဘီကီတာနှင့် ချယ်လ်ဆီးကွင်းလယ်လူ မိုဆက်စ်တို့ကို ကျော်ဖြတ်၍ ယခုဆုကို ဆွတ်ခူးရရှိသွားခဲ့ခြင်းဖြစ်ကာ ၎င်း၏ ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ယခုဆုကို ပထမဆုံးအကြိမ်အဖြစ် ဆာလားဟ်က ရရှိသွားခဲ့ခြင်းလည်းဖြစ်သည်။

ဆာလားဟ်သည် လက်ရှိအချိန်တွင် လီဗာပူးအသင်း၏အရေးအပါဆုံးသော ကစားသမားတစ်ဦးအဖြစ် နေရာရရှိနေပြီဖြစ်ပြီး လက်ရှိဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ လီဗာပူးအတွက် ၎င်းသွင်းယူပေးထားသည့် သွင်းဂိုးအရေအတွက်မှာ ၁၉ ဂိုး ရှိထားပြီဖြစ်သည်။

ဆာလားဟ်သည် ယမန်နှစ်ဘောလုံးရာသီ၌ ရိုးမားအသင်းနှင့်အတူ အီတလီစီးရီးအေပြိုင်ပွဲတွင် ထိပ်တန်းအဆင့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း၊ အီဂျစ်လက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်စေရန် ဦးဆောင်မှုပေးနိုင်ခဲ့ခြင်း စသည့်အချက်များအပေါ်တွင် မူတည်၍ ဘီဘီစီ တစ်နှစ်တာအကောင်းဆုံး အာဖရိက ကစားသမားဆုကို ရရှိသွားခဲ့ခြင်းဖြစ်ပြီး ရှေ့လာမည့် ၂၀၁၈ ခုနှစ်တွင်လည်း ယခုဆုကို ထပ်မံရယူနိုင်ရန် ၎င်းအနေနှင့် ရည်မှန်းထားပါကြောင်း ဆာလားဟ်က ဖွင့်ဟပြောကြားသွားခဲ့သည်။

ဘီဘီစီသတင်းဌာနက ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး အာဖရိက ကစားသမားဆုကို ပရီးမီးယားလိဂ်ပြိုင်ပွဲ ကိုယ်စားပြုကစားသမားများက သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့သည်မှာလည်း ထူးခြားချက်တစ်ရပ်ဖြစ်နေပြီး ဆာလားဟ်မတိုင်မီတွင် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်၌ မန်စီးတီးကွင်းလယ်လူ ယာယာတိုရေးကလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် လက်စတာတိုက်စစ် တောင်ပံကစားသမား မာရက်ဇ်ကလည်းကောင်း ယခုဆုကို ရရှိခဲ့ကြဖူးသည်။ ■ E-11



# ပီအက်စ်ဂျီကို ရီးရဲလ်မက်ဒရစ် အနိုင်ကစားပြလိမ့်မည်ဟု အလွန်ဆို သုံးသပ်

Sport Mail

**မက်ဒရစ်၊ ဒီဇင်ဘာ ၁၂**

ရီးရဲလ်မက်ဒရစ်ကွင်းလယ်ကစားသမားဟောင်း ဇာဘီးအလွန်ဆိုသည် ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့်တွင် ရီးရဲလ်မက်ဒရစ်နှင့် ပီအက်စ်ဂျီတို့ ထိပ်တိုက်တွေ့သွားခဲ့ခြင်းမှာ လွန်စွာ စိတ်ဝင်စားဖွယ်ရာ အတွဲအဖက်တစ်ခုဖြစ်သည်ဟု မှတ်ချက်ပေးအပ်သွားခဲ့ပြီး ရီးရဲလ်မက်ဒရစ်မှာ လက်ရှိအချိန်တွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရသော်လည်း ပီအက်စ်ဂျီနှင့်ကစားရမည့်အချိန်သို့ရောက်ပါက ယင်းပွဲစဉ်အတွက် အဆင်သင့်အနေအထားတစ်ရပ်ကို ပိုင်ဆိုင်နေလိမ့်မည်ဟု အလွန်ဆိုက သုံးသပ်သွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

အလွန်ဆိုသည် ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်အတွက် ပြင်ဆင်ချိန်ကာလ နှစ်လကျော်ရရှိထားသည်ကို ရီးရဲလ်မက်ဒရစ်က ထိရောက်စွာ အသုံးချရန် ကြိုးပမ်းလိမ့်မည်ဟု ပြောကြားထားပြီး ပီအက်စ်ဂျီမှာ အသင်းကောင်းတစ်သင်းအဆင့်သို့ တက်လှမ်းရောက်ရှိလာခဲ့ပြီဖြစ်သော်လည်း ထိပ်သီးအသင်းကြီးများကို အားပြိုင်နိုင်ရန် လိုအပ်ချက်များရှိနေသေးကြောင်း အလွန်ဆိုက အသိပေးထားသည်။

ရီးရဲလ်မက်ဒရစ်သည် လက်ရှိအချိန်တွင် လာလီဂါအမှတ်ပေးဇယားရပ်တည်မှု၌ အဆင့်လေးနေရာသို့ ရောက်ရှိနေကာ ဦးဆောင်သူ ဘာစီလိုနာနှင့် ရမှတ်ရှစ်မှတ်ကွာဟနေပြီး ယင်းအနေအထားကိုလည်း ရီးရဲလ်မက်ဒရစ်က များမကြာမီအချိန်အတွင်း အလှည့်အပြောင်းတစ်ရပ် ပြန်လုပ်ပြလိမ့်မည်ဟု အလွန်ဆိုက ယုံကြည်ထားသည်။

ပီအက်စ်ဂျီနည်းပြ ယူနိုင်းအမ်မရီသည် ၎င်းတာဝန်ယူခွင့်ရသည့်အသင်းများကို ဦးဆောင်၍ ရီးရဲလ်မက်ဒရစ်အသင်းပိုင် ဘာနေဗျူးဘောလုံးကွင်းသို့ ပွဲစဉ် ၁၀ ပွဲ လာရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ယင်းပွဲစဉ် ၁၀ ပွဲတွင် ယူနိုင်းအမ်မရီ ဦးဆောင်သည့်အသင်းများမှာ နိုင်ပွဲလုံးဝမရရှိဘဲ တစ်ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်ကို ကြုံဆုံခဲ့ရသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် အလွန်ဆိုက "ပီအက်စ်ဂျီဟာ အဆက်မပြတ် တိုးတက်နေတဲ့အသင်းတစ်သင်းဆိုတာကို ကျွန်တော် လက်ခံပါတယ်။ ဒါပေမဲ့ ရီးရဲလ်မက်ဒရစ်ဟာ အဲ့ဒီလို စိန်ခေါ်မှုတွေကို အမြဲတစေ ကျော်ဖြတ်အနိုင်ယူလာခဲ့တဲ့အသင်းပါ။ ဘယ်လိုအကြောင်းမျိုးနဲ့မှ ပီအက်စ်ဂျီကို ရီးရဲလ်မက်ဒရစ် ထိတ်လန့်နေမှာ မဟုတ်ပါဘူး။ ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့်ကို ကစားရဖို့ကြားမှာ အချိန်ကာလအားဖြင့် နှစ်လလိုနေပါသေးတယ်။ ဒီနှစ်လဆိုတဲ့ အချိန်ကာလအတွင်း အရာရာဟာ အပြောင်းအလဲ ဖြစ်သွားနိုင်ပါတယ်။ သေချာတာက ပီအက်စ်ဂျီနဲ့ပွဲစဉ် ကစားရတော့မယ့် အချိန်ရောက်ရင် ရီးရဲလ်မက်ဒရစ်ကို ပြီးပြည့်စုံတဲ့ အနေအထားနဲ့ မြင်ကြရလိမ့်မယ်ဆိုတာပါပဲ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# မန်ယူ၏ကစားဟန်မှာ မော်ရင်ညို၏လက်ထက်တွင် ပို၍ ပျင်းစရာကောင်းလာကြောင်း ဗန်ဟားလ် ဝေဖန်

**မန်ချက်စတာ၊ ဒီဇင်ဘာ ၁၂**

လက်ရှိနည်းပြ မော်ရင်ညိုမတိုင်မီတွင် မန်ယူကို တာဝန်ယူခဲ့သည့် နည်းပြ ဗန်ဟားလ်သည် မန်ယူ၏ကစားဟန်မှာ ၎င်းတာဝန်ယူခဲ့စဉ်ကထက် မော်ရင်ညို၏ လက်ထက်တွင် ပို၍ပျင်းရိဖွယ်ရာကောင်းလာကြောင်း ဝေဖန်ပြောကြားသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

ဗန်ဟားလ်သည် ၎င်းအနေနှင့် မန်ယူကို တိုက်စစ်အားပြုသည့်ကစားဟန်ဖြင့်သာ ပုံဖော်ရန်သာ ကြိုးပမ်းခဲ့ကြောင်း ဖွင့်ဟအသိပေးသွားခဲ့ပြီး ၎င်း၏လက်ထက်တွင် မန်ယူမှာ ခံစစ်၌ ဘတ်စ်ကားထိုးသော နည်းစနစ်ဖြင့် ကစားခဲ့သောပွဲစဉ်ဟူ၍ တစ်ပွဲမျှ မရှိခဲ့ပါကြောင်းလည်း ဗန်ဟားလ်က ပြောကြားထားသေးသည်။

ဗန်ဟားလ်သည် ၎င်းတာဝန်ယူခဲ့စဉ်ကာလ၌ မန်ယူက တိုက်စစ်ဆင်သည့်အတွက် ပြိုင်ဘက်အသင်းများသာ ဘတ်စ်ကားထိုးခဲ့ရကြောင်း ထောက်ပြသွားခဲ့ပြီး မော်ရင်ညိုလက်ထက်တွင်မူ ပြိုင်ဘက်များက တိုက်စစ်ကစားကာ မန်ယူမှာ ခံစစ်အားပြုရသည့်ဘဝသို့ရောက်နေကြောင်း ၎င်းက ထပ်လောင်း အသိပေးသွားခဲ့သေးသည်။



Getty Images

မန်စီးတီးက မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် မန်ချက်စတာဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် မန်ယူနည်းပြ မော်ရင်ညို၏ခံစစ်အားပြုလွန်း သည့်ကစားဟန်ကို ဝေဖန်မှုများ လွန်စွာမြင့်တက်လာခဲ့ပြီဖြစ်ပြီး မန်ယူအသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ ဂယ်ရီနဗီးလ်ကလည်း မန်ချက်စတာဒါဘီပွဲစဉ်တွင် မန်ယူ၏ကစားပုံမှာ မန်စီးတီးထက် လွန်စွာ ညံ့ဖျင်းလွန်းကြောင်း၊ ရှုံးသင့်ရှုံးထိုက်၍ ရှုံးလိုက်ရခြင်းသာဖြစ်ကြောင်း မှတ်ချက်ပေးထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဗန်ဟားလ်က "ကျွန်တော်တို့ဟာ ကိုယ့်မှန်မယ်လို့ ထင်မြင်ယူဆတဲ့ နည်းစနစ်တွေနဲ့ ဘောလုံးပွဲတွေကို ချဉ်းကပ်ကြတာပါပဲ။ ဒါပေမဲ့ အင်္ဂလိပ်အသင်းတစ်သင်းကို တာဝန်ယူရင် အင်္ဂလိပ်ဘောလုံးလောကနဲ့ကိုက်ညီတဲ့ ကစားဟန်ကိုပဲ အသက်သွင်းသင့်ပါတယ်။ ကျွန်တော်ဟာ မန်ယူကို တာဝန်ယူခဲ့စဉ် ကာလတစ်လျှောက်လုံး ပရိသတ်ကို ဖျော်ဖြေမှုပေးနိုင်ဖို့ကိုပဲ ကြိုးစားခဲ့တာပါ။ တိုက်စစ်ကစားဖို့ ကြိုးစားခဲ့တယ်။ ပြိုင်ဘက်ကို ခံစစ်ဇုန်ထဲက လုံးဝထွက်မရအောင် လုပ်ထားဖို့ကိုပဲ ရည်ရွယ်ခဲ့ပါတယ်။ မော်ရင်ညိုလက်ထက်မှာတော့ အရာအားလုံးက ပြောင်းပြန်ဖြစ်သွားခဲ့ပါပြီ။ မန်ယူက ခံစစ်ကစားပြီး သူနဲ့တွေ့တဲ့ အသင်းတိုင်းက တိုက်စစ် ကစားနေတယ်ဆိုတာဟာ ဘယ်လိုမှကို မဖြစ်သင့်တဲ့အခြေအနေတစ်ရပ်ပါပဲ"ဟု ပြောကြားသွားခဲ့သည်။

■ E-11




ပုဂ္ဂိုလ်ကျော်ကြီးများ၏ လိင်လက်သရမ်း၊ နှုတ်သရမ်းမှုများကို အမျိုးသမီးများက ဆက်တိုက်ဖော်ထုတ် ပြောဆိုနေကြသည်

# ထရမ့်ကိုစွပ်စွဲထားသော လိင်နှောင့်ယှက်မှုများအား ကွန်ဂရက်က ကြားနာပေးရန် အမျိုးသမီးသုံးဦးတောင်းဆို

**နယူးယောက်၊ ဒီဇင်ဘာ ၁၂**

သမ္မတဒေါ်နယ်ထရမ့်၏ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို ခံခဲ့ရသည်ဟု စွပ်စွဲပြောကြားထားသော အမျိုးသမီးသုံးဦးက ကွန်ဂရက်စစ်ဆေးကြားနာမှုကို လိုလားပါကြောင်း မီဒီယာများကို ပြောကြားခဲ့သည်။




နယူးယောက်မြို့တော်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အဆိုပါ အမျိုးသမီးသုံးဦးက မစ္စတာထရမ့်၏ ဟိုကိုင် ဒီကိုင်လုပ်ခြင်း၊ ပွတ်သပ်ခြင်း၊ ဖက်နမ်းခြင်း၊ ထိကပါးရိကပါးလုပ်ခြင်း စသည်တို့ကို စွပ်စွဲထားခြင်းဖြစ်သည်။

ဂျက်ဆီကာလိဒ်စ်၊ ဆမန်သာဟိုဗေးနှင့် ရေချယ်ခရွတ်စ်ဟု အမည်ရသည့် အမျိုးသမီးများက ထရမ့်သည် ၎င်းတို့အပေါ် ပြုကျင့်ခဲ့သည်ဆိုသည်များကို အသေးစိတ်ပြောပြခဲ့သည်။

အဆိုပါအမျိုးသမီးများက မဟုတ်တမ်းတရားများ ပြောနေကြသည်ဟု အိမ်ဖြူတော်ထုတ်ပြန်ချက်က ဆိုသည်။

ပြီးခဲ့သည့်လက အမျိုးသမီး ၁၆ ယောက်နှင့် ဒေါ်နယ်ထရမ့် (16 Women and Donald Trump) ဆိုသည့် မှတ်တမ်းရုပ်ရှင်ကို ထုတ်လုပ်ခဲ့သည့် Brave New Films က အဆိုပါ သတင်းစာရှင်းလင်းပွဲကို စီစဉ်ပေးခြင်းဖြစ်သည်။

ယခင်ထွက်ရှိဖူးသော မှတ်တမ်းဗီဒီယိုတွင်လည်း အမျိုးသမီးများစွာက သမ္မတထရမ့်ကို စွပ်စွဲခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ထွက်ပြောသောအမျိုးသမီးသုံးဦးသည် အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်ခင်ကတည်းက အများပြည်သူရှေ့တွင် အဆိုပါ စွပ်စွဲချက်များကို ပြောကြားခဲ့ဖူးသည်။

ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူ ဟာဗေးဝိုင်းစတိန်း၏ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်ပြုမှုများကို ကြုံရဖူးသော အမျိုးသမီးများက အများပြည်သူရှေ့မှောက်တွင် ပြောဆိုထုတ်ဖော်ခဲ့မှုများ ရှိခဲ့ပြီးနောက် ထရမ့်အကြောင်းကိုလည်း ထုတ်ဖော်သူ အမျိုးသမီးများ ပြန်ပေါ်လာခြင်းဖြစ်သည်။

၂၀၀၆ ခုနှစ် အမေရိကမယ်ရွေးပြိုင်ပွဲအတွင်းကလည်း ထရမ့်သည် ၎င်းနှင့် အခြားပြိုင်ပွဲဝင်များကို နှာဘူးကျခြင်းများ ပြုလုပ်ခဲ့ဖူးကြောင်း ဟိုဗေးဆိုသူအမျိုးသမီးက ပြောဆိုသွားသည်။

အမေရိကမယ်ရွေးပွဲ အစီအစဉ် ပြုလုပ်သည့် ကုမ္ပဏီကို ထရမ့်က ပိုင်ဆိုင်ထားသည်။




အလှမယ်များကို တန်းစီရပ်ခိုင်းကာ အသားတွဲများကို ကြည့်သကဲ့သို့ ထရမ့်က လိုက်လံကြည့်ရှုခဲ့သည်ဟု ထိုစဉ်က အသက် ၂၀ ခန့်သာရှိသေးသော မြောက်ကယ်ရိုလိုင်းနား အလှမယ်ဟောင်း ဆမန်သာဟိုဗေးက ဆိုသည်။

■ F-02

## ALSO IN NEWS

# အီဖဲလ်တာဝါနဲ့ချိတ်ထားတဲ့ ပေနှစ်ထောင်ကျော် ကောင်းကင်ကြိုးပေါ် လမ်းလျှောက်ပြသူ

ပုံစံအမျိုးမျိုးရူးသွပ်စွာနဲ့ လုပ်ရှားစွန့်စားနေကြသူတွေ လောကမှာ အများကြီးရှိပါတယ်။ သာမန်အတိုင်း နေထိုင်တွေးတောကျင့်ကြံသူတွေကတော့ သူတို့ကို ရူးသွပ်သူတွေလို့ ဆိုကြမှာပဲ။ အသက်စွန့်ပြီး ရေခဲတောင်ထိပ်တက်သူတွေ၊ ကောင်းကင်တာဝါအမြင့်ကြီးတွေကို တွယ်တက်သူတွေ စသဖြင့် လူစွန့်စားတွေ အကြိမ်ကြိမ်ပေါ်ပေါက်ခဲ့ပါတယ်။ အခုလည်း ပြင်သစ်နိုင်ငံမှာ လူစွန့်စားတစ်ဦးဟာ ထရိုကာဒီယိုရင်ပြင်ကနေ အီဖဲလ်တာဝါပေါ်အထိ သွယ်တန်းထားတဲ့ ကောင်းကင်ကြိုးပေါ်ကနေ လမ်းလျှောက်ပြတဲ့ စွန့်စားမှုကို ပြုလုပ်ခဲ့တာပါ။ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ နေသန်ပေါလင်းဆိုသူဟာ အမြင့်ပေ ၂၃၀ မှာ သွယ်တန်းထားတဲ့ အဆိုပါကြိုးပေါ်ကနေ အကွာအဝေး ပေ ၂၀၀၀ ကျော်ကို လမ်းလျှောက်ပြပြီး စံချိန်ချိုးခဲ့တာဖြစ်ပါတယ်။ စိန်းမြစ်ပေါ်ကနေ သွယ်တန်းထားတဲ့ အဆိုပါကြိုးပေါ်ကနေ သူက စွန့်စား လမ်းလျှောက်ပြခဲ့တာဖြစ်ပါတယ်။ ပေါလင်းဟာ အဆိုပါစွန့်စားမှုကို ပြုလုပ်ပြပြီးတော့ ပရဟိတအဖွဲ့တစ်ဖွဲ့အတွက် ရန်ပုံငွေ ရှာပေးခဲ့တာဖြစ်ပါတယ်။ ■ F-02



# မြို့တွင်းခရီးစဉ်တစ်ခုကို ဒေါ်လာ ၁၄,၀၀၀ ကျသွားတဲ့ ကနေဒါက Uber အငှားယာဉ်

နည်းပညာနဲ့ ပို့ဆောင်ရေးကို ပူးပေါင်းထားတဲ့ ခေတ်သစ်စမတ်နည်းပညာသုံး App တွေကြောင့် ကားငှားရတာအဆင်ပြေသွားပါပြီ။ ဒါပေမဲ့ နည်းပညာပစ္စည်းတွေရဲ့ အမှားအယွင်းတွေလည်း ရှိတတ်တာကို ကနေဒါက ဖြစ်ရပ်တစ်ခုက ပြသနေပါတယ်။ ကနေဒါနိုင်ငံ တိုရွန်တိုမြို့သားတစ်ဦးဟာ Uber App ကိုအသုံးပြုပြီး မြို့တွင်းခရီးစဉ် ကားငှားစီးခဲ့ပါတယ်။ Uberဆိုတာ မြို့ကြီးတွေမှာ ကားငှားစီးဝန်ဆောင်မှုပေးနိုင်တဲ့ နိုင်ငံတကာသုံး မိုဘိုင်းလ်App ဖြစ်ပါတယ်။ သာမန်အားဖြင့် ၁၂ ဒေါ်လာကနေ ၁၆ ဒေါ်လာအထိပဲ ကျတတ်တဲ့ ငါးမိုင်အကွာအဝေးရှိ အဆိုပါခရီးစဉ်ကို ဘယ်လောက် များကုန်ကျသွားတယ် ထင်ပါသလဲ။ ကနေဒါဒေါ်လာ တစ်သောင်းရှစ်ထောင်လောက် ကျသွားခဲ့တာတော့ တော်တော်လွန်သွားပါပြီ။ အမေရိကန်ဒေါ်လာ ၁၄,၀၀၀ ကျော် ကျသွားခဲ့ပြီး မြန်မာငွေနဲ့တွက်မယ်ဆို သိန်းတစ်ရာခြောက်ဆယ်လောက်ရှိပါ လိမ့်မယ်။ ခရီးသည်ဟာ အဆိုပါကျသင့်ငွေကို မိုဘိုင်းလ်ဖုန်း ပုံရိပ် ဖမ်းရိုက်ကူးပြီး Instagram ပေါ် တင်ထားခဲ့ပါတယ်။ Uber က အဆိုပါငွေကို ပြန်အမ်းထုတ်ပေးပါ့မယ်လို့ ပြန်လည်ပြောကြားခဲ့ပါတယ်။ ■ F-02

